
စိတ်ကူးချိုချိုစာပေ
mgyoe.com

မောင်ထွန်းသူ

# စိတ်ထားဝတီ

# UP FROM SLAVERY

BOOKER T. WASHINGTON



designed by tin htoon

ဒုတိယအကြိမ်

mgyoe.com


mgyoe.com

# မောင်ထွန်းသူ

# စိတ်ထားဝတီ

## UP FROM SLAVERY

## BOOKER T. WASHINGTON



TUN0071

3,500.00 KS

စိတ်ထားဝတီ၊ မောင်ထွန်းသူ
မျက်နှာဖုံးပန်းချီ - တင်ထွဏ်း
စာမျက်နှာ ၂၇၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဧပြီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၄ ကောင်းကင်ပြာစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်


# စိတ်ထားဝတီ

# UP FROM SLAVERY

## Booker T. Washington

## မောင်ထွန်းသူ

မြန်မာပြန်




ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

## ကျွန်များကြားမှ ကျွန်တစ်ယောက်

ကျွန်တော့်အား ဗာဂျီးနီယားပြည်နယ်၊ ဖရန်ကလင် ကောင်တီခရိုင် အတွင်းရှိ စိုက်ပျိုးခြံကြီးတစ်ခြံ၌ ကျွန်တစ်ယောက်အဖြစ်ဖြင့် မွေးဖွားခဲ့ပါသည်။

ဖွားမြင်ခဲ့သည့်နေရာနှင့် ဖွားမြင်ခဲ့သည့် နေ့ရက်များကို ကျွန်တော် အတိအကျမသိပါ။

ကျွန်တော်သည် တစ်ချိန်ချိန်တွင် တစ်နေရာရာ၌ မွေးဖွားလာခဲ့သည့် လူတစ်ယောက်ဟုသာ ပြောရပါလိမ့်မည်။

ကျွန်တော် လူလားမြောက်၍ မေးမြန်းစုံစမ်းတတ်သည့်အရွယ်သို့ ရောက်သောအခါ ကျွန်တော်သည် လမ်းဆုံလမ်းခွတစ်နေရာရှိ အေးလ်ဖို့စ်ဟု ခေါ်သော စာတိုက်အနီး၌ ၁၈၅၈ ခုနှစ် (သို့မဟုတ်) ၁၈၅၉ ခုနှစ် အတွင်းက မွေးဖွားလာခဲ့သူဖြစ်ကြောင်း သိလာရသည်။

မွေးဖွားသည့် လနှင့် ရက်ကိုတော့ ကျွန်တော် မသိရပါ။

ယခုအချိန်တွင် ကျွန်တော် မှတ်မိလာသည့်အရာမှာ စိုက်ပျိုးခြံကြီး တစ်ခြံနှင့် ယင်းခြံကြီးအတွင်းမှ ကျွန်အိမ်တန်း ဖြစ်ပါသည်။

mgyoe.com

ကျွန်အိမ်တန်းသည် စိုက်ပျိုးခြံကြီးနှင့် ဆက်လျက်ဖြစ်၍ ကျွန်များ နေထိုင်ရာ တဲများရှိပါသည်။

ကျွန်တော့်ဘဝသည် အလွန်စိတ်မချမ်းမြေ့ဖွယ်ကောင်းသော ဆင်းရဲဒုက္ခများဖြင့် ပြည့်လျှမ်းနေသော အလွန်အမင်း စိတ်အားငယ်စေသော ပတ်ဝန်းကျင်၏ အလယ်၌ အစပြုခဲ့ရခြင်း ဖြစ်ပါသည်။

ယင်းကဲ့သို့ ပြောခြင်းမှာ ကျွန်တော့်အား ပိုင်ဆိုင်ကြသည့် ကျွန်ပိုင်ရှင်များ ရက်စက်၍ မဟုတ်ပါ။

အခြားအခြားသော ကျွန်ပိုင်ရှင်များနှင့် နှိုင်းယှဉ်ကြည့်လိုက်သည့်အခါ ကျွန်တော့် ကျွန်ပိုင်ရှင်များသည် မဆိုးကြပါ။

ကျွန်တော့်အား မွေးဖွားခဲ့သည့်တဲမှာ သစ်လုံးတဲ တစ်တဲဖြစ်၍ အကျယ်အဝန်းသည် ဆယ့်လေးပေ ဆယ့်ခြောက်ပေမျှသာ ရှိပါသည်။

ထိုတဲအတွင်း၌ ကျွန်တော်သည် ကျွန်တော့် အမေ၊ ကျွန်တော့် အစ်ကို၊ ကျွန်တော့် အစ်မတို့နှင့် ပြည်တွင်းစစ်ကြီးပြီးဆုံး၍ ကျွန်တော်တို့ ကျွန်အားလုံးကို ကျွန်ဘဝမှ လွတ်လပ်ခွင့် ပေးလိုက်ပြီဟု ကြေညာချိန်အထိ နေခဲ့ရပါသည်။

ကျွန်တော်သည် ကျွန်တော်၏ မိဘရိုးရာ အဆက်အနွယ်နှင့်ပတ်သက်၍ ဘာမှ မသိပါ။

ကျွန်အိမ်တန်းအတွင်း၌ နေထိုင်ခဲ့ရသည့် ကာလအတွင်း ကျွန်တော်သည် လူမည်းများကြား၌ တီးတိုးပြောနေသည့် စကားများကို ကြားခဲ့ရပါသည်။

သူတို့ပြောနေကြသည်များမှာ အာဖရိကမှ အမေရိကသို့ သယ်ဆောင်လာသည့် သင်္ဘောပေါ်၌ ကျွန်များ မည်ကဲ့သို့ အနှိပ်စက်ခံရသည့် အကြောင်းများ ဖြစ်ပါသည်။

သူတို့ ပြောကြသည့်အထဲတွင် ကျွန်တော့် အမေဘက်မှ ဘိုး၊ ဘွား၊ ဘီ၊ ဘင်များ အနှိပ်စက်ခံခဲ့ရသည့် အကြောင်းများလည်း ပါပါသည်။

ကျွန်တော့် မိသားစု၏ မျိုးရိုး အဆက်အနွယ်နှင့်ပတ်သက်၍ ကျွန်တော် လေ့လာစုံစမ်းပါသော်လည်း ဘာတစ်ခုမှ မရပါ။

ကျွန်တော့် အမေမှလွဲ၍ အမေ၏ ဘိုးစဉ် ဘောင်ဆက်အကြောင်းကို

mgyoe.com

mgyoe.com


ကျွန်တော် လုံးဝ မသိခဲ့ပါ။

ကျွန်တော်မှတ်မိသလောက်ဆိုပါက ကျွန်တော့်အမေတွင် ဝမ်းကွဲအစ်ကိုနှင့် ဝမ်းကွဲအစ်မတစ်ယောက်ရှိသည်ဟု သိရသည်။

ဤမျှသာလျှင် သိခဲ့ရပါ၏။ တကယ်တော့လည်း ကျွန်စနစ်တည်ရှိနေသည့်အချိန်က မည်သူကမှ လူမည်းမိသားစုများ၏ သမိုင်းကြောင်းကို လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း မပြုခဲ့ကြပါ။

ယင်းကဲ့သို့ ပြုလုပ်ရန်လည်း မည်သူကမှ စိတ်ဝင်စားခြင်း မရှိခဲ့ကြပါ။

ကျွန်တော် လေ့လာသိရှိသလောက်ဆိုပါက ကျွန်တော့်အမေသည် သူနှင့်ကျွန်တော့်အား ပိုင်ဆိုင်ခဲ့သည့် ကျွန်ပိုင်ရှင်၏ စိတ်ဝင်စားမှုကို ရရှိခဲ့သဖြင့် ဝယ်ယူခြင်း ခံခဲ့ရသည်။

အဖေနှင့် ပတ်သက်၍မူ ကျွန်တော် ဘာမှမသိပါ၊ နာမည်ကိုပင် ကျွန်တော် မသိပါ။

လူပြောသူပြောနှင့် သိလာရသည့် အတိုင်းဆိုပါက ကျွန်တော့် အဖေသည် ကျွန်တော်တို့နေထိုင်ရာ စိုက်ပျိုးခြံကြီးအနီးရှိ စိုက်ပျိုးခြံတစ်ခြံ၌ နေထိုက်လျက်ရှိသော လူဖြူတစ်ယောက်ဖြစ်သည်။

သူ ဘယ်သူပဲဖြစ်ဖြစ်. . . ကျွန်တော်သိလာရသမျှ ပြောရလျှင် သူသည် ကျွန်တော့်အပေါ် စိတ်ဝင်စားခြင်းလည်း မရှိ။ ကျွန်တော့်အား မွေးကျွေးဖို့အတွက် တစ်ပြားတစ်ချပ်မျှ ကူညီထောက်ပံ့ခြင်းလည်း မပြု။ သို့သော်လည်း ကျွန်တော် သူ့ကိုအပြစ်မတင်ပါ။

တကယ်တော့ သူသည်လည်း ထိုအချိန်အခါက တစ်မျိုးသားလုံးလက်ခံကျင့်သုံးခဲ့သည့်စနစ်၏ ကံမကောင်း အကြောင်းမလှရှာသည့်သားကောင်တစ်ဦးဟုသာ မြင်ပါသည်။

သစ်တုံးတဲကို ကျွန်တော်တို့ မိသားစု၏ နေထိုင်ရာအိမ်အဖြစ်သာမဟုတ်၊ စိုက်ပျိုးခြံကြီး၏ မီးဖိုချောင်အဖြစ်ပါ အသုံးပြုရသည်။

ကျွန်တော့်အမေသည် စိုက်ပျိုးခြံကြီး၏ထမင်းချက်ဖြစ်ပါသည်။

ကျွန်တော်တို့တဲတွင် မှန်ပြတင်းပေါက် မရှိပါ။ ဘေးတစ်ဖက်တစ်ချက်တွင် အပေါက်များရှိ၍ ထိုအပေါက်မှ အလင်းရောင်သာ ဝင်သည်မဟုတ်။

mgyoe.com

mgyoe.com


တစ်ဆောင်းတွင်းလုံး အေးမြသောလေများ ဝင်ရာအပေါက်များ ဖြစ်ပါသည်။

သစ်တုံးတဲတွင် ဝင်ပေါက်တစ်ပေါက်ရှိသည်။ ထိုဝင်ပေါက်တံခါးသည် တံခါးဟု ခေါ်နေရသော်လည်း တံခါးနှင့် မတူပါ။ ပတ္တာများ ပြုတ်နေသဖြင့် တွဲလောင်းကျလျက် ရှိရုံမျှမက တံခါးတွင် အပေါက်ကြီးတစ်ပေါက် ဖြစ်နေပါသည်။

သစ်တုံးတဲမှာ ကျဉ်းလွန်းလှသည်ဖြစ်ရာ နေလို့ထိုင်လို့ သက်သောင့် သက်သာမရှိသည့်နေရာ တစ်နေရာဖြစ်နေပါ၏။

တဲ၏ညာဘက်ထောင့် အောက်ခြေနားတွင် လေးထောင့်စပ်စပ် အပေါက်တစ်ပေါက်ရှိရာ ထိုအပေါက်ကို "ကြောင်ဝင်ပေါက်" ဟု ခေါ်ကြသည်။

အကျယ်မှာ ငါးဆယ့်ခြောက်လက်မခန့်ရှိ၍ တစ်ညလုံး ကြောင်ဝင်နိုင် ထွက်နိုင်အောင် ဖောက်လုပ်ပေးထားခြင်းဖြစ်သည်။

ထိုခေတ်အခါက ဗာဂျီးနီးယားပြည်နယ်အတွင်းရှိ အိမ်တိုင်း တဲတိုင်း၌ ထားလေ့ရှိသည့် အပေါက်ဖြစ်ပါသည်။ ကျွန်တော်ကတော့ ကျွန်တော်တို့ တဲကို အပေါက်တွေ ဗရပွဖြစ်နေသည့်တဲတွင် ဘာကြောင့် ကြောင်ဝင်ပေါက် ဟူ၍ သီးသန့်ထားပေးရသည်ကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့တဲတွင် သစ်သားကြမ်းခင်းမရှိပါ။ မြေပြင်ကိုသာ ကြမ်းခင်းအဖြစ် အသုံးပြုကြရသည်။

တဲ၏အလယ်တည့်တည့် မြေပြင်ပေါ်တွင် ပျဉ်ချပ်များဖုံးထားသည့် ခပ်ကျယ်ကျယ်၊ ခပ်နက်နက် တွင်းကြီးတစ်တွင်းရှိသည်။

ထိုတွင်းကြီးသည် ဆောင်းရာသီတွင် ကန်စွန်းဥများ သိုလှောင်ရာ တွင်းကြီးဖြစ်သည်။

ကျွန်တော် ထိုတွင်းကြီးကို မှတ်မိနေသည်မှာ တခြားကြောင့်မဟုတ်။ ကန်စွန်းဥများ ထည့်နေခိုက်နှင့် ထုတ်ယူနေခိုက်တွင် ကန်စွန်းဥတစ်ဥ၊ နှစ်ဥ ကို ကျွန်တော် ရတတ်သည်။ ရသည့်အခါတိုင်း မီးဖုတ်၍ စားလေ့ရှိ၏။ စားတိုင်းလည်း မမေ့နိုင်လောက်အောင်ပင် အရသာထူးလှပါသည်။

ကျွန်တော်တို့ စိုက်ပျိုးခြံတွင် ထမင်းဟင်းချက်ပြုတ်စရာ မီးဖိုဟူ၍

mgyoe.com

mgyoe.com


သီးခြားမရှိပါ။ လူဖြူများနှင့် ကျွန်များအတွက် အစားအစာ ချက်ပြုတ်ပေးရသော အမေသည် တဲ၏အလယ်တွင် မီးဖိုဧ၍ဟင်းအိုးများနှင့် ဒယ်အိုးများကို အသုံးပြုကာ ချက်ရပြုတ်ရသည်။

ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသော တဲအတွင်း၌ နေရသည်မှာ သက်သောင့်သက်သာမရှိပါ။

ဆောင်းရာသီဆိုလျှင် ကျွန်တော်တို့မိသားစုသည် အအေးဒဏ်ကို ပြင်းထန်စွာခံကြရသည်။

နွေရာသီဆိုလျှင် အစားအသောက် ချက်ပြုတ်နေသည့် မီးဖိုကြောင့် အပူဒဏ်ကို ပြင်းထန်စွာခံကြရပါသည်။

ထို သစ်တုံးတဲငယ်ကလေးအတွင်း၌ အချိန်ကုန်ခဲ့ရသည့် ကျွန်တော်၏ စောစောပိုင်းဘဝသည် အခြားထောင်ပေါင်းများစွာသော ကျွန်များ၏ ဘဝနှင့်ခြားနားခြင်းမရှိပါ။ နေ့ပိုင်းဆိုလျှင် အမေသည် တစ်နေကုန်တစ်နေခန်း အလုပ်နှင့်လက်နှင့်မပြတ်အောင် အလုပ်များလှသည်ဖြစ်ရာ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများအား လုံးဝအာရုံမစိုက်နိုင်ပါ။

သူ့အလုပ်များကို မလုပ်မီ မနက်စောစောပိုင်းတွင် အချိန်အနည်းငယ်မျှ ရသည်ဖြစ်ရာ ထိုအချိန် မဖြစ်စလောက်တွင် အမေသည် ကျွန်တော်တို့အား ဂရုတစိုက် ပြုစုစောင့်ရှောက်လေ့ရှိပါသည်။

သူ၏တစ်နေ့တာ အလုပ်များပြီးစီး၍ ညပိုင်းရောက်သည့်အခါတွင်မူကား သူ တတ်အားသရွေ့ အစွမ်းကုန် ပြုစုစောင့်ရှောက်ခြင်း ပြုပါသည်။

ကျွန်တော့်စိတ်တွင် စွဲထင်နေလောက်အောင် မှတ်မိနေသည့် အရာတစ်ခု ရှိပါသည်။ ယင်းမှာ အခြားမဟုတ်။ တစ်ညတွင် အမေသည် အတော်ကြီး ညဥ့်နက်ခါမှ ကြက်တစ်ကောင်ကိုချက်ပြီး ကျွန်တော်တို့အား အိပ်ရာမှနှိုး၍ ကျွေးခြင်းဖြစ်ပါသည်။

အမေ ထိုကြက်ကို ဘယ်နေရာက ဘယ်လိုရလာမှန်း ကျွန်တော်မသိပါ။ သို့သော်လည်း ထိုကြက်သည် ပိုင်ရှင်များ၏ကြက်ခြံမှ ယူလာသည့် ကြက်ဖြစ်လိမ့်မည်ဟု ကျွန်တော်ယူဆပါသည်။

အချို့လူများကတော့ ဤလုပ်ရပ်ကို ခိုးမှုကျူးလွန်ခြင်းဖြစ်သည်ဟု ဆိုကြပါလိမ့်မည်။ ယခုလို အချိန်ကာလမျိုးတွင် ဤလုပ်ရပ်ကို တွေ့မြင်

mgyoe.com

mgyoe.com


သိရှိခဲ့ရပါမူ ကျွန်တော်ကိုယ်တိုင်ကလည်း ခိုးခြင်းဖြစ်သည်ဟု စွပ်စွဲကာ ပြစ်တင်ရှုတ်ချမိမည် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ. . . ထိုစဉ်ကတော့ အမေ ဘာကြောင့် အခုလိုလုပ်ရသည်ကို ကောင်းစွာသိနေသော ကျွန်တော်သည် အမေ့အား ခိုးမှုကျူးလွန်သည်ဟု ကျွန်တော်မယူဆနိုင်ပါ။ အမေ့အား ခိုးမှုကျူးလွန်သည်ဖြစ်၍ အပြစ်ရှိသည်ဟု ပြောလာကြပါကလည်း ကျွန်တော် လက်ခံနိုင်လိမ့်မည် မဟုတ်ပါ။

အမှန်တော့ အမေသည် ကျွန်စနစ်၏ သားကောင်တစ်ယောက် ဖြစ်ခဲ့ရခြင်းမျှသာ ဖြစ်ပါ၏။

ကျွန်တော်မှတ်မိနေသမျှဆိုပါက "ကျွန်ဘဝမှ လွတ်မြောက်ခွင့် အမိန့်" ထွက်ပေါ်လာချိန်အထိ ကျွန်တော်တို့မိသားစုသည် အိပ်ရာအိပ်ခင်းနှင့် နွေးနွေးထွေးထွေး မအိပ်ခဲ့ရပါ။

ကလေးသုံးယောက်ဖြစ်သော ကျွန်တော့်အစ်ကို ဂျွန်၊ ကျွန်တော့်အစ်မ အေမန်ဒါနှင့် ကျွန်တော်သည် မြေကြီးပေါ်၌ ခင်းထားသည့် ကောက်ရိုးဖျာအစုတ်တစ်ချပ်ပေါ်၌ အိပ်ကြရသည်။

ပို၍တိကျမှန်ကန်အောင် ပြောရမည်ဆိုပါမူ ကျွန်တော်တို့သည် ကောက်ရိုးဖျာပေါ်၌ ခင်းထားသည့် အလွန်ညစ်ပတ်ပေရေနေသည့် အဝတ်စုတ်များကြား၌ အိပ်ကြရခြင်းဖြစ်ပါသည်။

ကျွန်တော် လူကြီးဖြစ်လာသည့်အခါ အချို့သော ပုဂ္ဂိုလ်များက ကျွန်တော်ငယ်စဉ်က ဘယ်လိုအားကစားမျိုး ကစားခဲ့ဖူးသလဲဟု မေးကြသည်။

အမှန်အတိုင်းပြောရလျှင်. . . ထိုမေးခွန်း အမေးခံရချိန်အထိ ကျွန်တော်သည် မည်သည့်အားကစားမျိုးကိုမှ မကစားခဲ့ဖူးပါ။ ကျွန်တော့်ဘဝတွင် ကစားခြင်းကို မက်မောတွယ်တာခဲ့ရသည့် အချိန်ဟူ၍ လုံးဝမရှိခဲ့ဖူးပါ။

ကျွန်တော် ငယ်စဉ်ကဆိုလျှင် နေ့စဉ်နေ့တိုင်း အလုပ်တစ်ခုခုလုပ်ရင်းဖြင့်သာ အချိန်ကုန်ခဲ့ရသည်။ အခုလို လူကြီးဖြစ်လာချိန်တွင် ငါ ငယ်ငယ်ကသာ ကစားဖို့ အချိန်ရခဲ့ပါက လူ့အဖွဲ့အစည်းအတွက် ပို၍အသုံးဝင်သော လူတစ်ယောက် ဖြစ်လာနိုင်ဖွယ်ရာ ရှိသည်ဟု မကြာခဏ တွေးမိပါသည်။

mgyoe.com

mgyoe.com

ကျွန်ဘဝတွင် နေခဲ့ရစဉ်က ကျွန်တော်သည် အလုပ်များများ လုပ်နိုင်သည့်အရွယ် မဟုတ်သေးပါ။ သို့သော်လည်း ကျွန်တော်သည် အချိန်ရှိသမျှ အလုပ်နှင့်လက်နှင့် ပြတ်သွားသည်ဟု မရှိခဲ့ပါ။

နေ့စဉ်နှင့်အမျှ ခြံဝင်းအတွင်း၌ အမှိုက်လှည်းခြင်း၊ ယာတောရှိ အလုပ်သမားများ သောက်ရေပို့ပေးရခြင်း၊ စက်ရုံသို့ သွားရခြင်း စသော အလုပ်များဖြင့် ပိနေသဖြင့် အားလပ်ချိန်ဟူ၍ မရှိပါ။ စက်ရုံသို့သွားရသည်မှာ တစ်ပတ်လျှင် တစ်ကြိမ်သွားရခြင်းဖြစ်၍ ဂျုံများကိုကြိတ်ရန် သွားပို့ပေးရခြင်း ဖြစ်ပါသည်။

စက်ရုံမှာ ကျွန်တော်တို့ စိုက်ပျိုးခြံကြီးနှင့်သုံးမိုင်ခန့်ဝေးသည်။ စက်ရုံသို့ သွားရသည့်အလုပ်ကို ကျွန်တော် ကြောက်လှပါသည်။ စက်ရုံသို့ သွားသည့်နေ့တွင် ကျွန်တော်သည် လေးလံလှသည့် ဂျုံစေ့အိတ်များကို မ၍၊ မြင်း၏ကျောပေါ်သို့ခွပြီး တင်ရသည်။ တင်သည့်အခါ ဟိုဘက်သည်ဘက် နှစ်ဖက်စလုံးအလေးချိန်ညီမျှနေအောင် အထူးဂရုစိုက်၍ တင်ရပါသည်။

မည်မျှပင် ဂရုစိုက်၍ တင်စေကာမူ ခရီးထွက်လာသည့်အခါ မြင်း၏လှုပ်ရှားမှုကြောင့် မြင်း၏ကျောပေါ်မှ ဂျုံအိတ်များသည် နေရာရွေ့ရွေ့သွားတတ်သည်။

ထိုအခါ နှစ်ဖက်အလေးချိန် မညီမမျှဖြစ်လာသော ဂျုံအိတ်များသည် မြင်း၏ ကျောပေါ်မှ လျှောကျကုန်တတ်သည်။ ဂျုံအိတ်များကျသည့်အခါ ကျွန်တော်ပါ ကျသွားတတ်ပါသည်။

ဂျုံအိတ်များ ကျပြီဆိုလျှင် ကျွန်တော် ဒုက္ခရောက်ရပါတော့သည်။ ဂျုံအိတ်များကိုမ,၍ မြင်းပေါ်သို့ ပြန်တင်ရန်မှာ ကျွန်တော့်လို ကလေးတစ်ယောက်အဖို့ လွယ်ကူသည့်ကိစ္စမဟုတ်ပါ။ ကျွန်တော့်အနေဖြင့် လမ်းသွားလမ်းလာ တစ်ယောက်ယောက်ကိုသာ စောင့်မျှော်ရပါသည်။ တစ်ခါတစ်ရံ နာရီပေါင်းများစွာ ကုန်သည်အထိ စောင့်နေရတတ်ပါသည်။

ကံကောင်းထောက်မ၍ လူတစ်ဦးတစ်ယောက် ရောက်လာခါမှ ယင်းဒုက္ခမှ ကျွန်တော်လွတ်မြောက်ရပါသည်။ အများအားဖြင့်တော့ ယင်းအဖြစ်မျိုးနှင့်ကြုံ၍ လူတစ်ယောက်ရောက်အလာကို စောင့်ရတိုင်း ကျွန်တော်သည် စိတ်ပျက်ပျက်နှင့်ထိုင်၍ ငိုနေသည်က များပါသည်။

mgyoe.com

mgyoe.com

ယင်းကဲ့သို့ဖြစ်သည့်အခါများတွင် ကျွန်တော်သည် စက်ရုံသို့ အရောက် နောက်ကျသည်။

ထို့ကြောင့်လည်း ကျွန်တော် ဂျုံများကြိတ်ပြီး၍ အိမ်ပြန်သည့်အခါ အရောက်နောက်ကျရပါသည်။

ညပိုင်းကျမှ ပြန်ရောက်ရသည်ချည်း ဖြစ်သည်။ လမ်းပေါ်တွင် လူသွားလူလာ မရှိသလောက်နည်းသည်။

မကြာခဏ တောအုပ်များအတွင်းမှ ဖြတ်သန်းသွားရသောခရီးဖြစ်၍ အမြဲတစေ ထိတ်လန့်နေရသည်။

သစ်တောများအတွင်း၌ စစ်တပ်မှ ထွက်ပြေးလာကြသည့် တပ်ပြေးများနှင့် ပြည့်နေတတ်ကြောင်း၊ တပ်ပြေးတစ်ယောက်ယောက်နှင့် တွေ့လျှင် နားရွက်များကို အဖြတ်ခံရလိမ့်မည်ဖြစ်ကြောင်း စသည့်စကားများကို ကြားဖူးထားသဖြင့် ထိတ်လန့်ကြောက်ရွံ့ရခြင်းဖြစ်၏။

ထို့ပြင်လည်း ဂျုံစက်မှ အပြန်နောက်ကျသည့်အခါတိုင်း အဆူအပူ အကြိမ်းအမောင်းခံရရုံမျှမက ကြိမ်နှင့်ရိုက်ခြင်းကိုပါ ခံရတတ်သည်မဟုတ်ပါလား။

ကျွန်တစ်ယောက်ဖြစ်သော ကျွန်တော်သည် ကျောင်းမနေရပါ။ ကျွန်တော် မှတ်မိသလောက်ဆိုလျှင် ကျွန်ပိုင်ရှင်၏ သမီးတစ်ယောက် ကျောင်းတက်သည့်အခါ စာအုပ်များကိုသယ်၍ လိုက်ပို့ပေးရသဖြင့် ကျောင်းပေါက်နားအထိတော့ မကြာမကြာ ရောက်ဖူးပါသည်။

ကျွန်တော်နှင့် သက်တူရွယ်တူ ယောကျ်ားကလေး၊ မိန်းကလေး အမြောက်အမြား စာသင်ခန်းထဲ၌ စာသင်နေကြသည်ကို ကြည့်၍ ကျွန်တော့်ရင်ထဲတွင် စာသင်ချင်စိတ် ပြင်းပြခဲ့ပါသည်။ သူတို့လို ကျောင်းနေရလျှင် မည်မျှ ကောင်းပါမည်နည်းဟူသော အတွေးသည် ကျွန်တော့် ဦးနှောက်ထဲတွင် ဝင်ရောက်ကျက်စားခဲ့ပါသည်။

ကျွန်တော်တို့လူမည်းအားလုံး ကျွန်များဖြစ်သည်ဟူသော အချက်နှင့် ကျွန်များအား လွတ်လပ်ခွင့်ပေးရေးအတွက် ဆွေးနွေးနေကြပြီဟူသော အချက်များကို ကျွန်တော် ပထမဆုံး နားလည်သိရှိခဲ့သည်မှာ တစ်မနက်တွင် ဖြစ်၏။

mgyoe.com

ထိုနေ့နံနက်က အမေသည် ကျွန်တော့်အား အိပ်ရာမှနှိုးသည်။ သားသမီးများနှင့်အတူ ဒူးထောက်ထိုင်ကာ ဘုရားသခင်အား အာရုံပြုသည်။

လင်ကွန်းနှင့် သူ့စစ်တပ်များက အနိုင်ရရှိကာ သူနှင့်သူ့သားသမီးများအား ကျွန်ဘဝမှ လွတ်မြောက်အောင် ကူညီစောင့်ရှောက်တော်မူပါဟု ဆုတောင်းသည်။

ထိုအချိန်အခါက တောင်ပိုင်းတစ်ပိုင်းလုံးရှိ လူမည်းကျွန်များသည် စာတတ်သူ မရှိသလောက် ရှားပါးလှပါသည်။

စာအုပ်များနှင့် သတင်းစာများကို လုံးဝ မဖတ်တတ်ကြပါ။

သို့သော်လည်း တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သည်အထိ လှုပ်ရှားလာစေသည့် အမျိုးသားရေးဆိုင်ရာ ပြဿနာများကို သူတို့ နားလည်နေကြရုံမျှမက ယင်းပြဿနာနှင့် ပတ်သက်နေသည့် သတင်းများကို အမြဲတစေ ရနေကြပါသည်။ သူတို့ ဘယ်လိုနည်းနှင့် သိကြရပါသနည်း။ ကျွန်တော် လုံးဝ နားမလည်ခဲ့ပါ။

မည်သို့ပင်ဖြစ်စေ. . . နီဂရိုး ကျွန်များသည် ဂါရစ်ဆန်နှင့် လပ်ဗ်ဂျိုင်းတို့က ကျွန်များလွတ်မြောက်ရေးအတွက် တောင်းဆိုလှုပ်ရှားလာချိန်မှစ၍ ဖြစ်ပေါ်လာသမျှ လှုပ်ရှားမှုများကို သိနေကြပါသည်။

ပြည်တွင်းစစ်ကြီးဖြစ်လာရန် တာစူနေသည့် အချိန်ကာလနှင့် ပြည်တွင်းစစ်ကြီးဖြစ်လာသည့် အချိန်ကာလ တစ်လျှောက်လုံးတွင် ကျွန်တော်သည် ကလေးတစ်ယောက်မျှသာ ဖြစ်သည်။

သို့သော်လည်း ညတိုင်းလိုလို ကျွန်တော့်အမေနှင့်အခြားကျွန်များ တီးတိုးပြောဆို ဆွေးနွေးနေကြသည့် စကားများကို ကျွန်တော် အမြဲကြားနေရသည်။ သူတို့၏စကားများကိုထောက်၍ အခြေအနေအရပ်ရပ်ကို သူတို့အားလုံးသိရှိ နားလည်နေကြသည်မှာ ထင်ရှားလှပါသည်။

ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ တခြားကြောင့် မဟုတ်ပါ။ "တစ်ယောက်စကား တစ်ယောက်နား ကြေးနန်း"ကြောင့် ဖြစ်ပါသည်။

လင်ကွန်း သမ္မတရွေးပွဲ ဝင်ရောက်နေချိန်တွင်လည်း ကျွန်တော်တို့ စိုက်ပျိုးရေးခြံအတွင်းမှ ကျွန်များသည် နိုင်ငံရေးအာမခံချက်များနှင့် ပတ်သက်၍ ဘယ်လိုအာမခံချက်တွေ ပေးနေသည်ဟူသော သတင်းကို အတိ

mgyoe.com

mgyoe.com


အကျ သိနေကြသည်။ မြောက်ပိုင်းနှင့်တောင်ပိုင်းကြား၌ ပြည်တွင်းစစ်ကြီး ဖြစ်လာသည့်အခါတွင်လည်း ကျွန်တော်တို့ စိုက်ပျိုးခြံအတွင်းမှ ကျွန်တိုင်းသည် ကျွန်စနစ် ဖျက်သိမ်းရေးသည် ပြည်တွင်းစစ်၏ အဓိကကျသော အချက် ဖြစ်သည်ကို နားလည်နေကြသည်။

ကျွန်တော်တို့သာ မဟုတ်။ ကျွန်တော်တို့ထက်ပို၍ အလှမ်းဝေးသော ဒေသများရှိ စိုက်ပျိုးခြံကြီးများမှ ကျွန်များသည်လည်း အခြေအနေမှန်ကို သိနေကြသည်။

အကယ်၍ မြောက်ပိုင်းကသာ အနိုင်ရခဲ့ပါမူ ကျွန်အားလုံး လွတ်မြောက်ခွင့် ရကြလိမ့်မည်ဟူသော အဓိကအချက်ကိုပါ နားလည်နေကြသည်။

ကျွန်အားလုံးသည် မြောက်ပိုင်းတပ်များ၏ အောင်ပွဲများနှင့် တောင်ပိုင်းတပ်များ၏ အရေးနိမ့်မှုများကို မျက်ခြည်မပြတ် နားစွင့်ကြသည်။ အလွန်လည်း စိတ်ဝင်စားကြသည်။

စစ်ပွဲများ၏ အရှုံးအနိုင်သတင်းကို လူဖြူများမရခင် ကျွန်များက ရနေလေ့ရှိသည်ကို မကြာခဏ တွေ့ရသည်။

ကျွန်တော်တို့ စိုက်ပျိုးခြံပိုင်ရှင်သည် ကျွန်တစ်ယောက်အား စာတိုက်သို့ စေလွှတ်၍ စာများကို ယူခိုင်းလေ့ရှိသည်။

စာတိုက်သည် ကျွန်တော်တို့ခြံနှင့် သုံးမိုင်ခန့်မျှသာ ဝေးသည်။

ထိုစဉ်အခါက စာများသည် တစ်ပတ်လျှင် တစ်ကြိမ်မှ နှစ်ကြိမ်အထိသာ ရောက်လာလေ့ရှိသည်။

စာတိုက်သို့ ရောက်သွားသော လူမည်းသည် ရုတ်တရက် ချက်ချင်း မပြန်သေးဘဲ စာတိုက်အနား၌ စကားပြောဆိုနေကြသော လူဖြူများကြား၌ သွားလာလှုပ်ရှားနေသည်။

လူဖြူများ၏ စကားများကို မယောင်မလည်လုပ်၍ နားထောင်သည်။

လူဖြူများသည် စာတိုက်မှ ပူပူနွေးနွေးရထားသည့် စာများကိုဖတ်ပြီး နောက်ဆုံးရလာသည့် သတင်းများကို ဝေဖန်ဆွေးနွေးလေ့ ရှိကြသည်။

သူတို့ ပြောဆိုနေသမျှ စကားများသည် ကျွန်တော်တို့ခြံမှ ကျွန်လူမည်း၏ နားသို့ အကုန်ရောက်သည်။

စာသွားယူသူ လူမည်းသည် ခြံသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက်

mgyoe.com

mgyoe.com

သူကြားလာခဲ့ရသမျှ သတင်းများကို ကျွန်တော်တို့ ကျွန်များအား အရင်ဆုံး ဖောက်သည်ချသည်။

ဤသို့ဖြင့် ကျွန်များသည် အလွန်အရေးကြီးသော သတင်းများကို သူတို့၏ ကျွန်ပိုင်ရှင်သခင်များမသိခင် သိကြရလေသည်။

ကျွန်တော် ကလေးဘဝနှင့် သူငယ်ဘဝတွင် ကျွန်တော်တို့မိသားစု အစားစားကြရာ၌ စားပွဲတွင် တစ်စုတစ်ဝေးတည်းထိုင်၍ လူလူသူသူ စားရသောက်ရသည်ကို တစ်ခါမှ မမြင်ဖူးခဲ့ပါ။

အစားမစားခင် ဘုရားသခင်၏ ကျေးဇူးတော်ကို အာရုံပြုခြင်းများလည်း မတွေ့ခဲ့ဖူးပါ။

ယဉ်ကျေးသိမ်မွေ့စွာ စားရသောက်ရသည့် အခြေအနေမျိုးကို လုံးဝ မကြုံခဲ့ဖူးပါ။

ဗာဂျီးနီးယား ပြည်နယ်အတွင်းရှိ စိုက်ပျိုးခြံကြီးများမှ ကလေးကျွန်များ စားရသောက်ရသည်မှာ တိရစ္ဆာန်များစားသလို စားကြရခြင်း ဖြစ်သည်။

တစ်နေရာတွင် ပေါင်မုန့်ရှိ၍ တစ်နေရာတွင် အသားရှိသည်။

ကလေးများက အစားရှိရာသို့သွား၍ ယူစားကြရသည်။ အစား တစ်ကြိမ်စားလျှင် နို့တစ်ခွက်သာရသည်။ တစ်ခါတစ်ရံတွင် နို့အစား အာလူးပြုတ်ရသည်။ တစ်ခါတစ်ရံတွင် ပန်းကန်မရှိသဖြင့် ကျွန်တော်တို့ မောင်နှမ သုံးယောက်သည် ဒယ်အိုး (သို့မဟုတ်) ဟင်းအိုးများနှင့် စားကြရပါသည်။

ပန်းကန်မှာ သံပန်းကန်ပြားများဖြစ်၍ ဒူးနှစ်ဖက်ပေါ်တင်၍ စားကြရသည်။ ကော်ခပ်စားစရာ ဇွန်းခက်ရင်းဟူ၍ လုံးဝမရှိ၊ ကိုယ့်လက်နှင့်ကိုယ်နှိုက်၍ စားကြရသည်။

ကျွန်တော် အတော်ကလေး အရွယ်ရောက်လာသည့်အခါ အစားစားချိန်တိုင်း 'အိမ်ကြီး'ပေါ်သို့ သွားရသည်။ ကျွန်ပိုင်ရှင် မိသားစု အစားစားချိန်တွင် ယင်ကောင်များ မလာအောင် စက္ကူသီးတပ် ယပ်တောင်ကြီးဖြင့် ယပ်ခတ်ပေးရခြင်း ဖြစ်ပါသည်။

အများအားဖြင့် လူဖြူများသည် ထမင်းစားစားပွဲတွင် ကျွန်များ လွတ်လပ်ခွင့်ပေးရေးကိစ္စနှင့် ပြည်တွင်း စစ်ပွဲအကြောင်းများကို ပြောလေ့ရှိကြသည်။

ကျွန်တော်ကတော့ သူတို့ပြောသမျှ စိတ်ဝင်တစား နားထောင်သည်။

ကျွန်တော် မမေ့နိုင်သည့် အဖြစ်တစ်ခု ရှိပါသည်။ တစ်ရက်တွင် ကျွန်တော့်ပိုင်ရှင်၏ သမီးနှစ်ယောက်နှင့် ဧည့်သည်အမျိုးသမီးများသည် ခြံဝင်းထဲ၌ ထိုင်၍ ကိတ်မုန့်များ စားနေကြသည်။

ထိုစဉ်က သူတို့ မြိန်ရေရှက်ရေ စားနေကြသည်ကိုကြည့်ကာ ကျွန်တော့် ရင်ထဲ၌ စားချင်စိတ် ပြင်းပြလျက်ရှိသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် အကယ်၍ ငါ ကျွန်ဘဝမှ လွတ် မြောက်ခဲ့သည်ရှိသော် ဤအမျိုးသမီးများ စားသလို ကိတ်မုန့်ကို အားရ ပါးရ စားပစ်လိုက်မည်ဟု အခိုင်အမာ ဆုံးဖြတ်ခဲ့မိပါသည်။

ပြည်တွင်းစစ်သည် တာရှည်လျက်ရှိသည်။ လူဖြူ အများစုအတွက် စားရေးသောက်ရေးသည် တစ်နေ့တခြား ခက်ခဲလာသည်။

ကျွန်တော့် အထင်ပြောရလျှင် ကျွန်များအတွက်ကတော့ စားရေး သောက်ရေးသည် ကြီးမားသည့် ပြဿနာမဟုတ်။ ကျွန်များ အမြဲတစေစား နေရသည့် အစားအစာများမှာ ပေါင်မုန့်နှင့် ဝက်သားဖြစ်သည်။ ထိုနှစ်မျိုး စလုံးကို ခြံထဲမှာရအောင် စိုက်ယူ မွေးယူလို့ရသည်။

သို့တစေလည်း လူဖြူများ စားသောက်လေ့ရှိသည့် ကော်ဖီ၊လက်ဖက် ခြောက်၊ သကြားနှင့် အခြားပစ္စည်းများမှာ စိုက်ပျိုးခြံထဲမှ ထွက်ရှိလာအောင် လုပ်၍မရ။ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့် ယင်းပစ္စည်းများကို လွယ်လင့်တကူ ရဖို့မလွယ်။

လူဖြူများသည် မကြာခဏဆိုသလို စားသောက်မှုအတွက် အခက်အခဲ တွေ့နေရသည်။ တစ်ခါတစ်ရံတွင် အကြီးအကျယ် ကျပ်တည်းမှုနှင့် ရင်ဆိုင် ကြရသည်။

အခြောက်လှန်းထားသော ဂျုံစေ့များကိုထောင်း၍ ကော်ဖီမှုန့်အဖြစ် သုံးကြရသည်။ သကြားအစား တင်လဲရည်ကို အစားထိုးကြသည်။

မည်သို့ပင်ဖြစ်စေ. . . သူတို့သောက်နေကျ လက်ဖက်ရည်နှင့် ကော်ဖီ ကို အချိုအရသာ ရရှိလာစေရန် မည်သည့်အရာနှင့်မှ အစားထိုး၍မရနိုင် ဖြစ်ကြသည်။

ကျွန်တော် ပထမဦးဆုံးစီးရသည့် ဖိနပ်သည် သစ်သားခုံဖိနပ်ဖြစ်၏။

mgyoe.com

m gyoe.com

သဲကြိုးသည် သားရေသဲကြိုး၊ အထူမှာ တစ်လက်မနီးပါးခန့် ထူသည်။ လမ်းလျှောက်သည့်အခါ အလွန်ဆူညံသော အသံများကြားရသဖြင့် စိတ်ပျက်စရာကောင်းလှပါသည်။ ခြေထောက်အတွက်ကတော့ အလွန်မသက်မသာသည့် ဖိနပ်ဖြစ်ပါသည်။

ကျွန်တော့်အဖို့ ခံနိုင်ရည်မရှိနိုင်လောက်အောင် ဒုက္ခရောက်ခဲ့သည့်အရာမှာ လျှော်ရုပ်အင်္ကျီကို ဝတ်ရခြင်းဖြစ်သည်။ ကျွန်တော်နေခဲ့ရသည့် ဗာဂျီးနီးယားပြည်နယ်ဒေသတစ်ဝိုက်တွင် ကျွန်များသည် လျှော်အင်္ကျီများကိုသာ ဝတ်ကြရသည်။ ယင်းအင်္ကျီများသည် စျေးအပေါဆုံး ချည်ကြမ်းများကို ရက်လုပ်ထားခြင်းဖြစ်၏။

ယင်းလျှော်အင်္ကျီကို ပထမဆုံးအကြိမ် ဝတ်ခဲ့ရစဉ်က ကျွန်တော်သည် မခံမရပ်နိုင်လောက်အောင်ပင် ဖြစ်ခဲ့ရပါသည်။ ကြမ်းတမ်းလွန်းသဖြင့် ကျွန်တော်၏နူးညံ့လှသော အသားများသည် ပွန်းခြင်းရှခြင်း ဝေဒနာများကို အပြင်းအထန် ခံစားခဲ့ရပါသည်။

သို့သော်လည်း ကျွန်တော့်အနေဖြင့် ရှောင်လွှဲ၍မရသည့် ကိစ္စဖြစ်သည်။ သူတို့ပေးသည့် ထိုအင်္ကျီကိုမှ မဝတ်လျှင် တုံးလုံးနေရဖို့သာရှိသည်။ ဤအင်္ကျီဝတ်ဖို့နှင့် ပတ်သက်၍ ကျွန်တော့်ထက် အသက်များစွာကြီးသော ကျွန်တော့်အစ်ကိုဂျွန်သည် ရုပ်အင်္ကျီအသစ်ရလာလျှင် သူက အရင်ဝတ်ပေးသည်။

ရက်ပေါင်းများစွာ ဝတ်ပြီး၍ အသားကျသွားခါမှ ကျွန်တော့်အား ပေးဝတ်သည်။ ကျွန်တော်ငယ်စဉ်က ဝတ်ခဲ့ရသည့် အဝတ်အစားမှာ ဤလျှော်ကြမ်းအထည်သာလျှင် ဖြစ်ပါသည်။

ကျွန်တော်က ယခုပြောပြနေသည့် အကြောင်းအရာများကို ကြည့်ပါက ကျွန်တော်တို့ လူမျိုးများဘက်မှ တောင်ပိုင်းသားလူဖြူများအပေါ်၌ထားရှိနေသည့်သဘောထားကို ခန့်မှန်းနိုင်ကြလိမ့်မည်ဟု ထင်ပါသည်။

အကယ်၍ ပြည်တွင်းစစ်တွင် တောင်ပိုင်းကသာ နိုင်ခဲ့ပါမူ နီဂရိုးများအား ကျွန်အဖြစ် ဆက်လက်ထားလိမ့်မည်ဖြစ်၏။ ယခုအချိန်တွင် တောင်ပိုင်းသား လူဖြူများသည် စစ်ထဲလိုက်ကာ မြောက်ပိုင်းသားများအား တိုက်ခိုက်နေကြသည်။

mgyoe.com

mgyoe.com

ထို့ကြောင့်လည်း နီဂရိုးအများစုသည် တောင်ပိုင်းသားလူဖြူများအား မုန်းတီးကြသည်။

သို့သော်လည်း ကျွန်တော်တို့ စိုက်ပျိုးခြံရှိ ကျွန်များအတွင်းတွင်မူ ဤအချက်သည် မမှန်ပါ။ ပြည်တွင်းစစ်အတွင်းတွင် ကျွန်တော်၏ပိုင်ရှင်များထဲမှ တစ်ဦးသည် တိုက်ပွဲတွင်ကျခဲ့ပြီး နှစ်ဦးသည် အကြီးအကျယ် ဒဏ်ရာရခဲ့ကြသည်။ 'သခင်ကလေးဘီကီ' တိုက်ပွဲကျသွားပြီဟူသောသတင်း ကြားရသည့်အခါ ခြံထဲရှိ ကျွန်အားလုံး စိတ်မကောင်းဖြစ်ကြသည်။ ဟန်ဆောင်၍ စိတ်မကောင်းဖြစ်ကြခြင်းမဟုတ်။ အမှန်တကယ် စိတ်ထိခိုက်ခဲ့ကြခြင်းဖြစ်၏။ စိတ်ထိခိုက်မည်ဆိုကလည်း ထိခိုက်စရာအကြောင်းများက ရှိသည်။

"သခင်ကလေး ဘီကီ" ကလေးဘဝက ကျွန်တချို့က ထိန်းခဲ့ကြရသည်။ အချို့သည် ကစားဖော်များ ဖြစ်ခဲ့ကြသည်။

"သခင်ကလေး ဘီကီ" ကိုယ်တိုင်ကလည်း အလုပ်ကြပ်နှင့် သခင်ကြီးက ကျွန်များအား ရိုက်နှက်နေသည့်အခါ ဝင်၍တားမြစ်လေ့ရှိသည်။

သခင်ကလေး သေဆုံးရသည့်အတွက် ဝမ်းအနည်းဆုံး ပုဂ္ဂိုလ်များသည် ကျွန်ပိုင်ရှင်များဖြစ်၍ သူတို့နောက်မှကပ်၍ ဒုတိယလိုက်သူများမှာ ကျွန်အိမ်တန်းမှကျွန်များ ဖြစ်ကြပါသည်။

စစ်ပွဲမှဒဏ်ရာရထားသည့် သခင်ကလေးနှစ်ယောက် အိမ်ပြန်ရောက်လာကြသည့်အခါတွင်လည်း ကျွန်တော်တို့ ကျွန်အိမ်တန်းမှ ကျွန်များသည် လူနာများအပေါ်၌ သနားကရုဏာသက်ကြောင်းကို နည်းအမျိုးမျိုးဖြင့် ဖော်ပြခဲ့ကြသည်။

လူနာများအား မိသားစုကပြုစုသလို ဝင်ရောက်ပြုစုပေးလိုကြသည်။ တချို့ကျွန်များသည် လူနာများအား ညအိပ်စောင့်ရှောက်ခွင့်ကိုပင် ရအောင်တောင်း၍ စောင့်ရှောက်ပေးကြပါသည်။

ထိုစဉ်က လူဖြူများ စစ်ထွက်သွားကြသည့်အခါ အိမ်တွင် မိန်းမများနှင့် ကလေးများသာ ကျန်ကြသည်။ ယင်းတို့အား ကာကွယ်စောင့်ရှောက်ပေးရန် ကျွန်များထဲမှ လူယုံအချို့ကို တာဝန်ပေးကာ အပ်နှံခဲ့ကြသည်။

အိမ်ကြီးထဲ၌ အိပ်၍စောင့်ရှောက်ပေးရန် တာဝန်ပေးအပ်ခြင်းခံရသော ကျွန်များသည် လူဖြူသခင်များ၏ယုံကြည်ကိုးစားမှုအတွက် များစွာဂုဏ်ယူကြသည်။

mgyoe.com

mgyoe.com


အကယ်၍ "သခင်မကြီးနှင့် သခင်မလေးများ" အား အန္တရာယ်ပြုမည့်သူ ပေါ်ပေါက်လာပါက တာဝန်ပေးအပ်ခြင်းခံရသော ကျွန်သည် သစ္စာရှိစွာ အသက်နှင့်လဲ၍ ကာကွယ်လိမ့်မည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါ။

ယင်းကဲ့သို့သော သစ္စာစောင့်သိမှုများကို လူအများက သတိပြုမိချင်မှ ပြုမိကြလိမ့်မည် ဖြစ်သော်လည်း ကျွန်တော်ကတော့ ကောင်းစွာ သတိပြုမိခဲ့ပါသည်။ ကျွန်တော့် လူမျိုးများသည် 'ယုံကြည်စိတ်ချမှုတစ်ခု' အပေါ်တွင် သစ္စာမဲ့ရန် ဝန်လေးသူများဖြစ်သည်ဟု ကျွန်တော်ယုံကြည်မိပါ၏။

ကျွန်တော့်အတွေ့အကြုံများအရ ပြောရမည်ဆိုပါက ကျွန်တော်တို့လူမျိုးထဲမှ ကျွန်များသည် ပြည်တွင်းစစ် မဖြစ်မီကရော ပြည်တွင်းစစ်ကာလအတွင်း၌ပါ သူတို့၏ပိုင်ရှင် လူဖြူများအပေါ်၌ ခါးခါးသီးသီး မုန်းတီးစက်ဆုပ်ကြသည်ကို မတွေ့ဖူးခဲ့ပါ။

ပြည်တွင်းစစ်ကြီးပြီးဆုံး၍ သူတို့၏လူဖြူသခင်များ ဆင်းရဲသွားသည့်အခါ အလွန်ကြီးမားသော မေတ္တာကရုဏာဖြင့် သူတို့၏သခင်ကောင်းများအား လုပ်ကျွေးပြုစုနေကြသည်ကို အများအပြားတွေ့ခဲ့ရပါသည်။

ဆင်းရဲမွဲတေသွားသော ကျွန်ပိုင်ရှင် သခင်ကောင်းများအား နှစ်ပေါင်းများစွာ ငွေကြေးထောက်ပံ့ ကူညီနေကြသည့် နီဂရိုးကျွန်ဟောင်း အများအပြားကိုလည်း ကျွန်တော်တွေ့ခဲ့ဖူးပါသည်။

တောင်ပိုင်းဒေသတစ်ခုရှိ စိုက်ပျိုးခြံကြီးတစ်ခြံမှ ထူးဆန်းသောဖြစ်ရပ်တစ်ခုကိုလည်း ကျွန်တော် လေ့လာသိရှိခွင့်ရခဲ့သည်။ ထိုခြံကြီးပိုင်ရှင်၏သား လူဖြူလူငယ်သည် အရက်သောက်လွန်းသဖြင့် ဆင်းရဲသွားခဲ့သည်။

သူ့ကိုယ်သူ ထိန်းသိမ်းနိုင်စွမ်း မရှိတော့သည့် အခြေအနေသို့ ဆိုက်ရောက်နေသဖြင့် သနားစရာလည်းကောင်းသည်။

ယင်းခြံကြီးပေါ်၌ နေထိုင်လျက်ရှိသော ကျွန်ဟောင်းများသည် လူဖြူလူငယ်၏အဖြစ်ကိုကြည့်ကာ ကရုဏာဖြစ်ကြသည်။

သူတို့ကိုယ်တိုင်က ဆင်းရဲနေသည့်ကြားမှပင် လူဖြူလူငယ်အား ဝိုင်းဝန်းထောက်ပံ့ကြသည်။ တစ်ဦးက ကော်ဖီ၊ နောက်တစ်ဦးက သကြား၊ နောက်တစ်ဦးက အသား စသည်ဖြင့် စားဝတ်နေရေးအတွက် ကူညီကြသည်။

ကျွန်ဟောင်းများအနေဖြင့် တစ်ချိန်က ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့၊ သူတို့၏

mgyoe.com

mgyoe.com


ပိုင်ရှင်ဟောင်း 'အဘိုးကြီးသခင်တွမ်'၏သား ဒုက္ခရောက်နေသည်ကို ဥပေက္ခာမပြုရက်။

ကျွန်တော့်လူမျိုးများထဲတွင် ယုံကြည်စိတ်ချရမှု တစ်ခုချင်းအပေါ် သစ္စာမဲ့သည့် လူများမရှိ မဟုတ်ပါ။ အနည်းငယ်မျှရှိသည်ကို ကျွန်တော် တွေ့ခဲ့ဖူးပါသည်။ သို့သော်လည်း အများစုကတော့ ကတိသစ္စာကို စောင့်ထိန်းကြပါသည်။ ကျွန်တော် ကြုံခဲ့ရဖူးသည့် ဖြစ်ရပ်တစ်ခုရှိပါသည်။

တစ်ချိန်က ကျွန်တော် အိုဟိုင်းယိုးပြည်နယ်အတွင်းရှိ မြို့လေးတစ်မြို့တွင် ဗာဂျီးနီးယားပြည်နယ်မှ လွတ်မြောက်လာသော ကျွန်ဟောင်းတစ်ဦးနှင့် ဆုံမိခဲ့ဖူးသည်။

ထိုကျွန်ဟောင်းသည် ကျွန်များ လွတ်လပ်ခွင့်အမိန့် မထွက်မီ နှစ်နှစ်သုံးနှစ်ခန့်တွင် သူ့သခင်နှင့် ကတိကဝတ်တစ်ခု ပြုခဲ့ကြသည်။ သူ့သခင်ထံမှ သူ့ကိုယ်သူ ပြန်ဝယ်ရန်ဖြစ်သည်။

ကျသင့်ငွေကို တစ်နှစ်တစ်ကြိမ်ခွဲပေးရန် နှစ်ဦးနှစ်ဖက် သဘောတူခဲ့ကြသည်။ သူ့ဘက်မှ အရစ်ကျငွေခွဲပေးနေခိုက်တွင် သူ့သခင်က သူ့အား နှစ်သက်ရာအရပ်သို့သွား၍ နှစ်သက်ရာအလုပ်ကို လုပ်ခွင့်ပြုထားသည်။

သူသည် လုပ်ခပို၍ရနိုင်သော အိုဟိုင်းယိုးပြည်နယ်သို့သွား၍ အလုပ်လုပ်သည်။ ထိုအတောအတွင်းမှာပင် လွတ်လပ်ခွင့်အမိန့်ထွက်လာသည်။ ထိုအချိန်ထိ သူ့သခင်အား ပေးရမည့်ငွေ မကျေသေးပေ။ နောက်ထပ်ဒေါ်လာ သုံးရာပေးဖို့ ကျန်နေသေးသည်။ သို့သော်လည်း ထုတ်ပြန်လိုက်သည့် ကျွန်လွတ်လပ်ခွင့်အမိန့်အရ ထိုဒေါ်လာသုံးရာကို မပေးဘဲ နေနိုင်ခွင့်ရှိလာခဲ့သည်။

ကျွန်လူမည်းသည် ကျန်ရှိနေသည့်ငွေကို မပေးဘဲမနေပါ။ သူ့သခင်ဟောင်းနေထိုင်ရာ ဗာဂျီးနီးယားပြည်သို့ ခြေကျင်ပြန်ကာ ကျန်ငွေကို အတိုးနှင့်တကွပေးသည်။

ကျွန်တော်နှင့်ဆုံမိခဲ့စဉ်က "ကျုပ် ဒီအကြွေးကို မပေးဘဲနေရင် ရတယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ကျုပ်က ပေးပါ့မယ်လို့ သခင်ကို ကတိပေးထားပြီးပြီ မဟုတ်လား" ဟု သူက ပြောသည်။ သူသည် သူပေးထားပြီးသောကတိကိုမဖျက်။ သူ ကတိအတိုင်း မလုပ်ခဲ့ပါက သူသည် သူရထားသော လွတ်

mgyoe.com

mgyoe.com

လပ်ခွင့်ကို အရသာရှိရှိ ခံစားနိုင်လိမ့်မည်မဟုတ်ဟု သူ့စိတ်က ယုံကြည်လျက်ရှိ၏။

အချို့သော အကြောင်းများကြောင့် အချို့သောပုဂ္ဂိုလ်များက ကျွန်အချို့သည် လွတ်လပ်ခွင့်ကို လက်မခံချင်ကြဟု ထင်မြင်ကြသည်။ ဤ ထင်မြင်ချက် ယူဆချက်သည် မမှန်ပါ။

ကျွန်တော့်ဘဝ တစ်လျှောက်လုံးတွင် ကျွန်ဘဝမှ မလွတ်မြောက်လိုသူ၊ ကျွန်ဘဝသို့ ပြန်သွားလိုသူဟူ၍ တစ်ဦးတစ်ယောက်မှ မတွေ့ခဲ့ဖူးပါ။

ကျွန်တော့်အနေဖြင့် ကျွန်စနစ်၏ ပိုက်ကွန်အတွင်း သက်ဆင်းကျရောက်နေသော အမျိုးသားများအား ကြင်နာသနားလှပါသည်။ ယင်းတို့အား အလွန်ကံမကောင်း အကြောင်းမလှသည့် လူသားများအဖြစ် မြင်ပါသည်။ သနားသည်ဆိုရာ၌ ပေါ့ပေါ့တန်တန် သနားခြင်းမဟုတ်ပါ။ နှလုံးသားအတွင်းမှ ယိုစိမ့်လာသည့် သနားကြင်နာမှုမျိုးဖြစ်ပါ၏။

ကျွန်တော့်လူမျိုးများအား ကျွန်ပြုခဲ့ကြသည့် တောင်ပိုင်းနယ်သား လူဖြူများအပေါ်၌ ထားရှိခဲ့သော စက်ဆုပ်မုန်းတီးမှုသည် ကျွန်တော့်ရင်ထဲတွင် ဆိတ်သုဉ်းသွားခဲ့ခြင်းဖြစ်သည်။ ကျွန်စနစ်ကို စတင်တည်ထောင်ခဲ့ကြခြင်းအတွက် ကျွန်တော်တို့ နိုင်ငံတွင်းမှ မည်သူများ၌ တာဝန်ရှိပါသည်ဟုလည်း မပြောလိုပါ။

ကျွန်စနစ်ကို အသိအမှတ်ပြုပြီး နှစ်ပေါင်းများစွာ အကာအကွယ်ပေးခဲ့သည့် အစိုးရကိုလည်း ကျွန်တော် အပြစ်မတင်လိုတော့ပါ။

စနစ်တစ်ခုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးဘဝအပေါ် ရစ်ပတ်နှောင်ဖွဲ့မိလာပါက ရုတ်တရက် ချက်ချင်းပြန်ပြေလည်ဖို့ မလွယ်ပါ။ ထိုအနှောင်အဖွဲ့မှ လွတ်မြောက်အောင် ချက်ချင်း ရုန်းထွက်ဖို့ဆိုသည်မှာလည်း လွယ်ကူသည်မဟုတ်ပါ။

လူတို့၏ကိုယ်ကျင့်တရား ရှုထောင့်နှင့် ကျင့်ဝတ်သိက္ခာ ရှုထောင့်မှ နေကြည့်လျှင် ကျွန်စနစ်သည် လိုလားအပ်သည့် စနစ်မဟုတ်ပါ။ အလွန်ရက်စက်ကြမ်းကြုတ်ပြီး ရိုင်းစိုင်းသောစနစ်တစ်ခုဖြစ်ပါသည်။

သို့သော်လည်း ကျွန်တော်တို့အနေဖြင့် အစွဲမထား။ အာဃာတမထားဘဲ အဖြစ်မှန် အခြေအနေမှန်များကို ယထာဘူတကျကျ ဆင်ခြင်သုံးသပ် ကြည့်

mgyoe.com

mgyoe.com


ကြမည်ဆိုပါက အကောင်းဘက်က မြင်နိုင်သည့် အချက်အလက်များကို တွေ့လာနိုင်စရာရှိပါသည်။

ယနေ့ အမေရိကန်၌ နေထိုင်လျက်ရှိကြသော နီဂရိုးလူမျိုးများသည် ဆယ်သန်းမျှရှိ၍ ယင်းတို့သည် အမေရိကန် ကျွန်စနစ် ပညာသင်ကျောင်းမှ ထွက်လာကြသည့် ဘိုးဘွားဘီဘင်များမှ ဆင်းသက်ပေါက်ဖွားလာသူများ ဖြစ်ပါသည်။

အချို့သည် သူတို့ကိုယ်တိုင် ကျွန်စနစ်ပညာသင်ကျောင်း၌ လက်တွေ့ ဝင်ရောက် သင်ကြားလာခဲ့ကြရသူများ ဖြစ်ပါသည်။

သူတို့အနေဖြင့် ကြမ်းတမ်းသော ကျွန်စနစ်အောက်တွင် အမြဲတစေ ရုန်းကန်လှုပ်ရှားခဲ့ကြရသဖြင့် ကိုယ်ရောစိတ်ပါ ကြံ့ခိုင်လာခဲ့ကြရသည်။ တည်ငြိမ်ရင့်ကျက် လာခဲ့ကြရသည်။ အသိဉာဏ်ပညာ ဗဟုသုတများ တိုးတက်လာခဲ့ကြရသည်။ ကိုယ်ကျင့်တရား အရရော၊ ဘာသာရေးအရပါ အလားအလာရှိသည့် လူများအဖြစ်သို့ ရောက်လာကြရပါသည်။

သူတို့လူစုထဲမှ လူအတော်များများသည် သူတို့၏ အဖနိုင်ငံဖြစ်သော အာဖရိကတိုက်သို့ပြန်ကာ သူတို့လူမျိုးများ အသိဉာဏ်ပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိကြပါသည်။

ကျွန်တော် ယခုကဲ့သို့ပြောခြင်းမှာ ကျွန်စနစ်ကို မှန်ကန်ပါသည်၊ တရားမျှတသော စနစ်ဖြစ်ပါသည်ဟု ထောက်ခံပြောဆိုနေခြင်းမဟုတ်ပါ။

ကျွန်တော်သည် ကျွန်စနစ်ကို မလိုလားအပ်သည့် လူမှုအဆောက်အအုံတစ်ခုအဖြစ် သတ်မှတ်ကာ ပြစ်တင်ရှုတ်ချနေသူဖြစ်ပါသည်။

ထို့ပြင်လည်း ကျွန်တော်တို့အားလုံးက အမေရိက၌ ကျွန်စနစ် တည်ရှိလာခြင်းသည် အတ္တဆန်လွန်းခြင်းနှင့် ငွေကြေးခနတိုးပွားမှုတစ်ခုတည်းကိုသာ အဓိကထားလွန်းခြင်းစသော အကြောင်းများကြောင့် ဖြစ်သည်ကို နားလည်ထားကြသည် မဟုတ်ပါလား။

ကိုယ့်ဘဝအကြောင်းကို ပြန်လည်၍ ဆင်ခြင်သုံးသပ်နိုင်လောက်သည့် အသက်အရွယ်သို့ ရောက်လာသည့်အခါ ကျွန်တော့်ဦးနှောက်သည် အတွေးတစ်ခုကို လက်ခံလာခဲ့သည်။

ကျွန်စနစ်ကြောင့် ရက်စက်ကြမ်းကြုတ်သော အမှားများ၏ဒဏ်ကို

mgyoe.com

mgyoe.com


ကျွန်တော်တို့ လူမည်းများခံခဲ့ကြရသည်မှာ မှန်ပါ၏။ သို့သော်လည်း ဤစနစ်၏ ဆိုးကျိုးများလည်း ကျွန်တော်တို့ နီဂရိုးများသာလျှင် ကွက်၍ ခံခဲ့ကြရပါသလော။

ဤမေးခွန်းနှင့်ပတ်သက်၍ အကောင်းဆုံးသော ဥပမာတစ်ခုမှာ ကျွန်တော်နေထိုင်ခဲ့ရာ စိုက်ပျိုးခြံကြီးပေါ်မှ ဘဝများကိုလေ့လာရန်ပင် ဖြစ်ပါသည်။

အမှန်တော့ ကျွန်စနစ် ဖြစ်ပေါ်တည်ရှိလာရခြင်းသည် အလုပ်သမားလိုအပ်၍ ဖြစ်သည်။ အလုပ်သမားများသည် အနိမ့်ကျဆုံးဟု ယူဆရသောအလုပ်များကို လုပ်ကြရသည်ဖြစ်ရာ ယင်းအချက်ကို အကြောင်းပြု၍ အလုပ်သမားဘဝသည် အဆင့်အတန်းအားဖြင့် နိမ့်ကျသောဘဝသို့ ရောက်လာသည်။ အများထက် နိမ့်ကျသည်ဟုထင်သော အောက်ကျအားငယ်စိတ်လည်း ဝင်လာသည်။ ထိုအခါ စိုက်ပျိုးခြံကြီးပေါ်ရှိ လူဖြူနှင့်လူမည်း လူမျိုးနှစ်မျိုးစလုံးသည် အလုပ်ကို ရှောင်တိမ်းလာကြသည်။

ကျွန်တော်တို့ စိုက်ပျိုးခြံပေါ်၌ ကျွန်စနစ် လည်ပတ်နေပုံကို လေ့လာလိုက်သည့်အခါ ကျွန်တော်တို့ ကျွန်များက လူဖြူများထံမှ မိမိကိုယ်ကိုအားကိုးခြင်းဟူသော စိတ်ဓာတ်ကို လွှဲပြောင်းရယူနေခြင်းဖြစ်ကြောင်း နားလည်လာခဲ့ရပါသည်။

ကျွန်တော်တို့သခင်တွင် သားတွေသမီးတွေ အများကြီးရှိသည်။ သို့သော်လည်း ကျွန်တော် သိရသလောက် တစ်ယောက်မှ အလုပ်တွင် စိတ်မဝင်စားကြပါ။ အတတ်ပညာတစ်ခုခုကို တတ်မြောက်အောင် သင်ယူလိုစိတ်ဟူ၍ လုံးဝမရှိကြပါ။ သမီးများအား အချက်အပြုတ်လည်း သင်မပေး၊ အချုပ်အလုပ်ပညာလည်း သင်မပေး၊ အိမ်ထောင်ထိန်းသိမ်းမှု ပညာကိုလည်း သင်မပေး။ ထိုအလုပ်အားလုံးသည် ကျွန်များ၏ အလုပ်ဟု သတ်မှတ်ကာ ကျွန်များနှင့်သာ လွှဲထားသည်။

ကျွန်များကလည်း စိုက်ပျိုးခြံကြီး၏ လုပ်ငန်းများအပေါ်တွင် စိတ်ဝင်စားမှု အနည်းငယ်မျှသာ ရှိကြသည်။ သူတို့ပိုင် လုပ်ငန်းမဟုတ်သဖြင့် သိပ်ပြီး အလေးအနက်မထားကြ။

သူတို့၏ အသိဉာဏ်ပညာ ဗဟုသုတနည်းပါးမှုသည် သူတို့အား

mgyoe.com

mgyoe.com


အလုပ်ကို တိုးတက်မှုရှိလာအောင် လုပ်ချင်ကိုင်ချင်စိတ်မရှိစေရန် တွန်းအားပေးလျက်ရှိသည်။

စနစ်၏အားနည်းမှုများကြောင့် စိုက်ပျိုးခြံကြီး၏ ခြံစည်းရိုးများသည် အပြအပြင်မရှိ၊ ဖရိုဖရဲပြိုလဲကာ ပျက်စီးလျက်ရှိကြသည်။ ဂိတ်တံခါးသည် ပတ္တာများပြုတ်ကာ တိုးလိုးတွဲလဲ။ ခြံဝင်းထဲတွင် မြက်ပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းလျက်ရှိသည်။

ကျွန်များအား လွတ်လပ်ခွင့်ပေးလိုက်သည့်အခါ ကျွန်များသည် ဘဝသစ်ကို ထူထောင်ရန် စတင်ကြိုးပမ်းကြသည်။ ကျွန်များအနေဖြင့် စာဖတ်ခြင်းနှင့် ပစ္စည်းပိုင်ဆိုင်ခြင်းတည်းဟူသော အလုပ်နှစ်ခုမှတစ်ပါး အခြားအရာများကို တတ်သိနားလည်နေကြသည်။

ထို့ကြောင့်လည်း သူတို့ဘဝကို အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ရာ၌ အခက်အခဲသိပ်ပြီးမရှိ။ ကျွန်ပိုင်ရှင်နှင့် သူ၏သားသမီးများမှာမူ ဘာအလုပ်ကိုမှ မည်မည်ရရ မလုပ်တတ်။ လုပ်တတ်သည့်တိုင်အောင်လည်း အလုပ်ကြမ်းဟူသမျှသည် သူတို့နှင့်သင့်လျော်သည့်အလုပ် မဟုတ်ဟု ယူဆကြသည်။ ထိုအလုပ်များကိုလုပ်ရလျှင် ရှက်စရာကောင်းသည်ဟု ထင်ကြသည်။

ဤသို့ဖြင့် သူတို့သည် ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်ကြလေတော့သည်။ ကျွန်များအဖို့မှာမူကား အများအားဖြင့် လက်မှုပညာတစ်ခုခုကို ကျွမ်းကျင်စွာ တတ်မြောက်ထားကြပြီး လူတိုင်းအဖို့ ဘဝသစ်ကို လွယ်လင့်တကူပင် ထူထောင်နိုင်ကြသည်။

နောက်ဆုံးတွင် ပြည်တွင်းစစ်ကြီး ပြီးဆုံးသွားသည့် ကျွန်များအား လွတ်လပ်ခွင့်ပေးသော အမိန့်သည် ထွက်လာသည်။ ကျွန်တော်တို့စိုက်ပျိုးခြံကြီးပေါ်တွင် အလွန်ထူးခြားသော နေ့တစ်နေ့ ဖြစ်လာခဲ့သည်။ ကျွန်တော်တို့ မျှော်လင့်နေသောအရာ ဖြစ်၏။ စောင့်မျှော်နေရသည်မှာ လပေါင်းများစွာ ကြာခဲ့ပြီ မဟုတ်ပါလား။

နေ့စဉ်နှင့်အမျှ အိမ်သို့ပြန်လာနေကြသော စစ်ပြေးများကို မြင်နေကြရသည်။ တပ်များမှ ထွက်ခွင့်ပေးလိုက်သော စစ်သားများကိုလည်း အမြဲတစေတွေ့နေရသည်။ 'တစ်ဆင့်စကား တစ်ဆင့်နားကြေးနန်း' သည် စိုက်ပျိုးခြံ

mgyoe.com

mgyoe.com


တစ်ခြံမှ တစ်ခြံသို့ ကူးပြောင်းရောက်ရှိနေသည်။

တောင်ပိုင်းတပ်များမှ 'ယန်းကီးများ' အန္တရာယ်ကိုကြောက်သဖြင့် လူဖြူသခင်များသည် သူတို့၏အဖိုးတန်ပစ္စည်းများကို သစ်တောများအတွင်းသို့ ပို့၍ဝှက်ကြသည်။ ထိုပစ္စည်းများအား စောင့်ရှောက်ရန် ကျွန်လူယုံများအား တာဝန်ပေးကြသည်။

ထူးခြားသောနေ့သည် ရောက်လုနီးလာပြီ။ ကျွန်အိမ်တန်းတွင် ကျွန်များ၏ သီချင်းဆိုသံကို အမြဲမပြတ် ကြားနေရသည်။ ဤသီချင်းများကို ယခင်ကလည်း ဆိုဖူးခဲ့ကြပြီ။ ယခုတစ်ကြိမ်ဆိုခြင်းသည် ယခင်ကထက်ပို၍ တက်ကြွသည်။ ပို၍လည်း အဓိပ္ပာယ်ရှိသည်။ ယခုတစ်ကြိမ် သီဆိုနေကြခြင်းသည် လက်ရှိကမ္ဘာအတွက်မဟုတ်၊ သူတို့ရောက်ရမည့် ကမ္ဘာသစ်အတွက် ဖြစ်သည်။

ထူးခြားသည့်နေ့သို့ မရောက်မီတစ်ညတွင် ကျွန်များထံသို့ သတင်းတစ်ခု ရောက်လာသည်။ မနက်ဖြန်မနက်တွင် ထူးခြားသော အရာတစ်ခု သခင်ကြီး၏ အိမ်ကြီးထဲ၌ ဖြစ်ပေါ်လာလိမ့်မည်ဟူသော သတင်းဖြစ်၏။ ထိုညက တစ်ညလုံး မည်သူမှ အိပ်၍မရကြ။ အားလုံး မျှော်လင့်ချက်ကြီးစွာဖြင့် စိတ်လှုပ်ရှားလျက်ရှိကြသည်။

နောက်တစ်နေ့ နံနက်တွင် စောစောစီးစီး စကားတစ်ခွန်းကြားကြရသည်။ ကျွန်အိမ်တန်းမှလူအားလုံး ကလေးရော လူကြီးပါ သခင်၏အိမ်ကြီးရှေ့သို့ လာရောက်ကြရမည်ဟူသော စကားဖြစ်၏။ ကျွန်တော်သည် ကျွန်တော့်အမေ၊ ကျွန်တော့်အစ်ကို၊ ကျွန်တော့်အစ်မတို့နှင့်တွဲကာ အခြားသော ကျွန်လူမည်းများနှင့်အတူ သခင်၏အိမ်ကြီးဆီသို့ သွားသည်။

ကျွန်တော်တို့သခင်နှင့် သူ့မိသားစုအားလုံးသည် အိမ်ရှေ့ဝရန်တာတွင် ရပ်သူကရပ်၍ ထိုင်သူများက ထိုင်နေကြသည်။ သူတို့မျက်နှာများသည် စိတ်ဝင်စားခြင်းနှင့် ဝမ်းနည်းခြင်းများကိုဖော်ပြနေသည်။ မုန်းတီးစက်ဆုပ်သော အနေအထားကိုမူ သူ လုံးဝမမြင်ခဲ့ရပါ။

ကျွန်တော် မှတ်မိသလောက် ပြန်ပြောင်းပြောရမည်ဆိုပါမူ သူတို့ဝမ်းနည်းခြင်းသည် သူတို့ပိုင်ပစ္စည်းများဆုံးရှုံးရခြင်းကြောင့် ဟုတ်ဟန်မတူပါ။ နှစ်ပေါင်းများစွာ ကျွေးမွေးလာခဲ့ပြီး နှစ်ပေါင်းများစွာ လက်ပွန်းတတီး

mgyoe.com

mgyoe.com


နေခဲ့ရသူများနှင့် ထာဝရခွဲခွာရမည့်အဖြစ်ကို သိနေ၍ဖြစ်ဟန်တူပါသည်။

ထိုနေ့က ကျွန်တော် ပီပီပြင်ပြင်မှတ်မိနေသည့်အရာမှာ လူစိမ်းတစ်ယောက်က (ပြည်ထောင်စုအရာရှိတစ်ဦးဟု ထင်သည်) စကားအနည်းငယ်ပြောပြီး အလွန်ရှည်လျားသော အမိန့်ကြေညာစာတစ်ခုကို ဖတ်ပြသည်။ အမိန့်ကြေညာစာမှာ ကျွန်များက လွတ်လပ်ခွင့်ပေးခြင်းကြေညာချက် ဖြစ်ပုံရပါသည်။

ထိုအမိန့်စာကို ဖတ်ပြအပြီးတွင် သူက ကျွန်တော်တို့ကို လွတ်လပ်ခွင့်ပေးလိုက်ပြီဖြစ်၍ သွားလိုရာသွားနိုင်ကြောင်း ပြောပြသည်။

ကျွန်တော့်ဘေးနား၌ ရပ်နေသော အမေသည် ကျွန်တော်တို့အား နမ်းသည်။ အမေ့ပါးနှစ်ဖက်တွင် မျက်ရည်များစီးကျနေသည်။ စောစောက လူစိမ်းပြောသွားသည့်စကားများ၏ အဓိပ္ပာယ်ကို ကျွန်တော်တို့ နားလည်အောင်ရှင်းပြသည်။

ဤနေ့ ဤရက်သည် သူ နှစ်ပေါင်းများစွာ ဘုရားသခင်ထံ ဆုတောင်းပြီး မျှော်လင့်စောင့်စားလာခဲ့ရသည့် ရက်ဖြစ်သည်ဟု ပြောသည်။ ဤနေ့ ဤရက်နှင့်မကြုံရဘဲ သေသွားရမည်ကို အမြဲတစေ စိုးရိမ်ပူပန်ခဲ့ရသည်ဟုလည်း ဆိုသည်။

မိနစ်အနည်းငယ်ကြာမျှ ပျော်ရွှင်မြူးထူးခြင်းသည် လွှမ်းခြုံလျက်ရှိသည်။ ကျေးဇူးတင်စကားများပြောသံကိုလည်း ကြားနေရသည်။ နာကြည်းခြင်းနှင့် မုန်းတီးခြင်းကို ဖော်ပြသည့် အရိပ်လက္ခဏာများ လုံးဝမမြင်ရပါ။ ကျွန်များကြားတွင် သခင်များအား သနားကြင်နာစိတ်သာ ဝင်နေကြသည်။ ထို့နောက် ကျွန်များသည် သူတို့တဲများဆီသို့ ပြန်လာခဲ့ကြသည်။

သူတို့ တဲများဆီသို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် သူတို့၏ ခံစားမှုများသည် တစ်မျိုးဖြစ်လာသည်။ ကျွန်ဘဝမှ လွတ်မြောက်လာသည့်အတွက် ရှိလာသည့်တာဝန်နှင့် ဝတ္တရားများ သူတို့သားသမီးများနှင့် သူတို့ဘဝအတွက် ဘယ်လိုလုပ်ရမည်ကို စဉ်းစားရခြင်းများ။

ဤအရာအားလုံးသည် သူတို့စိတ်ကို စိုးမိုးလျက်ရှိသည်။ အခြေအနေသည် အသက်ဆယ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ် သူငယ်လေးတစ်ယောက်အား ကမ္ဘာလောကအတွင်းသို့ လွှတ်လိုက်ပြီး ကိုယ့်ဘဝကိုယ် ကျောင်းခိုင်းသည့်

mgyoe.com

mgyoe.com

နှင့် တူလှပါသည်။

နာရီအနည်းငယ်မျှအတွင်း ကျွန်များ၏ ခေါင်းထဲသို့ ပြဿနာပေါင်းစုံ ဝင်လာသည်။ နေစရာအိမ်၊ စားဝတ်နေရေး၊ သားသမီးများ ပြုစုပျိုးထောင်ရေး၊ ပညာသင်ကြားရေး စသည် စသည်များ . . .။

နာရီအနည်းငယ်မျှအတွင်း ပျော်ရွှင်မှုသည် ရပ်တန့်သွားကာ အားလုံး-ငြိမ်ဆိတ်နေကြသည်။ အားလုံးသည် ကိုယ့်အတွေးနှင့်ကိုယ် နှုတ်ဆိတ်နေကြသည်။ လွတ်လပ်ခြင်းသည် သူတို့မျှော်လင့်ထားသည်ထက် အလေးအနက်ပြုရမည့် ကိစ္စတစ်ခုဖြစ်နေလေပြီ။

အချို့ကျွန်များသည် အသက်ခုနစ်ဆယ်၊ ရှစ်ဆယ်မျှရှိနေကြပြီ။ သူတို့အဖို့ အကောင်းဆုံးရက်များ မရှိတော့။ နေရာသစ်တစ်ခုရှိ လူစိမ်းများကြားသို့သွား၍ အသက်မွေးရန် ကိုယ်အားစိတ်အားမရှိတော့။

ဤလူတန်းစားများအတွက် ဘဝသစ်ထူထောင်ရေးသည် ခက်ခဲလှ၏။ ထို့ပြင်လည်း သူတို့၏နှလုံးသားများထဲ၌ 'သခင်ဟောင်းနှင့် သခင်မဟောင်း' တို့ အပေါ်၌သာမက သခင်နှင့် သခင်မတို့က မွေးဖွားထားသည့် သားသမီးများအပေါ်၌ပါ ထူးဆန်းသောတွယ်တာမှုက ရှိနေဆဲ။ တကယ် တော့လည်း သူတို့သည် ဤမိသားစုနှင့် နှစ်ပေါင်းငါးဆယ်နီးပါးမျှ အတူတူ နေလာခဲ့ကြသည် မဟုတ်ပါလား။ သူတို့အဖို့ ဤမိသားစုနှင့် ခွဲခွာရမည့် အရေးသည် တွေးလိုက်တိုင်းမလွယ်။

ဤသို့ဖြင့် သက်ကြီးရွယ်အိုကျွန်များသည် တစ်ယောက်ပြီးတစ်ယောက် ကျွန်အိမ်တန်းမှထွက်ကာ အိမ်ကြီးဆီသို့ သွားကြသည်။ အနာဂတ်ဘဝတွင် ဆက်လက်၍ လက်တွဲသွားနိုင်ရေးအတွက် သူတို့၏ သခင်ဟောင်းများနှင့် နှစ်ကိုယ်ကြား ဆွေးနွေးတိုင်ပင်ရန် သွားကြခြင်းပေတည်း။

၀

mgyoe.com

mgyoe.com

# အခန်း (၂)

## သူငယ်ဘဝ နေ့ရက်များ

ကျွန်ဘဝမှ လွတ်မြောက်ပြီးနောက်ပိုင်းတွင် ကျွန်တော်နေထိုင်ရာ စိုက်ပျိုးခြံတွင်းရှိ လူအားလုံးသည် လောလောဆယ် မလုပ်လျှင်မဖြစ်သည့် အချက်နှစ်ချက်ကို တွေ့လာသည်။

ဤအချက်နှစ်ချက်သည် တောင်ပိုင်းတစ်ပိုင်းလုံးရှိ ကျွန်အားလုံး အတွက် မှန်ကန်သောအချက်များ ဖြစ်သည်ကို ကျွန်တော်သိခဲ့ရပါသည်။ ပထမအချက်မှာ သူတို့ အမှန်တကယ် ပြောင်းရန်ဖြစ်၍ ဒုတိယအချက်မှာ သူတို့ အမှန်တကယ် လွတ်လပ်ပြီဖြစ်ကြောင်း သေချာစေရန်အတွက် စိုက်ပျိုးခြံမှ တစ်နေရာရာသို့ ရက်အနည်းငယ်မျှ ထွက်ခွာသွားကြရန်ဖြစ်၏။

ထိုစဉ်က လူဖြူမဟုတ်သူများကြားတွင် အသိတစ်ခု ဝင်လျက်ရှိသည်။ ယင်းအသိမှာ သူတို့အား ပိုင်ဆိုင်ခဲ့သော ကျွန်ပိုင်ရှင်သခင်များ၏ နာမည်များကို မျိုးရိုးနာမည်များအဖြစ် ခံယူထားခြင်းသည် လွတ်လပ်လာသည့်အခါ ဆက်လက်ခံယူထားရန် မသင့်တော့ဟူသောအသိ ဖြစ်ပါသည်။

ထို့ကြောင့်လည်း လူများစုသည် မျိုးရိုးနာမည်များကို ချက်ချင်းပင် ပြောင်းကြသည်။ ဤလုပ်ရပ်သည် ကျွန်ဘဝမှ လွတ်မြောက်ခြင်း၏ အရိပ်လက္ခဏာများထဲမှ တစ်ခုဖြစ်ပါသည်။

mgyoe.com

mgyoe.com

သူတို့ ကျွန်ဘဝက လူဖြူမဟုတ်သော လူတစ်ယောက်သည် သူ့ကိုယ်သူ 'ဂျွန်' သို့မဟုတ် 'ဆူဆန်' ဟု အမည်ပေးထားလေ့ရှိသည်။ အများအားဖြင့် သူတို့သည် ထိုနာမည်တစ်ခုတည်းကို သုံးလေ့မရှိကြ။

အကယ်၍ 'ဂျွန်' (သို့မဟုတ်) 'ဆူဆန်' သည် 'ဟက်ချား' ဟုခေါ်သော လူဖြူတစ်ဦးက ပိုင်ဆိုင်သည့်ကျွန် ဖြစ်နေပါသည်။ သူ့အား 'ဂျွန်ဟက်ချား' ဟု ခေါ်ကြသည်။ သို့မဟုတ် 'ဟက်ချား၏ဂျွန်' ဟု ခေါ်ကြသည်။

လွတ်လပ်သောလူတစ်ယောက် ဖြစ်လာသည့်အခါတွင်မူ 'ဂျွန်ဟက်ချား' (သို့မဟုတ်) 'ဟက်ချား၏ဂျွန်' ဟူသော အမည်များသည် လွတ်လပ်သူတစ်ဦးအတွက် သင့်တော်သည့်နာမည်ဟု မယူဆကြတော့ပေ။ ထို့ကြောင့်လည်း 'ဂျွန်ဟက်ချား' အမည်ကိုစွန့်၍ 'ဂျွန်အက်စ်လင်ကွန်း' ဟုသော်လည်းကောင်း၊ 'ဂျွန်အက်စ်ရှားမင်း' ဟုသော်လည်းကောင်း အမည်ပြောင်းပစ်ကြသည်။

အမှန်တော့ အတိုကောက်မှည့်ထားသည့် 'အက်စ်' သည် နာမည်မဟုတ်။ သို့သော်လည်း လူဖြူမဟုတ်သော လူအနေဖြင့် ဘွဲ့နာမအဖြစ် ဂုဏ်ယူကြသည်။

ကျွန်တော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လူဖြူမဟုတ်သူများသည် စိုက်ပျိုးခြံမှနေ၍ အဝေးတစ်နေရာသို့ ခဏတစ်ဖြုတ်ဖြစ်ဖြစ် ခရီးထွက်ကြသည်။ ကျွန်ဘဝမှ လွတ်မြောက်လာခြင်း၏ အရသာကို စမ်းသပ်၍ ခံစားကြည့်ကြခြင်း ဖြစ်ဟန်တူပါသည်။ သူတို့သည် ခရီးထွက်သွားသည့် အရပ်ဒေသ၌ တစ်ခဏမျှနေပြီးသော် သက်ကြီးရွယ်အို အများအပြားသည် သူတို့ ယခင်က နေထိုင်ခဲ့ရာအိမ်များသို့ ပြန်လာကြသည်။ သူတို့၏ ပိုင်ရှင်ဟောင်းများနှင့် ပြန်လည်ဆက်သွယ်ကြသည်။

ကျွန်တော့်အမေ၏ ယောက်ျား၊ ကျွန်တော့်အစ်ကို ဂျွန်နှင့် ကျွန်တော်တို့၏ ပထွေးသည် အမေနှင့် ပိုင်ရှင်တစ်ဦးတည်း မဟုတ်ပါ။ အမှန်အတိုင်းပြောရလျှင် သူသည် ကျွန်တော်တို့ စိုက်ပျိုးခြံသို့ လာခဲလှပါသည်။

ကျွန်တော် မှတ်မိသမျှဆိုလျှင် သူသည် တစ်နှစ်မှတစ်ကြိမ်၊ ခရစ္စမတ်ပွဲတော်ချိန်နီးခါမှ ရောက်လာလေ့ရှိပါသည်။ ကျွန်တော့်ပထွေးသည် ပြည်တွင်းစစ်အတွင်းက ပိုင်ရှင်လက်ထဲမှ ထွက်ပြေးပြီး ပြည်ထောင်စုစစ်သားများ

mgyoe.com

mgyoe.com

နှင့် လိုက်ပါသွားခဲ့ရာမှ 'အနောက်ဗာဂျီးနီးယားပြည်နယ်' တွင်းသို့ ရောက်သွားခဲ့ရ၏။

ကျွန်များ လွတ်လပ်ခွင့် ကြေညာစာတမ်း ထွက်လာသည့်အခါ ကျွန်တော့်ပထွေးသည် ကျွန်တော့်အမေအား အနောက်ဗာဂျီးနီးယား ပြည်နယ် 'ကနာရှာတောင်ကြား' သို့လိုက်လာရန် လူကြုံနှင့်မှာလိုက်သည်။ ထိုခေတ်က ဗာဂျီးနီးယား ပြည်နယ်တွင်းရှိ တောင်တန်းကြီးများကို ကျော်ဖြတ်ပြီး သွားရသည့်ခရီးသည် အလွန်ရှည်ကြာရုံမျှမက အဆမတန်ပင်ပန်းသော ခရီးတစ်ခု ဖြစ်သည်။

ကျွန်တော်တို့သည် အနည်းငယ်မျှသော အိမ်အသုံးအဆောင်ပစ္စည်းများကို လှည်းတစ်စီးပေါ်တင်၍ ခရီးထွက်ခဲ့ကြသည်။ သို့သော်လည်း ကလေးများသည် မိုင်ပေါင်းရာနှင့်ချီ၍ ဝေးသောခရီးကို ခြေကျင်လျှောက်ခဲ့ကြရသည် များပါသည်။

ကျွန်တော်တို့မိသားစုအနေဖြင့် ကိုယ်နေထိုင်ရာ စိုက်ပျိုးခြံကြီးနှင့် အလွန်အလှမ်းဝေးကွာသောနေရာတစ်နေရာသို့ ရောက်သွားရလိမ့်မည်ဟု ကျွန်တော်လုံးဝ မတွေးခဲ့ဖူးပါ။

ထို့ကြောင့်လည်း အခြားပြည်နယ်တစ်ခုအတွင်းသို့ ရောက်အောင်သွားရသည့် ခရီးရှည်ကြီးတစ်ခုသည် ကျွန်တော့်အဖို့ အလွန်ထူးခြားသည့် ဖြစ်ရပ်ကြီးတစ်ခု ဖြစ်နေပါသည်။ စိုက်ပျိုးခြံကြီးမှ ကျွန်ပိုင်ရှင် သခင်ဟောင်းများနှင့်အတူနေ ကျွန်တော်တို့လူမျိုးများအား ခွဲခွာသွားရခြင်းသည် စိတ်ထိခိုက်ကြေကွဲဖွယ်ရာအဖြစ် တစ်ခုဖြစ်ပါ၏။

ကျွန်တော်တို့ ခွဲခွာလာချိန်မှစ၍ သူတို့တစ်တွေ ကွယ်လွန်ချိန်အထိ၊ သက်ကြီးပိုင်းမိသားစုများနှင့် စာအဆက်အသွယ် မပြတ်ခဲ့ကြပါ။ နောက်ပိုင်းနှစ်များတွင်မူ သက်ငယ်ပိုင်း လူငယ်လူရွယ်များနှင့် ကျွန်တော်တို့သည် အဆက်အသွယ် မပြတ်ခဲ့ကြပါ။

ကျွန်တော်တို့ခရီးသည် သီတင်းပတ်ပေါင်းများစွာ ကုန်လွန်ခဲ့ရ၏။ အချိန်ရှိသမျှ ကျွန်တော်တို့သည် လဟာပြင်ထဲ၌ အိပ်ခဲ့ကြရသည်။ အစားအသောက်များကိုလည်း လဟာပြင်ထဲ၌ပင် ထင်းမီးဖိုများနှင့် ချက်ပြုတ်ခဲ့ကြရသည်။ ကျွန်တော် မှတ်မိနေပါသေးသည်။

mgyoe.com

တစ်ညတွင် ကျွန်တော်တို့သည် လူသူစွန့်ပစ်ထားခဲ့သော သစ်လုံးတဲ တစ်လုံးအနီး၌ စခန်းချကြရသည်။ ကျွန်တော့်အမေက အစားအစာကို ထို တဲငယ်အတွင်း၌ ချက်ပြုတ်စားသောက်ပြီး ကြမ်းပေါ်တွင် ကောက်ရိုးများ ခင်း၍ အိပ်ရန်ဆုံးဖြတ်လိုက်သည်။

ဤသို့ဖြင့် မီးဖိုခဲ့ကြရာ ထင်းများကို မီးကောင်းစွာစွဲ၍ မီးတောက်ကြီး လာချိန်တွင် တစ်ကိုက်ခွဲမျှ အရှည်ရှိသော မြွေနက်ကြီးတစ်ကောင်သည် မီးဖိုခေါင်းတိုင်တွင်းမှ ဆင်းလာပြီး ကြမ်းပေါ်၌ လူပ်ရှားသွားလာနေသည်ကို မြင်ကြရသည်။

ကျွန်တော်တို့သည် ချက်ချင်းပင် တဲအတွင်းမှ ထွက်ခဲ့ကြရပါသည်။ နောက်ဆုံးတွင် ကျွန်တော်တို့သည် 'မော်လ်ဒင်' ဟုခေါ်သော မြို့ငယ်လေး တစ်မြို့သို့ ဆိုက်ရောက်ခဲ့ကြရာ ယင်းမြို့ငယ်သည် ယခုအခါ အနောက် ဗာဂျီးနီးယားပြည်နယ်၏ မြို့တော်ဖြစ်နေသည်။ 'ချာကက်စတန်မြို့' နှင့် ငါးမိုင်ခန့်သာ ဝေးပါသည်။

ထိုအချိန်အခါက အနောက်ဗာဂျီးနီးယား ပြည်နယ်ရှိ ယင်းဒေသ ထဲတွင် ဆားချက်လုပ်ငန်းသည် အကြီးဆုံးစက်ရုံလုပ်ငန်း ဖြစ်သည့်အား လျော်စွာ မြို့ငယ်ကလေးမျှသာဖြစ်သော မော်လ်ဒင်းမြို့သည် ဆားချက်မီးဖို ကြီးများ အလယ်ဗဟိုတည့်တည့်ခန့်တွင် တည်ရှိနေသည်။

ကျွန်တော့်ပထွေးသည် ဆားချက်ဖိုတစ်ဖိုတွင် အလုပ်တစ်ခု ရထားသည် ဖြစ်ရာ ကျွန်တော်တို့ မိသားစုနေထိုင်ဖို့အတွက် တဲတစ်လုံးကိုလည်း အဆင် သင့်ရယူထားပြီးပြီ ဖြစ်သည်။

ကျွန်တော်တို့ရသည့် အိမ်သစ်သည် ဗာဂျီးနီးယားပြည်နယ်တွင်းရှိ စိုက်ပျိုးခြံကြီးပေါ်၌ နေထိုင်ခဲ့ရသည့်အိမ်ထက် ပိုမို၍ကောင်းမွန်သည် မဟုတ်ပါ။ ယခင်အိမ်ထက်ပို၍ ဆိုးဝါးသည့် အခြေအနေတစ်ရပ်ပင် ရှိနေ ပါသည်။

ကျွန်တော်တို့ နေထိုင်ခဲ့ရသည့် စိုက်ပျိုးခြံကြီးအတွင်းမှ အိမ်၏အခြေ အနေ အရပ်ရပ်သည် မကောင်းသည်မှာ မှန်သော်လည်း ကျွန်တော်တို့အား လုံး လေကောင်းလေသန့်ကိုတော့ အမြဲတစေရှူရှိုက်ခွင့် ရခဲ့ကြပါသည်။

ကျွန်တော်တို့၏ အိမ်သစ်မှာမူ ပြွတ်သိပ်ကျပ်ညပ်နေသော အိမ်များ၏

mgyoe.com

အလယ်တွင် ရောက်နေခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုဟူ၍ လုံးဝမရှိခြင်း စသည်များကြောင့် ညစ်ပတ်နံစော်နေသော အနံ့အသက်များသည် မခံမရပ်နိုင်လောက်အောင် ဆိုးဝါးလှပါသည်။ ကျွန်တော်တို့၏ အိမ်နီးနားချင်းများ အနက် အချို့မှာ လူဖြူမဟုတ်သော လူများဖြစ်ကြ၍ အချို့မှာ အဆင်းရဲဆုံးနှင့် အသိဉာဏ်အလွန်နည်းပြီး အောက်တန်းကျဆုံးဟု သတ်မှတ်ထားခြင်းခံရသော လူဖြူများဖြစ်ပါသည်။

ကျွန်တော်တို့ အိမ်နီးနားချင်းများမှာ လူတန်းစားမျိုးစုံပါဝင်သော အုပ်စုတစ်စုဖြစ်သည်။ အရက်သောက်ခြင်း၊ မူးယစ်ရမ်းကားခြင်း၊ လောင်းကစားခြင်း၊ ရန်ဖြစ်ခြင်း၊ ထိုးကြိတ်ရိုက်နှက်ခြင်းစသော ကြောက်မက်စဖွယ်ကောင်းသည့် မကောင်းမှုဒုစရိုက်များ လွှမ်းမိုးကြီးစိုးလျက်ရှိသော အုပ်စုဖြစ်သည်။ ဤမြို့ငယ်အတွင်း၌ မှီတင်းနေထိုင်ကြသူ အားလုံးသည် တစ်နည်းမဟုတ်တစ်နည်းနည်းဖြင့် ဆားချက်လုပ်ငန်းနှင့် ဆက်စပ်ပတ်သက် နေကြပါသည်။

ကျွန်တော်သည် ကလေးငယ်အရွယ်မျှသာ ရှိနေသေးသော်လည်း ကျွန်တော့်ပထွေးက ကျွန်တော်နှင့် ကျွန်တော့်အစ်ကိုကို ဆားချက်ဖိုတစ်ခုတွင် အလုပ်လုပ်ခိုင်းထားသည်ဖြစ်ရာ ကျွန်တော်သည် နံနက်လေးနာရီခန့်တွင် အိပ်ရာမှထကာ အလုပ်ခွင်ဝင်ခဲ့ရသည့်အဖြစ်နှင့် မကြာခဏ ရင်ဆိုင်ခဲ့ရပါ၏ ။

စာအုပ်နှင့်ပတ်သက်သော ဗဟုသုတကို ကျွန်တော် ပထမဦးဆုံး ရရှိခဲ့သည့်နေရာသည် ဤဆားချက်ဖိုပင်ဖြစ်ပါသည်။

ဆားချက်ဖိုအတွင်းရှိ ဆားထုတ်လုပ်သော လုပ်သားတိုင်းတွင် စည်ပိုင်းများရှိရာ ယင်းစည်များပေါ်တွင် ကိုယ်ပိုင်နံပါတ်များ ရိုက်နှိပ်ပေးထားသည်။

ကျွန်တော့်ပထွေးအား ပေးထားသည့်နံပါတ်မှာ '၁၈' ဖြစ်ပါသည်။ တစ်နေ့တာလုပ်ငန်း ပြီးစီးသွားသည့်အခါများတွင် ဆားထုတ် လုပ်သားခေါင်းသည် ဖိုအတွင်းသို့ရောက်လာပြီး ကျွန်တော်တို့ ဆားများထည့်ထားသည့် စည်များပေါ်၌ နံပါတ် ၁၈ ကို တစ်လုံးချင်းစီလိုက်၍ ရိုက်နှိပ်ထားလေ့ရှိသည်။

နေ့စဉ်နှင့်အမျှ ထိုဂဏန်းကို မြင်တွေ့နေရသော ကျွန်တော်သည် မကြာခင်မှာပင် ထိုဂဏန်း ၁၈ ကို မှတ်မိလာသည်။

mgyoe.com

mgyoe.com

အက္ခရာစာလုံးများနှင့် ကိန်းဂဏန်းများကို မဖတ်တတ်၊ မရေးတတ်သေးသော ကျွန်တော်သည် ထိုဂဏန်း ၁၈ ကို ကောင်းစွာ သိလာရုံမျှမက ရေးတတ်ဖတ်တတ်သည်အထိ ရင်းနှီးလာခဲ့ပါသည်။

ကျွန်တော်သည် ထိုအချိန်မှစ၍ တစ်စုံတစ်ခုသော အကြောင်းကိုတွေးလာနေမိသည်။ ယင်းမှာအခြားမဟုတ်။ စာဖတ်တတ်ချင်သော စိတ်ပြင်းပြနေခြင်းဖြစ်၏။

ကျွန်တော်သည် ကလေးသာသာမျှ ရှိနေသေးသော ထိုအရွယ်မှစ၍ စိတ်ထဲတွင် ကျိတ်၍ဆုံးဖြတ်ချက်တစ်ချက် ချထားမိခဲ့သည်။

ကျွန်တော့်ဘဝတွင် အခြားအရာများကို ပြီးမြောက်အောင် မလုပ်နိုင်သည့်တိုင်အောင် စာအုပ်များနှင့် သတင်းစာများကို ဖတ်တတ်နိုင်သည်အထိ စာတတ်အောင်တော့ တစ်နည်းနည်းဖြင့် သင်ယူမည်ဟူသော ဆုံးဖြတ်ချက်ဖြစ်ပါ၏။

အနောက်ဗာဂျီးနီးယား ပြည်နယ်အတွင်းရှိ အိမ်သစ်၌ နေသားတကျဖြစ်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ကျွန်တော့်အတွက် စာအုပ်တစ်အုပ်ရှာပေးဖို့ အမေ့အား ပူဆာမိသည်။

အမေ့အနေဖြင့် ဘယ်နေရာမှ ဘယ်လိုနည်းနှင့် ရလာသည်မသိ။ 'ဝက်ဘ်စတား၏' 'ဘလူးဘက်ခ်' အမည်ရှိ စာလုံးပေါင်း စာအုပ်ဟောင်းလေးတစ်အုပ် ရလာသည်။ စာအုပ်ထဲတွင် 'အက္ခရာများ'နှင့် အတူ 'အက်ဘ်'၊ 'ဘာ' 'ကာ'၊ 'ဒါ' ဟူသော စကားလုံးများ ပါရှိသည်။

ကျွန်တော်သည် ဤစာအုပ်အပေါ်တွင် လောဘတကြီး တပ်မက်ခြင်းဖြစ်မိခဲ့သည်။ ကျွန်တော့်လက်ထဲ ပထမဆုံး ရောက်လာသည့် စာအုပ်ဖြစ်ပါ၏။

စာဖတ်တတ်ချင်လျှင် အက္ခရာများကို အလွတ်ရအောင် ကျက်ရမည်ဟုပြောသဖြင့် ကျွန်တော်သည် ဖြစ်နိုင်သည့်နည်းများဖြင့် အက္ခရာများကိုမှတ်မိအောင် ကြိုးစားအားထုတ်ခဲ့ပါသည်။

ကျွန်တော့်အား သင်ကြားပြသပေးမည့် ဆရာဟူ၍ တစ်ယောက်မျှမရှိပါ။ ကျွန်တော့်အား စာသင်ပေးနိုင်မည့် လူတစ်ယောက်မျှ ရှာမရပါ။

ထိုအချိန်က ကျွန်တော်တို့ အနီးအနားရှိ ကျွန်တော်တို့ လူမျိုးများထဲတွင်

စာဖတ်တတ်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပါ။ လူဖြူများထံ ချဉ်းကပ်ပြီး စာသင်ပေးဖို့ပြောရမှာလည်း ကျွန်တော်ကြောက်သဖြင့် မပြောရဲပါ။

မည်သို့ပင်ဖြစ်စေ. . . သီတင်းပတ် အနည်းငယ်မျှအတွင်း ကျွန်တော်တို့သည် အက္ခရာအတော်များများကို မှတ်မိလာခဲ့သည်။ ထို အက္ခရာများကို သင်အံလေ့လာရာ၌ ကျွန်တော်၏ ကြိုးစားအားထုတ်မှုများကို အများဆုံး ကူညီအားပေးခဲ့သူမှာ ကျွန်တော့်အမေ ဖြစ်ပါသည်။

အမေသည် သူတတ်နိုင်သည့် နည်းများဖြင့် ကျွန်တော့်အား ကူညီရှာသည်။ သူ့အနေဖြင့် စာတစ်လုံးမှ မတတ်သော်လည်း ကျွန်တော်၏ ပြင်းပြသော ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစား၍ ကူညီရှာသည်။

အမေသည် သူ့သားသမီးများအတွက် ရည်မှန်းချက် မြင့်မြင့်မားမားထားသည်။ သားသမီးများအတွက် ကြီးမားသော မေတ္တာ စေတနာအပြည့်ဖြင့် ရင်ဆိုင်လာရသမျှ အခြေအနေအရပ်ရပ်နှင့် အခက်အခဲတိုင်းကို ဒိုင်ခံ၍ ရင်ဆိုင်သည်။ ဖြေရှင်းနိုင်အောင် အားထုတ်သည်။

သူ့တွင်ရှိနေသည့် အသိဉာဏ်နှင့် ထိုးထွင်းဉာဏ်များကို အသုံးပြုကာ ခက်ခဲပင်ပန်းစွာ ရုန်းကန်သည်။

အကယ်၍ ကျွန်တော်သည် ကျွန်တော့်ဘဝထဲ၌ လူအများက အာရုံစူးစိုက်နိုင်လောက်သည့် အလုပ်တစ်ခုကို လုပ်ခဲ့သည် ဆိုငြားအံ့၊ ထိုအလုပ်ကို လုပ်ဖြစ်စေခဲ့သည့် စိတ်နေစိတ်ထားသည် အမေ့ထံမှရလာသည့် စိတ်အမွေကြောင့် ဖြစ်သည်မှာ ယုံမှားဖွယ်မရှိပါ။

ပညာတတ်မြောက်လိုသော ဆန္ဒဖြင့် ကျွန်တော် ရုန်းကန်လှုပ်ရှားနေခိုက်တွင် အိုဟိုင်းယိုးပြည်နယ်၌ ပညာသင်ကြားခွင့်ရခဲ့သော လူငယ် လူမည်းတစ်ယောက် မော်လ်ဒင်မြို့သို့ ရောက်လာသည်။ သူ စာဖတ်တတ်ကြောင်း သိလိုက်သည်နှင့် တစ်ပြိုင်နက် လူမည်းများသည် သတင်းစာတစ်စောင် စုဝယ်ပြီး နေ့စဉ် အလုပ်ပိတ်ချိန်တိုင်း ထိုလူငယ်အား သတင်းစာထဲ၌ ပါသမျှကို ဖတ်ခိုင်းကာ နားထောင်ကြသည်။ သူ့ပတ်ပတ်လည်တွင် ဝိုင်းအုံနေကြသော အမျိုးသား၊ အမျိုးသမီးများကို မြင်ရသောအခါတိုင်း ကျွန်တော့်ရင်ထဲတွင် သူ့အပေါ် မနာလိုစိတ် ဖြစ်မိပါသည်။

mgyoe.com

mgyoe.com


ကျွန်တော့်အဖို့တော့ သူ၏ အောင်မြင်မှုအတွက် အလွန်သာယာကျေနပ်နေသော လူငယ်တစ်ယောက်ဟုပင် မြင်မိပါ၏။

ဤအချိန်လောက်မှာပင် လူဖြူမဟုတ်သော ကလေးသူငယ်များအတွက် ရွာထဲ၌ စာသင်ကျောင်းတစ်ကျောင်းဖွင့်ရန် လူကြီးများကြား၌ ဆွေးနွေးလာကြသည်။

အကယ်၍သာ ကျောင်းဖွင့်ဖြစ်မည်ဆိုပါက ဗာဂျီးနီးယားပြည်နယ်တွင်း၌ နီးဂရိုးကလေးငယ်များအတွက် ပထမဆုံးကျောင်း ဖြစ်လာလိမ့်မည်မှာ မလွဲ၊ အလွန်ကြီးမားသော ဖြစ်ရပ်တစ်ခု ဖြစ်လာဖို့လည်း ရှိ၏။

ထို့ကြောင့်လည်း ဤကိစ္စကို ဆွေးနွေးပြီဟု သိလိုက်ရချိန်မှစ၍ လူမည်းများကြားတွင် စိတ်လှုပ်ရှားမှုများ ရှိလာရုံမျှမက လူအများ၏ ပါးစပ်ဖျားတွင် ပြော၍ အကောင်းဆုံးသော အကြောင်းအရာတစ်ခု ဖြစ်လာခဲ့ပါသည်။

ကျောင်းဖွင့်ရေးအတွက် စိတ်ရှုပ်စရာ အကောင်းဆုံးသော ပြဿနာမှာ ဆရာတစ်ယောက် ရရှိရေးဖြစ်သည်။ အိုဟိုင်းယိုးပြည်နယ်မှ ရောက်လာသည့် သတင်းစာဖတ်ဖတ်ပြသော လူငယ်ကို ဆရာအဖြစ်သို့ ထားသင့်၊ မထားသင့် စဉ်းစားကြသည်။ သို့သော်လည်း သူ့အသက်က ငယ်လွန်းနေသည်။

ဆရာ ရရှိရေးကိစ္စကို ဆွေးနွေးနေကြသည့် အတောအတွင်းမှာပင် အိုဟိုင်းယိုးပြည်နယ်မှ လူဖြူမဟုတ်သော လူငယ်တစ်ဦးသည် မော်လ်ဒင်မြို့သို့ ဆိုက်ရောက်လာပြန်သည်။

ထိုလူငယ်သည် စစ်သားတစ်ယောက် လုပ်ခဲ့ဖူးပြီး ပညာအရည်အချင်းလည်း အတော်အသင့်ရှိကြောင်း သိလာကြသည်။ ထိုအခါ လူမည်းများသည် သူတို့ပထမဆုံး ဖွင့်လှစ်မည့်ကျောင်းတွင် ထိုလူငယ်အား ဆရာအဖြစ် ခန့်ထားရန် ရွေးချယ်လိုက်ကြပါသည်။

ထိုအချိန်အခါက လူဖြူမဟုတ်သူများအတွက် အခမဲ့ပညာကျောင်းများ မရှိသေးသည့်ခေတ် ဖြစ်သည့်အားလျော်စွာ မိသားစုတိုင်းက လစဉ် သင့်တင့်လျောက်ပတ်သော ထောက်ပံ့ငွေပေးရန် သဘောတူကြသည်။

ဆရာ၏နေရေးနှင့် စားရေးအတွက်ကိုမူ မိသားစုတစ်စုချင်းစီက အလှည့်ကျ တာဝန်ယူသွားရန်ဖြစ်ပြီး၊ ဤစနစ်အရ ကျောင်းဆရာသည်

mgyoe.com

mgyoe.com


မိသားစုတစ်စုထံ တစ်နေ့တာမျှ သွားရောက်နေထိုင်ရသည်။ မိသားစုက တစ်နေ့တာ စားရေးနှင့်နေရေးကို တာဝန်ယူပေးရ၏။

ဤစနစ်သည် ဆရာ့အတွက် မဆိုးလှဟု ထင်ပါသည်။ အဘယ် ကြောင့်ဆိုသော် မိသားစုတိုင်းသည် သူတို့အိမ်သို့ ဧည့်သည်အဖြစ် ရောက် လာသည့်ဆရာအား အကောင်းဆုံးအစားအစာဖြင့် တည်ခင်း ဧည့်ခံကြသော ကြောင့်ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ကျွန်တော်တို့တဲသို့ ဆရာ ရောက်လာမည့်နေ့တိုင်း အစားကောင်းစားရမည့် အရေးကိုတွေးကာ တမျှော်မျှော်ဖြစ်ခဲ့ရဖူးသည်ကို ယနေ့ထက်တိုင် မမေ့သေးပါ။

မည်သို့ပင်ဖြစ်စေ… ကာနာဂှာ တောင်ကြားအတွင်း၌ ကျောင်းဖွင့်ခြင်း အတွက် စိတ်အထိခိုက်ရဆုံးလူသည် ကျွန်တော်ဖြစ်နေသည်။ ကျွန်တော် ဆားချက်ဖိုတွင် အလုပ်လုပ်နေခဲ့သည်မှာ လပေါင်းများစွာကြာခဲ့ပြီ။

ကျွန်တော့်ပထွေးသည် ကျွန်တော့်တွင် ငွေကြေးတန်ဖိုး ရှိနေသည်ကို သတိထားမိနေပြီ။ ထို့ကြောင့်လည်း သူသည် ကျောင်းဖွင့်သည့်အခါ ကျွန်တော့်အား အလုပ်ဖျက်ပြီး ကျောင်းတက်ခွင့်မပြုနိုင်ဟု ဆုံးဖြတ်လိုက် ပါသည်။

ဤဆုံးဖြတ်ချက်သည် ကျွန်တော့် ရည်မှန်းချက်အားလုံးကို တိမ်ထူကြီး ဖုံးအုပ်သလို ဖြစ်သွားခဲ့ရ၏။

ပိုမို၍စိတ်ထိခိုက်စရာကောင်းနေသည့်အချက်မှာ ကျွန်တော် အလုပ်လုပ် နေသော နေရာမှနေ၍ မနက်ခင်းနှင့်နေ့ခင်းတိုင်း ပျော်ရွှင်မြူးထူးစွာ သွားလာ လှုပ်ရှားနေကြသည့် ကျွန်တော့်အရွယ် ကျောင်းသွားကျောင်းပြန် ကလေး သူငယ်များကို မြင်တွေ့နေရခြင်း ဖြစ်သည်။

ကျွန်တော့်ရင်ထဲ၌ စိတ်နှလုံးမသာယာမှု ရှိနေသော်လည်း စာတတ်ရေး အတွက် လုပ်လက်စအလုပ်လေးကိုတော့ ဆက်လုပ်မည်ဟု ကျွန်တော် အခိုင်အမာ ဆုံးဖြတ်ထားသည်။

ဤဆုံးဖြတ်ချက်ဖြင့် ကျွန်တော်သည် ဝက်ဘ်စတာ စာလုံးပေါင်းစာအုပ် ကို ကျေညက်အောင် အထူးတလည် ကြိုးစားကျက်မှတ်ခဲ့သည်။

ကျွန်တော် အလွန်စိတ်ထိခိုက်နေသည်ကို နားလည်သောအမေသည်

mgyoe.com

mgyoe.com


ကျွန်တော့်အား စိတ်သက်သာရာရစေရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားရှာသည်။ စာသင်ခွင့်ရရန်လည်း သူ့နည်းသူ့ဟန်ဖြင့် ရှာဖွေခြင်းပြုသည်။

ဤသို့ဖြင့် ရက်အနည်းငယ်မျှ ကြာသောအခါ ကျွန်တော့်အား အလုပ်ဆင်းချိန် ညပိုင်း၌ စာသင်ပေးရန် ဆရာနှင့် စီစဉ်နိုင်ခဲ့သည်။

ကျွန်တော် သင်ယူနေရသည့် ညပိုင်းသင်ခန်းစာများသည် အလွန်ကောင်းနေသည်ဖြစ်ရာ နေ့ခင်းကျောင်းတက်ပြီး သင်ကြားနေကြရသည့် ကလေးသူငယ်များထက် ကျွန်တော်က ပို၍တတ်လိမ့်မည်ဟုပင် ကျွန်တော့်စိတ်က ထင်နေမိပါ၏။

ကျွန်တော်၏ညကျောင်းအတွေ့အကြုံများအရ ကျွန်တော်သည် ညကျောင်းလုပ်ငန်းအပေါ် ယုံကြည်သက်ဝင်မှုကြီးမားလာခဲ့ရပါသည်။

နောက်နှစ်များအတွင်းတွင်လည်း ကျွန်တော်သည် ဟင်ပတန်နှင့် တက်ခ်ိဘီဂီရှိ ညကျောင်းများတွင် ညကျောင်းတက်ခဲ့ရသေးသည်ဖြစ်ရာ ကျွန်တော်၏ ညကျောင်းပညာသင်ကြားမှု လုပ်ငန်းအပေါ် ယုံကြည်မှုသည် တိုး၍ခိုင်မာ စွဲမြဲလာခဲ့ရပါသည်။

သို့တစေလည်း ကျွန်တော်၏နုနယ်သော နှလုံးသားသည် နေ့ကျောင်းတက်နိုင်ရေးကိုသာ စွဲလမ်းနေဆဲဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော့်ဆန္ဒကို အခါအခွင့်သင့်တိုင်း ဖော်ထုတ်ခဲ့သည်။ အခွင့်အလမ်းပေါ်လာလျှင် အမိအရဆုပ်ကိုင်ရန်လည်း အမြဲတစေ ချောင်းနေခဲ့သည်။

နောက်ဆုံးတွင် ကျွန်တော်လိုချင်နေသော အရာကို ရရှိခဲ့သည်။ ကျွန်တော့်အား ခြွင်းချက်တစ်ခုဖြင့် နေ့ကျောင်းတက်ခွင့်ကို ပေးခဲ့ကြပါသည်။

ခြွင်းချက်အရ ကျွန်တော်သည် မနက်တိုင်း အိပ်ရာမှ အစောကြီးထကာ ဆားချက်ဖိုသို့သွား၍ နံနက်ကိုးနာရီထိုးချိန်အထိ အလုပ်လုပ်ရသည်။ မွန်းလွဲပိုင်း ကျောင်းဆင်းသည်နှင့်တစ်ပြိုင်နက် ချက်ချင်း အလုပ်ခွင်သို့ ပြန်ဝင်ရသည်။ ဤသို့ဖြင့် ကျွန်တော်သည် တစ်နေ့လျှင် အနည်းဆုံး နှစ်နာရီမျှ အချိန်ပို၍ လုပ်ပေးရပါသည်။

ကျောင်းသည် ဆားချက်ဖိုနှင့်ဝေးသည်ဖြစ်ရာ နံနက်ကိုးနာရီထိုးအထိ အလုပ်လုပ်ပေးနေရသော ကျွန်တော့်အဖို့ ကိုးနာရီတိတိတွင် တက်ရသော

mgyoe.com

mgyoe.com

ကျောင်းသို့ အချိန်မီရောက်အောင်သွားရာ၌ အခက်အခဲတစ်ခုနှင့် ရင်ဆိုင်နေရသည်။

အမြဲလိုလို ကျွန်တော်ကျောင်းသို့ ရောက်သွားချိန်တွင် စာသင်နေပြီ။

တစ်ခါတစ်ရံတွင် ကျွန်တော့်အတန်းမှ ကျောင်းသားများသည် စာပင်ပြန်နေကြပြီ။ ဤအခက်အခဲကို ကျော်လွှားနိုင်ရန်အတွက် ကျွန်တော်သည် ကိုယ့်စိတ်ကိုအလိုလိုက်ကာ လူအများက ပြစ်တင်ရှုတ်ချမည့် အလုပ်တစ်ခုကို လုပ်ခဲ့မိပါသည်။

မည်သို့ပင်ဖြစ်စေ. . .အမှန်တကယ်ဖြစ်ပျက်ခဲ့သော အရာတစ်ခုဖြစ်သဖြင့် ကျွန်တော့်အနေဖြင့် မဖော်ပြ၍မဖြစ်ဟု ထင်ပါသည်။ ကျွန်တော်သည် အဖြစ်မှန်များ၏ သြဇာနှင့်ထက်မြက်မှုအပေါ်တွင် ယုံကြည်သက်ဝင်မှုရှိသူတစ်ဦး ဖြစ်ပါသည်။

ကိစ္စတစ်ခုတွင် အဖြစ်မှန်ကို ဖုံးကွယ်ထားခြင်းအား အကျိုးဖြစ်ထွန်းမှု မရှိနိုင်ဟုလည်း ယုံကြည်သူလည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်ပြုမိခဲ့သည့်လုပ်ရပ်ကို ဖော်ပြလိုပါသည်။

ကျွန်တော် အလုပ်လုပ်နေသော ဆားချက်ဖို၏ ရုံးခန်းလေးတစ်ခုအတွင်း၌ နာရီကြီးတစ်လုံးရှိသည်။ အလုပ်ခွင်ရှိ အလုပ်သမားအားလုံးသည် သူတို့၏တစ်နေ့တာလုပ်ငန်း စချိန်နှင့်ဆုံးချိန်အတွက် ထိုနာရီကြီးအပေါ်၌ အမှီပြုကြရင်း ကျွန်တော်ကျောင်းသို့ အချိန်မီရောက်နိုင်ရန်အတွက် နာရီကြီး၏လက်တံများကို ရှစ်နာရီခွဲချိန်တွင် ကိုးဂဏာန်းပေါ်သို့ ရွှေ့ထားလိုက်လျှင် အဆင်ပြေဖွယ်ရာရှိသည်ဟု စိတ်ကူးရလာပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် နံနက်တိုင်းလက်တံများကို နာရီဝက်စောရွှေ့လာခဲ့ရာ နောက်ဆုံးတွင် အလုပ်ရှင် သိသွားပါတော့သည်။

အလုပ်ရှင်သည် မည်သူမည်ဝါလုပ်သည်ဟု အတိအကျမသိသေးသော်လည်း သင်္ကာမကင်း ဖြစ်လာပုံရ၏။ ထို့ကြောင့်လည်း သူသည် နာရီကို မှန်သေတ္တာတစ်လုံးနှင့်ထည့်ကာ သော့ခတ်ထားလိုက်သည်။

အမှန်အတိုင်းပြောရလျှင် ကျွန်တော်သည် မည်သူ့ကိုမှ ထိခိုက်နစ်နာစေလိုသော စေတနာဖြင့် ပြုလုပ်ခဲ့ခြင်း မဟုတ်ပါ၊ ကျောင်းကို အချိန်မီရောက်လိုသော ဆန္ဒကြောင့်သာ ဤအလုပ်ကို လုပ်ခဲ့မိခြင်း ဖြစ်ပါ၏။

mgyoe.com

mgyoe.com


ကျွန်တော် ကျောင်းစတက်ချိန်တွင် ပြဿနာနှစ်ခုနှင့် ရင်ဆိုင်ခဲ့ရပြန်သည်။ ပထမတစ်ခုမှာ ကလေးသူငယ်အားလုံး ဦးထုပ်ဆောင်းကြခြင်း ဖြစ်သည်။

ကျွန်တော့်တွင်မူ ဦးထုပ်မရှိပါ။ ကျောင်းစတက်ချိန်တွင် ဘာသိဘာသာ နေလို့ရသော်လည်း ကြာလာသည့်အခါ ကျွန်တော်တစ်ဦးတည်း ဦးထုပ်မပါသည့်အတွက် စိတ်ထဲ၌ ကသိကအောက် ဖြစ်လာရပါသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော်သည် ငယ်စဉ်ကတည်းက ကျောင်းစတက်ချိန်အထိ ဦးထုပ်ဆောင်းခဲ့ရသည်မဟုတ်ပါ။ ဦးထုပ် ဆောင်းဖို့ လိုအပ်ကြောင်း ပြောမည့်လူလည်း မရှိခဲ့ပါ။

ယခုအခါတွင်မူ အခြားကလေးအားလုံး ဦးထုပ်ကိုယ်စီနှင့် ဖြစ်နေသည်ကို တွေ့နေရသည့်အခါ စိတ်ထဲတွင် မသက်မသာ ဖြစ်လာရပါသည်။

ထုံးစံအတိုင်း ကျွန်တော်သည် ဤပြဿနာကို အမေ့ထံတင်ပြသည်။ အမေကလည်း "စတိုးဆိုင်မှဦးထုပ်" တစ်လုံးဝယ်ဖို့ ငွေမရှိဟုပြောသည်။ ထိုခေတ်အခါက ကျွန်တော်တို့လူမျိုးများကြားတွင် ဦးထုပ်ဆောင်းသော အလေ့အထသည် အသစ်အဆန်း ဓလေ့ထုံးစံတစ်ခုဖြစ်၏။ ဆောင်းမည်ဆိုပါကလည်း တန်ဖိုးကြီးသော ဦးထုပ်တစ်လုံး ကိုယ်ပိုင်ရှိရန်မှာ လွယ်ကူသောကိစ္စတစ်ခု မဟုတ်ပါ။

သို့သော်လည်း အမေက ယင်းအခက်အခဲ ပြေလည်စေရန် သူ နည်းလမ်းရှာ၍ လုပ်ပေးပါမည်ဟု ကတိပေးသည်။ အမေသည် ချက်ချင်းပင် အိမ်တွင်းရက်ထည်ဖြစ်သော ဂျင်းအစနှစ်စကို ပေါင်းစပ်၍ ချုပ်လိုက်ခြင်းဖြင့် ဦးထုပ်တစ်လုံးဖြစ်လာအောင် ဖန်တီးပေးသည်။ ချက်ချင်းပင် ကျွန်တော်သည် ဂုဏ်သိက္ခာတက်သည့် ဦးထုပ်ပိုင်ရှင်အဖြစ်သို့ ရောက်သွားခဲ့ရပါသည်။

ဤအခက်အခဲတွင် အမေဖြေရှင်းပေးခဲ့သော လုပ်နည်းလုပ်ဟန်သည် ကျွန်တော့်အတွက် သင်ခန်းစာကောင်းတစ်ခု ဖြစ်ခဲ့ရပါသည်။

ထိုသင်ခန်းစာသည် ကျွန်တော့်စိတ်တွင် အမြဲတစေ စွဲထင်ကိန်းအောင်းနေခဲ့သည်ဖြစ်ရာ ဤသင်ခန်းစာမျိုးကို တခြားလူများအား သင်ကြားပေးနိုင်ရန် ကျွန်တော် အမြဲတစေ အားထုတ်ခဲ့ပါသည်။

ဤဖြစ်ရပ်ကလေးကို ပြန်၍သတိရလိုက်တိုင်းလည်း ကျွန်တော့်ရင်ထဲ

mgyoe.com

mgyoe.com


တွင် ဂုဏ်ယူဝင့်ကြွားစိတ် အမြဲတစေ ကိန်းအောင်းခဲ့ရပါသည်။

တကယ်တော့ အမေသည် သူမတတ်နိုင်သော အလုပ်တစ်ခုအတွက် စိတ်အလိုသို့ လိုက်မသွားမိအောင် ထိန်းသိမ်းနိုင်သည့် စိတ်ဓာတ်အင်အားနှင့် အကျင့်စရိုက်ကို ပိုင်ဆိုင်သူဖြစ်၏။

ယခုကိစ္စတွင် သူဝယ်မပေးနိုင်သော ဦးထုပ်ကို မဝယ်ယူဘဲနှင့် ရလာအောင် စွမ်းဆောင်ပေးခြင်းအားဖြင့် အခြားလူများက ဝယ်ပေးသည်ဟု အထင်အမြင်ရှိလာအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

ကျွန်တော် ဦးထုပ်ဝယ်ပေးဖို့ ပူဆာခဲ့စဉ်က အမေသည် ငြင်းဆန်ခဲ့၏။

သူမတတ်နိုင်သောငွေကို ကြွေးအတင်ခံပြီး ဝယ်မပေးနိုင်ဟု ကျွန်တော့်အား နားလည်အောင် ရှင်းပြခဲ့ပြီး မည်သို့ပင်ဖြစ်စေ. . . ထိုအချိန်မှစ၍ ကျွန်တော်သည် ကက်ဦးထုပ်များနှင့် ရိုးရိုးဦးထုပ်များစွာကို အလှည့်ကျ ဆောင်းနိုင်လောက်အောင် ပိုင်ဆိုင်ခဲ့ရပါသည်။

သို့သော်လည်း အမေ့ ပထမဆုံး ဂျင်းစနစ်စဖြင့် ပေါင်းစပ်ပြီး ချုပ်ပေးခဲ့သည့် ဦးထုပ်လောက် မြတ်နိုးတွယ်တာခြင်း၊ ဂုဏ်ယူဝင့်ကြွားခြင်း မဖြစ်ခဲ့ပါ။

ထိုစဉ်က ကျွန်တော် သတိပြုခဲ့မိသော အချက်တစ်ချက်ကို ဖော်ပြရန် မလိုဟု ထင်ထားသော်လည်း ဖော်ပြသင့်သည်ဟု ယူဆမိသဖြင့် ပြောပြလိုပါသည်။

ကျောင်းစတက်ချိန်က စတိုင်းဆိုင်မှ ဈေးကြီးကြီးပေးဝယ်ထားရသော ဦးထုပ်များကို ဆောင်းခဲ့ကြသည့် ကျွန်တော့်ကျောင်းနေဖက် အများအပြားထဲမှ လူများစုသည် သူတို့ဘဝများကို အကျဉ်းထောင်ထဲ၌ အဆုံးသတ်ခဲ့ကြရပြီး အချို့မှာ ယခုအချိန်တွင် မည်သည့်ဦးထုပ်မျိုးကိုမှ ဝယ်၍မဆောင်းနိုင်ကြတော့သည့် ဘဝသို့ ရောက်နေကြသည်ကို တွေ့မြင်ရပါသည်။

ဒုတိယ ပြဿနာမှာ ကျွန်တော့်နာမည် ဖြစ်သည်။ ကျွန်တော် လူမှန်းသူမှန်း သိတတ်စအရွယ်ကတည်းက ကျွန်တော့်အား "ဘွတ်ကား" ဟု ခေါ်ခဲ့ကြသည်။

ကျွန်တော် ကျောင်းမတက်မီအချိန်ထိ ကျွန်တော့်တွင် နောက်ထပ် အပိုနာမည်တစ်ခုရှိဖို့ လိုအပ်သည်ကို လုံးဝသတိမထားမိခဲ့ပါ။

mgyoe.com

mgyoe.com


ကျောင်းရောက်၍ ကျောင်းခေါ်ချိန်ရောက်သည့်အခါကျမှ အခြားကျောင်းသားအားလုံးတွင် နာမည်နှစ်မျိုးရှိနေသည်ကို သတိထားမိခဲ့သည်။

အချို့ကျောင်းသားများတွင် နာမည်သုံးမျိုးအထိ ရှိနေကြသည်ကိုလည်း သတိပြုလာခဲ့မိပါသည်။

ကျွန်တော်များစွာ ခေါင်းရှုပ်ခဲ့ရပါသည်။ ဆရာ့အနေဖြင့် ကျောင်းသားမှတ်ပုံတင်စာရင်းတွင် ကျွန်တော့်နာမည်ကို ရေးသွင်းရန် မေးလာပါက ကျွန်တော် ဘယ်လိုဖြေရပါမည်နည်း။ ကျွန်တော် မျှော်လင့်ထားသည့်အတိုင်း ဆရာက ကျွန်တော့်နာမည်ကို မေးသည့်အခါ ကျွန်တော်သည် လွယ်လင့်တကူပင် "ဘွတ်ကား ဝါရှင်တန်"ဟု ပြောလိုက်ပါသည်။

တစ်သက်တာပတ်လုံး ထိုနာမည်ကို အခေါ်ခံထားရသည့် လူတစ်ယောက်သဖွယ် အေးဆေးတည်ငြိမ်စွာ အဖြေပေးခဲ့မိခြင်းဖြစ်ပါ၏။

နောက်ပိုင်းကျခါမှ ကျွန်တော့်အား ကျွန်တော့်အမေက သူ့ဝမ်းတွင်းမှ အပြင်သို့ရောက်ချိန်ကတည်းက 'ဘွတ်ကား တာလီယာ ဖာရီး' ဟု အမည်ပေးထားကြောင်း သိရသည်။

တစ်နည်းအားဖြင့် တွက်မည်ဆိုပါက ကျွန်တော်၏နာမည် အစိတ်အပိုင်းတစ်ခုသည် ပျောက်ကွယ်သွားရတော့မလို ဖြစ်နေပါသည်။ သို့သော်လည်း ထိုအကြောင်းကိုသိလျှင်သိချင်း ကျွန်တော်သည် ကျွန်တော့် နာမည်ရင်းကို ပျောက်မသွားစေရန် ကျွန်တော့်နာမည်ကို 'ဘွတ်ကား တာလီယာ ဖာရီး ဝါရှင်တန်'ဟု ပြောင်းလိုက်ပါသည်။

ကျွန်တော့်အထင်ပြောရပါမူ ကျွန်တော်တို့နိုင်ငံထဲ၌ ကိုယ့်နာမည်ကို ကိုယ့်ဘာသာကိုယ် စိတ်တိုင်းကျ မှည့်ခေါ်နိုင်ခွင့်ရခဲ့သည့် လူအရေအတွက်သည် အများအပြားရှိလိမ့်မည် မဟုတ်ပါ။

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် ထူးခြားထင်ရှားပြီး ဂုဏ်သရေရှိသည့် ဘိုးဘွားဘီဘင်မှ ဆင်းသက်လာခဲ့သော လူငယ်တစ်ဦး (သို့မဟုတ်) လူကြီးတစ်ဦးအဖြစ် သိမြင်လိုသဖြင့် ကျွန်တော့်အမေ့ဘက်မှ မျိုးရိုးစဉ်ဆက်ကို ဂရုတစိုက်လေ့လာခဲ့ဖူးပါသည်။ ကျွန်တော်ဆက်ခံရမည့် မျိုးရိုးနာမည်၊ ပစ္စည်းဥစ္စာနှင့် မိသားစုရာဇဝင်ကိုပါ မရမနေ စူးစမ်းရှာဖွေခဲ့ဖူးပါသည်။

mgyoe.com

mgyoe.com


ဤကြားထဲမှပင် ကျွန်တော်သည် တစ်ခါတစ်ရံတွင် ဤကဲ့သို့တွေးမိသည်။ အကယ်၍သာ ကျွန်တော်သည် ချမ်းသာကြွယ်ဝပြီး ဂုဏ်သရေ အလွန်မြင့်မားသော ဘိုးဘွားဘီဘင်များမှ ဆင်းသက်လာခဲ့ရသူတစ်ဦး ဖြစ်ခဲ့ပါမူ ကျွန်တော့်အနေဖြင့် မိမိဘာသာမိမိ ကြိုးစားအားထုတ်၍ လုပ်ရမည့် အလုပ်များကို မလုပ်ဘဲ မျိုးရိုးဂုဏ်အပေါ် အမှီသဟဲပြုသော ပေါ့ပေါ့တန်တန်သမား ဖြစ်သွားဖို့ရှိသည်ဟူသော အတွေးဖြစ်ပါ၏။

ထို့ကြောင့်လည်း ကျွန်တော်သည် လွန်လေပြီးခဲ့သော နှစ်များစွာကတည်းက ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ခဲ့သည်။ ယင်းမှာ အခြားမဟုတ်ပါ။ ကျွန်တော့်တွင် ဂုဏ်သရေမြင့်မားသော ဘိုးစဉ်ဘောင်ဆက် မရှိခဲ့သည့်အတွက် ကျွန်တော့်ဘဝသမိုင်းတွင် ကျွန်တော့်သားသမီးများက ဂုဏ်ယူဝင့်ကြွားနိုင်လောက်သည့် ကြိုးစားအားထုတ်မှုများ တည်ရှိလာနိုင်ပါသည်။

သို့ဆိုပါက ကျွန်တော်၏ဘဝသမိုင်းသည် ကျွန်တော့်သားသမီးများအား ကျွန်တော့်ထက်ပိုမို၍ ကြိုးစားအားထုတ်ချင်စိတ်များ ကိန်းအောင်းလာအောင် တွန်းအားပေးနိုင်လိမ့်မည်ဟူသော အဆုံးအဖြတ်ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ အခြားလူမျိုးများအနေဖြင့် နီဂရိုးတစ်ယောက် အထူးသဖြင့် နီဂရိုးလူငယ် တစ်ယောက်အား အလွန်စိတ်မြန်လွန်းသည်။ (သို့မဟုတ်) ကြမ်းတမ်းရိုင်းစိုင်းလွန်းသည်ဟု လွယ်လွယ်နှင့် မဆုံးဖြတ်သင့်ပါ။ နီဂရိုးလူငယ်တွင် အဟန့်အတားနှင့် အခက်အခဲများ ရှိနေပါသည်။

စိတ်ပျက်စရာ စိတ်အားငယ်စရာများလည်း ရှိနေပါသည်။ သူ ရင်ဆိုင်နေရသော အခြေအနေမျိုးနှင့် မတွေ့မကြုံဖူးသူများ အသိနည်းသည့် ဆန္ဒအာရုံများနှင့် စစ်ခင်းနေရသူလည်း ဖြစ်ပါသည်။

လူဖြူလူငယ်တစ်ဦးအနေဖြင့် အလုပ်တာဝန်တစ်ခုကို ယူလိုက်သည့်အခါ အားလုံးက အောင်မြင်လိမ့်မည်ဟု ယူဆကြသည်။

အကယ်၍ ထိုလုပ်ငန်းတာဝန်များကို နီဂရိုးလူငယ်တစ်ယောက်က အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါမူ လူအများက တအံ့တဩဖြစ်ကြသည်။

ဘာကြောင့် ထိုကဲ့သို့ ဖြစ်ရပါသနည်း။ ဤကိစ္စသည် အလွန်ရှင်းပါသည်။ တကယ်တော့ နီဂရိုးလူငယ်သည် ထိုလုပ်ငန်းတာဝန်ကို စတင်ဆောင်ရွက်စဉ်ကတည်းက အထင်အမြင်သေးမှုဖြင့် လုပ်ကိုင်ခဲ့ရသည့်

mgyoe.com

mgyoe.com

မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ. . . လူတစ်ယောက် (သို့မဟုတ်) လူမျိုးတစ်မျိုးအနေဖြင့် မိဘမျိုးရိုးအပေါ် အလွန်အကျွံ အမှီမပြုဟုဆိုပါက မိဘမျိုးရိုး ဇာတိအရှိန်အဝါ ဩဇာသည် ထိုလူ (သို့မဟုတ်) ထိုလူမျိုး၏ တိုးတက်ရေးအတွက် အလွန်အရေးပါ အရာရောက်သည့် တွန်းအားတစ်ခုဖြစ်ပါသည်။

ဤနေရာတွင် နီဂရိုးလူငယ်များ၏ ကိုယ်ကျင့်တရား အားနည်းချက်များအပေါ် အာရုံစူးစိုက်နေကြသူများနှင့် နီဂရိုးလူငယ်များ၏ တိုးတက်မှုကို လူဖြူလူငယ်များ၏ တိုးတက်မှုနှင့် နှိုင်းယှဉ်ကြည့်နေကြသူများအတွက် အချက်တစ်ချက် တင်ပြလိုပါသည်။

ယင်းပုဂ္ဂိုလ်များသည် နီဂရိုးလူငယ်များ၊ ငယ်ရွယ်နုနယ်စဉ်က သူတို့မိသားစုများ အခြေစိုက်ရာ နေအိမ်များနှင့် ယာတောများအတွင်း၌ သူတို့တွေ့ကြုံဖြတ်သန်းခဲ့ရသည့် အမှတ်တရဖြစ်ရပ်များ၏ ဩဇာကြီးမားမှုကို ထည့်သွင်းစဉ်းစားခြင်းမပြုကြပါ။

ကျွန်တော် တစ်နေရာ၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကျွန်တော့်အဘွားမည်သူမည်ဝါဖြစ်သည်ဟု မသိခဲ့ပါ။ ကျွန်တော့်တွင် ဦးကြီး ဦးလေးများ၊ ဒေါ်ကြီး ဒေါ်လေးများနှင့် ဝမ်းကွဲညီအစ်ကိုမောင်နှမများ မရှိခဲ့ပါ။ သူတို့တစ်တွေ ဘယ်လိုလူစားများဖြစ်သည်ကိုလည်း မသိပါ။

ကျွန်တော့်အဖြစ်သည် ကျွန်တော်တို့ နိုင်ငံတွင်းရှိ နေရာအနှံ့အပြား၌ နေထိုင်လျက်ရှိကြသည့် ထောင်ပေါင်းများစွာသော လူမည်းများ၏ ဘဝသရုပ်ကို သိသာမြင်သာအောင် မီးမောင်းထိုးပြနေသည့် အရာတစ်ခု ဖြစ်ပါသည်။

အကယ်၍ လူဖြူလူငယ်တစ်ဦးသည် သူ့ဘဝတွင်ကျဆုံးမှုနှင့်ရင်ဆိုင်ရပါက မျိုးဆက်အများအပြား တည်ရှိနေသည့် မိဘဘိုးဘွားများအား ဂုဏ်သိက္ခာကင်းမဲ့သွားအောင် လုပ်သလို ဖြစ်လိမ့်မည်ဟူသော အချက်ကို ကောင်းစွာသိနေပါသည်။ ဤအချက်သည် စိတ်အလိုလိုက်မှုများကို ခုခံတွန်းလှန်နိုင်အောင် ကူညီရာ၌ များစွာတန်ဖိုးရှိပါသည်။ လူဖြူလူငယ်၏ နောက်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်းကောင်း ဂုဏ်ယူနိုင်စရာကောင်းသည့် မိသားစုသမိုင်းသည် တည်ရှိနေသည်ဖြစ်ရာ အောင်မြင်မှုအတွက်

mgyoe.com

ကြုံးပမ်းရသောအခါတိုင်း ထိုအရာများသည် အခက်အခဲ အဟန့်အတားများကို ကျော်လွှားနိုင်အောင် ကူညီပံ့ပိုးပေးနိုင်သည်ဟု ကျွန်တော် ထင်ပါသည်။

အမှန်တော့ ကျွန်တော့်အား နေ့ကျောင်းတက်ခွင့်ပြုခဲ့သည့်အချိန်သည် တိုတောင်းလှပါသည်။ အချိန်ကာလတိုတောင်းရသည့်အထဲတွင် ကျောင်းတက်ရက်ကလည်း မမှန်ပါ။ ဤသို့ဖြင့် ကျွန်တော်သည် မကြာခင်မှာပင် နေ့ကျောင်းမတက်ရတော့ဘဲ မူလအလုပ်ခွင်သို့ အချိန်ပြည့်ပြန်ဝင်ရသည်။ ညကျောင်းကို နောက်တစ်ကျော့ပြန်၍ အမှီပြုရသည့်ဘဝသို့ ပြန်လည် ဆိုက်ရောက်သွားခဲ့ရပြန်ပါသည်။

တကယ်တော့ ကျွန်တော်ငယ်စဉ်က ပညာသင်ကြားခဲ့ရသည့် အဓိကနေရာဌာနသည် အလုပ်ဆင်းချိန်ကျမှ တက်ရသည့် ညကျောင်းသာဖြစ်ပါ၏။ ကျွန်တော့်အတွက် သင့်တော်သည့်ဆရာတစ်ယောက် ရရန်မှာလည်း မလွယ်လှပါ။ တစ်ခါတစ်ရံတွင် ကျွန်တော်သည် ဆရာတစ်ယောက် အလွယ်တကူရရှိခဲ့သော်လည်း ဆရာလုပ်မည့်သူက ကျွန်တော် တတ်မြောက်ထားသည်ထက် အနည်းငယ်မျှသာပို၍ တတ်သဖြင့် စိတ်ညစ်၊ စိတ်ရှုပ်ခဲ့ရပါသည်။

ကျွန်တော်၏ ပညာသင်ကြားရေးဘဝတွင် ညကျောင်းသင်ခန်းစာများ ပြန်ပြဖို့အတွက် ညကြီးမင်းကြီး မိုင်ပေါင်းများစွာ ခြေကျင်လျှောက်ခဲ့ရသည်များနှင့်လည်း မကြာခဏရင်ဆိုင်ခဲ့ရပါသည်။

ကျွန်တော်ငယ်စဉ်က အချိန်ပို အချိန်အားဟူ၍ လုံးဝမရှိခဲ့ပါ။ ကျွန်တော် ဖြတ်သန်းခဲ့ရသည့် နေ့များသည် စိတ်အားပျက်စရာ၊ ညှိုးငယ်စရာများနှင့်သာ ပြည့်လျှံနေသောနေ့များ ဖြစ်ပါသည်။

သို့သော်လည်း ခိုင်မာသော ဆုံးဖြတ်ချက်သည် ကျွန်တော့်ရင်ထဲ၌ ရှိနေပါသည်။ ကျွန်တော်သည် ဘယ်လိုအခက်အခဲမျိုးနှင့်ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ၊ ပညာကိုတော့ မဖြစ်မနေသင်ယူမည်ဟု ဆုံးဖြတ်ထားသည် မဟုတ်ပါလော။

ကျွန်တော်တို့မိသားစု အနောက်ဗာဂျီးနီးယား ပြည်နယ်ထဲသို့ ဆိုက်ရောက်ပြီး မကြာခင်မှာပင် အမေသည် မိဘမဲ့သူငယ်လေးတစ်ယောက်ကို မွေးစားခဲ့သည်။

mgyoe.com

အမေသည် မိသားစုဆင်းရဲသည်ကို သိပါလျက်နှင့် ကိုယ်ချင်းစာတရား ထား၍ မွေးမြူခဲ့ခြင်းဖြစ်ပါ၏။ ကျွန်တော်တို့သည် ထိုမွေးစားသားကို 'ဂျိမ်းစ် အီ ဝါရှင်တန်' ဟု အမည်ပေးခဲ့ကြသည်။ သူသည် ထိုအချိန်မှစ၍ ကျွန်တော်တို့မိသားစုနှင့် သွေးရင်းသားရင်းသဖွယ် နေထိုင်ခဲ့ပါသည်။

နောက်ပိုင်းတွင် ကျွန်တော်သည် ကျောက်မီးသွေးတွင်းတစ်တွင်းသို့ အလုပ်ပြောင်း၍ လုပ်ခဲ့ရ၏။

ကျောက်မီးသွေးမှာ ဆားချက်ဖိုများတွင် လောင်စာအဖြစ် အသုံးပြုကြရသဖြင့် ကျောက်မီးသွေးတူးဖော်သည့် အလုပ်သည် အဓိကကျသော လုပ်ငန်းတစ်ခုပင် ဖြစ်ပါသည်။

ကျောက်မီးသွေးတွင်း၌ လုပ်ရသည့်အခါတွင် ကျွန်တော်သည် အမြဲတစေ ကြောက်လန့်မှုဖြင့် ရင်ဆိုင်ခဲ့ရသည်။ ကျောက်မီးသွေးတွင်း အလုပ်သမားတစ်ယောက်သည် ဘယ်တော့မှ သန့်ရှင်းစင်ကြယ်အောင်နေ၍ မရပါ။

အလုပ်ခွင်တွင်လည်း ပေရေညစ်ပတ်နေသည်။။ တစ်နေ့တာ အလုပ်ပြီး၍ အိမ်ပြန်ရောက်တော့လည်း တစ်ကိုယ်လုံးတွင် ပေကျံနေသမျှကို ပြောင်စင်သွားအောင်လုပ်၍မရ။

ထို့ပြင်လည်း တွင်းထဲမှ တွင်းပေါက်သို့ ရောက်ရန်မှာ နှစ်မိုင်ခန့် ကွာဝေးရုံမျှမက အမှောင်ထုကြားမှ စမ်းတဝါးဝါး လျှောက်သွားရခြင်းဖြစ်၍ ကြောက်စဖွယ် ကောင်းလှပါသည်။

ကျောက်မီးသွေးတွင်းထဲ၌ တွေ့ရသည့် အမှောင်ထုမျိုးကို တခြား ဘယ်နေရာမှာမှ မတွေ့နိုင်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော် အလုပ်လုပ်နေရသည့် တွင်းထဲတွင် အခန်းပေါင်းများစွာ ဖွဲ့ထားသော်လည်း ထိုအခန်းများ၏ တည်နေရာကို ကျွန်တော် အတိအကျသိအောင် အားထုတ်၍မရပါ။

ကျွန်တော်သည် တွင်းထဲ၌ အကြိမ်ပေါင်းများစွာပင် မျက်စိလည် လမ်းမှားခဲ့ရဖူးပါသည်။တစ်ခါတစ်ရံတွင် ကျွန်တော့်တွင်ပါလာသည့် မှန်အိမ်မီး မတော်တဆ ငြိမ်းသွားပါက လက်ထဲ၌ မီးခြစ်ရှိလျှင် တော်ပါသေး၏။

မီးခြစ်ပါမလာပါမူကား နောက်ထပ်လူတစ်ယောက်နှင့် မတွေ့မချင်း အမှောင်ထုကြား၌ စမ်းတဝါးဝါး သွားနေရပါတော့သည်။

mgyoe.com

mgpe.com

တွင်းထဲ၌လုပ်ရသည့် အလုပ်သည် ပင်ပန်းမက်ခဲလွန်းရုံမျှမက ဘေး အန္တရာယ်ကလည်း များလှပါသည်။

အကယ်၍ ဒိုင်းနမိုင်းများပေါက်ကွဲ၍ တွင်းပြိုမည်ဆိုပါက ကျောက်မီး သွေးများအောက် ရောက်သွားပြီး အသက်ဆုံးဖို့သာများပါသည်။

အခြားတွင်းများမှ မတော်တဆ တွင်းပြိုမှုများ မကြာခဏဖြစ်ပွားလေ့ရှိ ရာ ထိုသတင်းများကို ကြားရတိုင်း ကျွန်တော်သည် ထိတ်လန့်ကြောက်ရွံ့ ခြင်းဖြစ်ရပါသည်။

ထိုခေတ်ထိုအခါက ကျောက်မီးသွေးတွင်းထဲ၌ အလုပ်လုပ်ကြရသော ကလေးသူငယ် အများစုသည် ပညာသင်ကြားခွင့်ရဖို့ မလွယ်လှပါ။

အဆိုးဆုံးမှာ ဘဝကို ကျောက်မီးသွေးတွင်းထဲ၌ အစပြုရသော ကလေး သူငယ်များသည် ကိုယ်ပိုင်းစိတ်ပိုင်း နှစ်ပိုင်းစလုံး ချွတ်ယွင်းသွားကြသည် က များပါသည်။

နောက်ဆုံးတွင် သူတို့သည် ကြီးမြင့်လိုစိတ်ဟူ၍ မရှိကြတော့ဘဲ ကျောက်မီးသွေးတွင်းတူး အလုပ်သမားအဖြစ်ဖြင့်သာ ဘဝကိုအဆုံးသတ် သွားလေ့ ရှိကြပါသည်။

ကျွန်တော် လူငယ်ဘဝရောက်လာသည့်အခါ အချုပ်အချယ် အတား အဆီးဟူ၍ လုံးဝမရှိသော လူဖြူလူငယ်တစ်ယောက်၏ ခံစားမှုများနှင့် ဆန္ဒ များကို စိတ်ကူးဖြင့်ကြည့်ခဲ့မိသည်။

ကွန်ဂရက်အမတ်၊ ဘုရင်ခံ၊ ဂိုဏ်းအုပ်ဘုန်းကြီး၊ သမ္မတစသည်များ ဖြစ်လာရေးအတွက် အတားအဆီး အပိတ်အပင်လုံးဝမရှိသော လူဖြူလူငယ် တစ်ယောက်၏ဘဝကို အားကျကာ မနာလိုဝန်တိုစိတ်ပင် ဖြစ်မိခဲ့ပါ၏။

အကယ်၍သာ ကျွန်တော်သည် ယင်းအခြေအနေမျိုးအောက်၌ နေထိုင် ခွင့်ရမည်ဆိုပါက ဘယ်လိုနေမည်၊ ဘယ်လိုလုပ်မည်ဟူသော အချက်များကို လည်း စိတ်ကူးဖြင့် တည်ဆောက်ကြည့်ခဲ့ဖူးပါသည်။

ကျွန်တော့်အနေဖြင့် အနိမ့်ဆုံးနေရာမှ အမြင့်ဆုံးနေရာသို့ ရောက်သွား သည်အထိ တိုးတက်အောင်မြင်အောင် ကြိုးပမ်းသွားမည်ဟုလည်း စိတ်ကူး ယဉ်ခဲ့မိဖူးပါ၏။

နောက်ပိုင်းနှစ်များသို့ ရောက်လာသည့်အခါတွင် တစ်ချိန်က လူဖြူလူ

mgype.com

mgyoe.com

ငယ်များအပေါ်၌ ဖြစ်ခဲ့မိသော မနာလိုဝန်တိုစိတ်သည် ပျောက်သွားခဲ့သည်။

ထိုအချိန်တွင် ကျွန်တော်သည် လူတစ်ယောက်၏ အောင်မြင်မှုကို သူ ရောက်နေရာ အဆင့်အတန်းနှင့် တိုင်းထွာ၍မရ၊ အောင်မြင်မှုရရှိရန် ကြိုးပမ်း အားထုတ်နေစဉ်က သူကျော်လွှားဖြတ်သန်းခဲ့ရသည့် အတားအဆီးများ၊ အဟန့်အတားများ၊ အခက်အခဲများနှင့် တိုင်းထွာမှသာ ဖြစ်သည်ဟူသော အသိကို ကျွန်တော်ရနေပြီဖြစ်သည်။

ယင်းရှုထောင့်မှနေ၍ သုံးသပ်ကြည့်လိုက်သည့်အခါ ကျွန်တော့်တွင် အဖြေတစ်ခုရလာသည်။ တကယ့်လက်တွေ့ဘဝ ဖြစ်ရပ်များကို လေ့လာ ကြည့်မည်ဆိုပါက နီဂရိုးလူငယ်တစ်ဦးအဖို့ မထင်မရှား သာမညလူမျိုး တစ်မျိုးနှင့် ဆက်စပ်ယှက်နွယ်ပြီး နီဂရိုးအဖြစ် မွေးဖွားလာရခြင်းသည် သူ့ ဘဝကိုတိုးတက်အောင် တွန်းအားပေးနေသည့် အကျိုးအမြတ်တစ်ခု ဖြစ်နေ ပါသည်။

နီဂရိုးလူငယ်အနေဖြင့် နီဂရိုးဖြစ်နေရသည့်အတွက် သူ့အား အများက လူရာသွင်းလာအောင် လူဖြူလူငယ်တစ်ယောက်ထက် ပို၍အပင်ပန်းခံပြီး အလုပ်လုပ်ရသည်။ ပို၍သာအောင် ပိုမို၍ ကြိုးစားအားထုတ်ရသည်။

သို့သော်လည်း သူများနှင့်မတူအောင် သူများထက်ပို၍ ရုန်းကန်လှုပ်ရှား ရသဖြင့် သူ့တွင် ခွန်အားအပြည့်၊ အားမာန်အပြည့်၊ ယုံကြည်မှုအပြည့် ရှိလာခဲ့ရ၏။

လူမျိုးဂုဏ်နှင့် မျိုးရိုးဇာတိဂုဏ်ကို အကြောင်းပြု၍ ပန်းခင်းသောလမ်း ပေါ်၌ လျှောက်ခဲ့ရသူများ ရရန်ခက်ခဲသည့်အရည်အသွေးများကို ပိုင်ဆိုင် လာခဲ့ရ၏။

မည်သည့်ရှုထောင့်က ကြည့်စေကာမူ ကျွန်တော်ကတော့ အခွင့်ထူးခံ နေကြသည့် လူမျိုးတစ်မျိုးတွင် စာရင်းဝင်ဖြစ်ရန် အားမထုတ်လိုပါ။ နီဂရိုး တစ်ယောက် ဖြစ်နေခြင်းကိုပင် ဂုဏ်ယူပါသည်။

ကျွန်တော့်အနေဖြင့် မိမိတို့သည် ဤလူမျိုးဖြစ်၍ (သို့မဟုတ်) ထိုလူမျိုး ဖြစ်၍ ဤအခွင့်အရေးများ၊ ဤအခွင့်ထူးများကို ခံစားခွင့် ရှိပါသည်ဟု လည်းကောင်း၊ အများနှင့်မတူ တစ်မူထူးခြားစွာသော ဂုဏ်ရည်ဂုဏ်သွေး ရှိပါသည် လည်းကောင်း၊ လူမျိုးဂုဏ်ကို ရှေ့တန်းတင်၍ ပြောဆိုနေသံများ

mgyoe.com

ကို ကြားရသည့်အခါ စိတ်မချမ်းမမြေ့ ဖြစ်ရပါသည်။

အမှန်တော့ ထိုလူစုသည် မိမိတို့တစ်ဦးချင်းစီ၏ ပုဂ္ဂလိကပိုင်တန်ဖိုးနှင့် အသိဉာဏ်ပညာတွေ၊ ဗဟုသုတ စသော အရည်အချင်းများကို လုံးဝ အရေး မထားဘဲ ပြောနေကြခြင်းဖြစ်သဖြင့် ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

ယင်းကဲ့သို့သော လူစားများအတွက် ကျွန်တော်ဘာ့ကြောင့် ဝမ်းနည်းရပါသနည်း။ မဟာလူမျိုးကြီးဟု ယူဆထားသည့် လူမျိုးတစ်မျိုးတွင် ပေါက်ဖွားလာရုံမျှဖြင့် မိမိတစ်ဦးချင်း တိုးတက်အောင်မြင်မှုအတွက် မိမိ တစ်ဦးချင်းစီ၏ တန်ဖိုးနှင့် အရည်အချင်းကို ရှေ့တန်း မတင်ဘဲထားပါက မိမိ၏ အောင်မြင်မှုကို ရာသက်ပန် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းသွားနိုင်လိမ့်မည် မထင်ပါ။

အလွန်နိမ့်ကျသော လူမျိုးဟု သတ်မှတ်ထားသည့် လူမျိုးတစ်မျိုးတွင် ပေါက်ဖွားလာခဲ့သည့် လူတစ်ယောက် ဖြစ်စေကာမူ သူ့တွင် ပင်ကိုအရည်အသွေးရှိနေပါက သူ၏ တိုးတက်အောင်မြင်မှုများကို ပိတ်ပင်တားဆီး၍ ရနိုင်မည် မဟုတ်ပါ။

ကျွန်တော့်အမြင်ကို ပြောရမည်ဆိုပါက အဖိအနှိပ် အချုပ်အခြယ်ကိုခံနေကြရသော လူတိုင်းနှင့်လူမျိုးတိုင်းသည် အလွန်မြင့်မြတ်သော လူ့သဘာဝတရားအတွင်းမှ အားပေးနှစ်သိမ့်မှုကို ရယူခံစားသင့်ကြပါသည်။

ယင်း လူ့သဘာဝတရားသည် စကြဝဠာတစ်ခုလုံးနှင့် ဆက်စပ်နေသော တရားဥပဒေ ဖြစ်ပါသည်။

ယင်းတရားဥပဒေမှ ပေးအပ်ထားသည့် အရည်အချင်းသည် အသားအရောင်ကွဲပြားမှုနှင့် မသက်ဆိုင်ပါ။ မည်သည့် အသားအရောင်နှင့်လူပင် ဖြစ်စေကာမူ အရည်အသွေးရှိလျှင် ရှိသလို ရေရှည်တွင် အသိအမှတ် ပြုခံရဖို့သာရှိပါသည်။ အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ဖို့သာ ရှိပါသည်။

ဤစကားသည် ကျွန်တော်တစ်ဦးတည်းအတွက် ပြောနေခြင်းမဟုတ်ပါ။ ကျွန်တော်အပါအဝင် ကျွန်တော်တို့လူမျိုးတစ်မျိုးလုံးအတွက် သတိပေးစကားဖြစ်ပါ၏။

၀

mgyoe.com

mgyoe.com

## အခန်း (၃)

## ပညာရေးအတွက် ကြိုးပမ်းမှု

ကျောက်မီးသွေးတွင်း၌ ကျွန်တော် အလုပ်လုပ်နေရသည့် အချိန်အတွင်း တစ်ရက်တွင် တွင်းတူးအလုပ်သမားနှစ်ဦး ပြောနေကြသည့် ဗာဂျီးနီးယားပြည်နယ်တစ်နေရာမှ လူမည်းများအတွက် ဖွင့်လှစ်ထားသော ကျောင်းကြီးတစ်ကျောင်းအကြောင်းကို ကျွန်တော် တစ်စွန်းတစ်စမျှ ကြားသိခဲ့ရပါသည်။

ကျွန်တော်တို့မြို့ရှိ လူမည်းကျောင်းထက် အဆပေါင်းများစွာ ကြီးသော အထက်တန်းပညာသင်ကျောင်း (သို့မဟုတ်) ကောလိပ်ကျောင်း အကြောင်းကို ကျွန်တော် ပထမဆုံးအကြိမ် ကြားဖူးခြင်းဖြစ်ပါသည်။

တွင်းထဲရှိ အမှောင်ထုကြားမှနေ၍ အသံမကြားအောင် လေးဖက်ထောက် တွားသွားကာ စကားပြောနေကြသည့် အလုပ်သမားနှစ်ဦးထံ ချဉ်းကပ်ခဲ့ပါသည်။

ထိုကျောင်းသည် ကျွန်တော်တို့လူမျိုးအတွက် တည်ထောင်ထားသည့် ကျောင်းတစ်ကျောင်း ဖြစ်ရုံမျှမက ပညာထူးချွန်ပြီး ဆင်းရဲနွမ်းပါးသော ကျောင်းသားများကို ထောက်ပံ့ကြေးပေးခြင်းနှင့် စက်မှုလက်မှုလုပ်ငန်း

mgyoe.com

mgyoe.com


ပညာရပ်များကိုပါ သင်ကြားပေးလျက်ရှိကြောင်း အလုပ်သမားတစ်ဦးက ပြောပြနေပါသည်။

သူတို့ပြောနေသမျှကို ကြားနေရသော ကျွန်တော့်စိတ်အာရုံတွင် ဤကမ္ဘာမြေပေါ်၌ အကြီးဆုံးသော ကျောင်းကြီးတစ်ကျောင်းအဖြစ် ထင်ယောင်မြင်ယောင်ဖြစ်လျက် ရှိပါသည်။

အမှန်တော့ သူတို့ပြောနေကြသည်မှာ ဗာဂျီးနီးယားပြည်နယ်၊ ဟင်ပတန်မြို့ရှိ 'ဟင်ပတန် စိုက်ပျိုးသိပ္ပံကျောင်း' အကြောင်း ဖြစ်ပါသည်။

ထိုစဉ်က ဟင်ပတန်ကျောင်း ဘယ်နေရာ၌ တည်ရှိသည်ကိုပင် မသိသေးသော ကျွန်တော်သည် ထိုကျောင်းသို့သွား၍ ပညာသင်မည်ဟု စိတ်ထဲကကျိတ်၍ ဆုံးဖြတ်ခဲ့မိသည်။ အမှန်တော့ ကျွန်တော်သည် ထိုကျောင်းနှင့် ကျွန်တော်နေထိုင်ရာမြို့မှာ မိုင်ပေါင်းမည်မျှလောက် ကွာဝေးသည်ကို လည်းကောင်း၊ ထိုကျောင်းကိုရောက်အောင် ဘယ်လိုသွားရမည်ကို လည်းကောင်း လုံးဝမသိပါ။

စိတ်ထဲက အလွန်အမင်း သဘောကျပြီး ရည်မှန်းချက် ထားမိခြင်းသာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ . . . ထိုအတွေးနှင့်ထိုစိတ်ကူးသည် ထိုနေ့မှစ၍ ကျွန်တော့်ရင်ထဲ၌ စွဲထင်လျက်ရှိပါသည်။ နေ့ရောညပါ အမြဲတစေ စဉ်းစားစိတ်ကူးနေမိသော အတွေးတစ်ခု ဖြစ်လာခဲ့ရပါသည်။

ဟင်ပတန်ကျောင်းအကြောင်း ကြားခဲ့ရပြီးသည့် နောက်ပိုင်းတွင် ကျွန်တော်သည် ကျောက်မီးသွေးတွင်း၌ လအနည်းငယ်မျှသာ အလုပ်လုပ်ခဲ့ရပါသည်။ ထိုအတောအတွင်းမှာပင် ဆားချက်လုပ်ငန်းနှင့် ကျောက်မီးသွေးတွင်းပိုင်ရှင် ဗိုလ်ချုပ် လီးဝစ္စရပ်ဖ်နာ၏ အိမ်၌ အစေအပါးတစ်ယောက် လိုနေကြောင်း သတင်းရသည်။

ဗိုလ်ချုပ်ရပ်ဖ်နာ၏ဇနီး မစ္စက် ဗွီအိုလာ ရပ်ဖ်နာမှာ ဗားမောင့်မြို့သူ ဖြစ်သည်။ 'ယန်းကီး' ဟုခေါ်နေကြသော မြောက်ပိုင်းပြည်နယ်သူတစ်ဦး ဖြစ်ပါသည်။

မစ္စက်ရပ်ဖ်နာသည် သူ၏အခိုင်းအစေများနှင့် ဆက်ဆံရာ၌ အလွန်တင်းကျပ်သည်ဟု နာမည်ကြီးနေသူဖြစ်၏။ အထူးသဖြင့် ကလေးသူငယ်

mgyoe.com

mgyee.com


အိမ်စေများနှင့် ဆက်ဆံရာ၌ တင်းကျပ်လွန်းသည်ဟု ပြောကြပါသည်။

အများအားဖြင့် ကလေးသူငယ်အိမ်စေများသည် သူ့ဒဏ်ကိုမခံနိုင်ကြသဖြင့် သီတင်းနှစ်ပတ် သုံးပတ်သာလျှင် အလုပ်ခွင်၌ မြဲသည်ဟုဆိုပါသည်။ သူ့အိမ်မှ အလုပ်ထွက်လာကြသူများသည် 'မစ္စက်ရပ်ဖ်နာ စည်းကမ်းကြီးလွန်း တင်းကျပ်လွန်းသည်' ဟု အကြောင်းပြကြသည်က များပါသည်။

မည်သို့ပင်ဖြစ်စေ. . . ကျွန်တော်ကတော့ ကျောက်မီးသွေးတွင်း၌ အလုပ်လုပ်နေရသည်ထက် မစ္စက်ရပ်ဖ်နာ၏ အိမ်တွင်လုပ်ရသည်က ပိုကောင်းမည်ဟု ယူဆသည်။ ဤသို့ဖြင့် အမေသည် လစ်လပ်သွားသော နေရာ၌ ကျွန်တော့်အား ခန့်ထားပေးရန် ကျွန်တော့်ကိုယ်စား လျှောက်ထားခဲ့သည်။ မစ္စက် ရပ်ဖ်နာသည် ကျွန်တော့်အား တစ်လလျှင် ငါးဒေါ်လာနှုန်းဖြင့် အိမ်စေအလုပ် ပေးခဲ့ပါသည်။

မစ္စက်ရပ်ဖ်နာ၏ တင်းမာခက်ထန်မှုနှင့် ပတ်သက်၍ သတင်းမျိုးစုံကြားသိထားရသော ကျွန်တော်သည် မစ္စက်ရပ်ဖ်နာနှင့် မျက်နှာချင်းဆိုင်ရမည်ကို ကြောက်နေသည်ဖြစ်ရာ သူ့ရှေ့မှောက်ရောက်သည့်အခါ တစ်ကိုယ်လုံး တုန်နေပါသည်။ သို့သော်လည်း သူနှင့်ကျွန်တော် သီတင်းပတ် အနည်းငယ်မျှ တွဲလိုက်မိသောအခါ သူ့အကြောင်းကို ကျွန်တော် သိလာ နားလည်လာပါသည်။

ကျွန်တော် ပထမဆုံး နားလည်လာသည့်အချက်မှာ မစ္စက်ရပ်ဖ်နာသည် သူသုံးစွဲနေသော အရာဝတ္ထုတိုင်းကို အမြဲတစေ သန့်ရှင်းစင်ကြယ်နေမှ ကြိုက်သည်။

လုပ်စရာရှိသည်များကိုလည်း မြန်မြန်ဆန်ဆန်နှင့် သပ်သပ်ရပ်ရပ် လုပ်စေချင်သည်။ စနစ်တကျလုပ်ခြင်းကို သဘောကျသည်။ ပြီးတော့ မစ္စက်ရပ်ဖ်နာသည် ရိုးသားဖြောင့်မတ်မှုနှင့် ပွင့်လင်းမှုကို အလွန်နှစ်သက်သည်။

ထို့ပြင်လည်း သူသည် မည်သည့်အလုပ်ကိုမဆို ပစ်စလက်ခတ်လုပ်လျှင်၊ ဖြစ်ကတတ်ဆန်းလုပ်လျှင် လုံးဝသည်းမခံတတ်။ တံခါးတိုင်း ခြံစည်းရိုးတိုင်းကိုလည်း အမြဲတစေပြုပြင် ထိန်းသိမ်းပေးစေချင်သည်။

ကျွန်တော် မစ္စက်ရပ်ဖ်နာနှင့် မည်မျှကြာကြာ နေခဲ့ရသည်ကို ယခုအချိန်တွင် အတိအကျ မမှတ်မိတော့ပါ။ သို့သော်လည်း ကျွန်တော် ဟင်ပတန်သို့

mgyee.com

mgyoe.com


မသွားမိ တစ်နှစ်ခွဲခန့်နေခဲ့သည်ဟု ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ. . . သူ့အိမ်၌ နေထိုင်ခဲ့ရသည့် ကာလအတွင်း မစ္စက် ရပ်ဖ်နာထံမှ ရခဲ့သည့်သင်ခန်းစာများကို ကျွန်တော် အခြားသော နေရာဌာနများ၌ သင်ယူတတ်မြောက်ခဲ့ရသည့် ပညာကဲ့သို့ပင် အဖိုးထိုက်တန် လှပါသည်။

သူနှင့်နေခဲ့သည့် အချိန်မှစ၍ ကျွန်တော်သည် အိမ်တွင်းအိမ်ပြင်၌လည်းကောင်း၊ လမ်းပေါ်၌ လည်းကောင်း စက္ကူများ ဖြန့်ကြဲနေသည်ကို မတွေ့ဖူးတော့ပါ။ ညစ်ပတ်စုတ်ပဲ့နေသော ခြံဝင်းကို မမြင်ဖူးတော့ပါ။ ပြိုပျက်လဲကျနေသည့် စည်းရိုးများကို မမြင်ဖူးတော့ပါ။ ဆေးဖြူ ထုံးဖြူ သုတ်မထားသည့် အိမ်ကိုလည်း မမြင်ဖူးတော့ပါ။ ကြယ်သီးတစ်လုံး ပြုတ်နေသည့် အင်္ကျီများ၊ အစွန်းအထင်းများ စွဲနေသည့် အင်္ကျီများနှင့် ဖေရေညစ်ပတ်နေသည့် ကြမ်းပြင်များကိုလည်း မမြင်ရတော့ပါ။

ကျွန်တော် အလုပ်ဝင်ပြီးနောက် မကြာခင်မှာပင် မစ္စက်ရပ်ဖ်နာသည် ကျွန်တော်၏အကောင်းဆုံးမိတ်ဆွေများထဲက တစ်ဦးဖြစ်လာခဲ့ပါသည်။ သူသည် ကျွန်တော့်အပေါ် ယုံကြည်စိတ်ချနိုင်ပြီဟု သိသွားသည့်အချိန်မှစ၍ ယုံကြည်စိတ်ချစွာ ဆက်ဆံခဲ့ပါသည်။

သူနှင့်နေခဲ့ရသည့် ဆောင်းရာသီများတွင် သူသည် ကျွန်တော့်အား နေ့ကျောင်းတက်ခွင့် တစ်နာရီမျှ ပေးခဲ့ဖူးပါသည်။ သို့သော်လည်း ကျွန်တော်အများဆုံး ပညာသင်ယူနေရသည်မှာ ညကျောင်းပင် ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင်မူ ကျွန်တော် လခပေးထားသည့် လူတစ်ယောက်က သင်ကြားပေးခြင်းကို ရယူနိုင်ခဲ့ပါသည်။

ပညာသင်ရေးကြားရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ်နေသော ကျွန်တော့်အပေါ်တွင် မစ္စက်ရပ်ဖ်နာသည် ကိုယ်ချင်းစာသည်။ သနားကရုဏာလည်း သက်သည်။ သူနှင့်နေခဲ့ရစဉ်အတွင်း ကျွန်တော်သည် ကိုယ်ပိုင်စာကြည့်တိုက်ကလေးတစ်ခု တည်ထောင်နိုင်ခဲ့သည်။

ကျွန်တော်သည် သေတ္တာဟောင်းတစ်လုံးဖြင့် နံရံတစ်ဖက်တွင်ကပ်၍ စင်ကလေးတစ်ခု ပြုလုပ်သည်။ ထိုစင်ပေါ်တွင် ကျွန်တော်စုဆောင်းထားသမျှ စာအုပ်များကိုတင်သည်။ ကျွန်တော်လိုသည့်အခါ အချိန်မရွေး

mgyoe.com

mgyoe.com


အလွယ်တကူ လှမ်းယူနိုင်သည်။ ဤသည်ကိုပင် ကျွန်တော်က ကျွန်တော့် ကိုယ်ပိုင်စာကြည့်တိုက်ဟု အမည်ပေးထားခြင်းဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် မစ္စကျ်ရပ်ဖ်နာ၏အိမ်တွင် အောင်မြင်မှုရနေသော်လည်း ဟင်ပတန်ကျောင်းသို့သွား၍ ပညာဆက်လက်သင်ကြားလိုသော ဆန္ဒကိုမူ စွန့်လွှတ်၍မရပါ။

၁၈၇၂ ခုနှစ် ဆောင်းဦးပေါက်ရာသီတွင်မူ ကျွန်တော်သည် ဟင်ပတန်ကျောင်းသို့ မရောက်မနေသွားမည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ သို့သော်လည်း အထက်တစ်နေရာတွင် ကျွန်တော် ဖော်ပြခဲ့သည့်အတိုင်း ဟင်ပတန်ကျောင်း ဘယ်နေရာ၌ တည်ရှိသည်ကိုလည်းကောင်း၊ ဟင်ပတန်ကျောင်းသွားလျှင် စရိတ်စက မည်မျှအထိ ကုန်ကျမည်ကိုလည်းကောင်း ကျွန်တော် မသိသေးပါ။

ကျွန်တော်၏ဆန္ဒနှင့်ပတ်သက်၍ ကျွန်တော့်အမေမှတစ်ပါး အခြားလူများကတော့ ကျွန်တော့်အပေါ် ကိုယ်ချင်းစာတရား ထားနိုင်ကြလိမ့်မည် မထင်ပါ။ မည်သို့ပင်ဖြစ်စေ. . .အမေကတော့ ကျွန်တော့်အတွက် စိုးရိမ်ပူပန်ခြင်းဖြစ်သည်။ အကျိုးမရှိသည့် ရှာဖွေမှုတစ်ခုကို ပြုနေခြင်းဖြစ်သည်ဟုလည်း သူ ယူဆသည်။ ထို့ကြောင့်လည်း အမေသည် ဤကိစ္စတွင် အကြွင်းမဲ့ ထောက်ခံခြင်းလည်းမပြု။ အပြည့်အဝ သဘောတူခြင်းလည်း မရှိ။ ကျွန်တော် သွားသင့်၊ မသွားသင့်ကိုလည်း အဆုံးအဖြတ်မပေးနိုင်။

အမှန်အတိုင်းဝန်ခံရလျှင်. . . ကျွန်တော့်လက်ထဲ၌ ငွေကြေးအလုံအလောက် ရှိသည်မဟုတ်။ ကျွန်တော်၏ မဖြစ်စလောက်ဝင်ငွေကို ကျွန်တော့်ပထွေးထံ အပ်ရသည်ဖြစ်ရာ ကျွန်တော့်ထံတွင် အနည်းငယ်မျှသာရှိသည်။ ထိုငွေသည် အဝတ်အစားဝယ်ဖို့နှင့် ခရီးစရိတ်အတွက်ပင် လောက်သည် မဟုတ်။

ကျွန်တော့်အစ်ကို ဂျွန်က သူ တတ်အားသရွေ့ ကူညီသော်လည်း များများစားစားမဟုတ်။ သူ့ခများမှာလည်း ကျောက်မီးသွေးတွင်း၌ လုပ်နေရခြင်းဖြစ်၍ လုပ်ခများများရသည်မဟုတ်။ ရသမျှလုပ်ခကိုလည်း အိမ်သုံးစရိတ်ထဲ ထည့်ပေးနေရသဖြင့် သိပ်ပြီးစုဆောင်းထားနိုင်သည့် အခြေအနေမဟုတ်။

ယင်းအခက်အခဲများနှင့် ရင်ဆိုင်နေရခိုက်မှာပင် ကျွန်တော့်စိတ်နှလုံးကို

mgyoe.com

mgyoe.com


ထိထိခိုက်ခိုက် ဖြစ်စေနိုင်လောက်သည့် ဖြစ်ရပ်တစ်ခုသည် ပေါ်ပေါက်လာခဲ့သည်။ ကျွန်တော် ဟင်ပတန်ကျောင်းသို့သွား၍ ပညာသင်မည်ဟူသော သတင်းသည် သက်ကြီးပိုင်း လူမည်းများကြားတွင် စိတ်ဝင်စားစရာ ဖြစ်လာသည်။

ဤအဘိုးကြီး အဘွားကြီးများသည် သူတို့၏အကောင်းဆုံးသောနေ့များကို ကျွန်ဘဝတွင် မြှုပ်နှံခဲ့ရသူများဖြစ်၏။ သူတို့လူမျိုးထဲမှ လူတစ်ယောက် အိမ်နှင့်ဝေးရာ အရပ်ဒေသတစ်ခုသို့ ကျောင်းအိပ်ကျောင်းစားသွား၍ ပညာသင်ယူခြင်းကို မြင်တွေ့ဖူးဖို့ မဆိုထားနှင့် စိတ်ကူးနှင့်ပင် သိခဲ့ကြသည် မဟုတ်။

ယခု ကျွန်တော့်အဖြစ်ကို ကြားကြရသည့်အခါ အံ့သြကြသည်။ စိတ်ဝင်စားကြသည်။ အရေးတယူ ပြုကြသည်။ ဤသို့ဖြင့် အချို့သော အဘိုးအဘွားများသည် ကျွန်တော့်အား သူတို့တတ်နိုင်သမျှ မုန့်ဖိုးပေးကြသည်။ လက်ဆောင်ပစ္စည်းပေးကြသည်။

နောက်ဆုံးတွင် ကျွန်တော်အိမ်မှ ထွက်ရမည့်နေ့သို့ ဆိုက်ရောက်လာသည်။ ကျွန်တော့်တွင် အဝတ်အစားအနည်းငယ်မျှသာ ထည့်ထားသည့် အပေါ်စား လွယ်အိတ်ကလေးတစ်လုံးမှတစ်ပါး အခြား ဘာမှမပါ။

ထိုစဉ်က ကျွန်တော့်အမေသည် ကျန်းမာရေး ချို့တဲ့စပြုနေပြီဖြစ်၍ အလွန်အားနည်းလျက်ရှိသည်။ ကျွန်တော့်အမေကို အသက်ရှင်လျက်နှင့် ပြန်၍ တွေ့နိုင်ပါတော့မလားဟူသော သံသယစိတ်က ရှိနေသဖြင့် စိတ်ထဲတွင် မသက်မသာ ရှိလှပါသည်။

ကျွန်တော်တို့ သားအမိ ခွဲခွာခြင်းသည် ဝမ်းနည်းကြောက်စရာ ကောင်းလှပါ၏။ သို့သော်လည်း အမေသည် ခံနိုင်ရည်ရှိလှပါသည်။

သူ၏ စိတ်ထိခိုက်မှုကို ဖော်ပြခြင်းမပြုပါ။ သို့သော် ထိုခေတ်က အနောက်ဗာဂျီးနီးယားနှင့် အရှေ့ဗာဂျီးနီးယားကြားတွင် တိုက်ရိုက်ခရီးပေါက်နိုင်သည့် မီးရထားလမ်း မရှိသေးပါ။ မီးရထားများမှာ ခရီးတစ်ဝက်လောက်သာပေါက်ပြီး ကျန်ခရီးကို အဝေးပြေး မြင်းရထားကြီးများဖြင့် သွားကြရပါသည်။

မော်လ်ဒင်မြို့နှင့် ဟင်ပတန်မြို့သည် မိုင်ငါးရာခန့် ဝေးသည်။ ကျွန်တော်

mgyoe.com

mgyoe.com


သည် အိမ်နှင့် နာရီပေါင်းများစွာကြာမျှ ခွဲခွာခဲ့ဖူးသည်မဟုတ်။ ယခုတစ်ကြိမ်မှသည် ပထမဦးဆုံးအကြိမ်ဖြစ်သဖြင့် အားငယ်စိတ်ဝင်လျက် ရှိ၏။

ဤကြားထဲတွင် ကျွန်တော့်လက်ထဲ၌ ဟင်ပတန်မြို့သို့ ရောက်သည်အထိ သွားနိုင်အောင် ခရီးစရိတ်က အလုံအလောက်မရှိ။ ဤတစ်ချက်ကို တွေးမိသောအခါ ပို၍စိတ်အားငယ်သလိုလို ဖြစ်လာရပါသည်။

မည်သို့ပင်ဖြစ်စေ. . . ကျွန်တော့်အဖို့တော့ ဤခရီးသည် မမေ့နိုင်လောက်သည့် အတွေ့အကြုံတစ်ခု ဖြစ်ခဲ့ပါသည်။ ကျွန်တော်သည် တစ်နေ့ခင်းလုံး အဝေးပြေးမြင်းရထားများဖြင့် တောင်စဉ်တောင်တန်းများပေါ်မှ ကျော်ဖြတ်သွားရသည်။

ညနေခင်းရောက်သည့်အခါ မြင်းရထားသည် ဟိုတယ်ဟု ခေါ်သည့် ဆေးသုတ်မထားသော အိမ်တစ်လုံးရှေ့၌ ရပ်သည်။ မြင်းရထားပေါ်၌ လိုက်ပါလာကြသူများမှာ ကျွန်တော်မှတစ်ပါး အားလုံး လူဖြူတွေချည်းဖြစ်သည်။

ကျွန်တော် သိထားရသလောက် ဟိုတယ်ဆိုသည်မှာ အဝေးပြေးမြင်းရထားစီး ခရီးသည်များ တည်းခိုရန်ဖြစ်သည်။

ကျွန်တော့်စိတ်ထဲတွင် ခရီးသည်ဆိုလျှင် အသားအရောင်ပင်မရွေး တည်းခိုနိုင်ခွင့်ရှိသည်ဟုပင် တွက်ထားသည်၊ လက်တွေ့ကြုံရသည့် အဖြစ်မှာမူ တစ်မျိုးဖြစ်နေသည်။

မြင်းရထားပေါ်မှ ခရီးသည်များအား ဟိုတယ်မှလူများက ဆီးကြို နှုတ်ဆက်ကြပြီး အခန်းများတွင်လိုက်လံ၍ နေရာချထားပေးသည်။ ညစာ ကျွေးမွေးရန်လည်း ပြင်ဆင်နေကြသည်။

ကျွန်တော်သည် မဝံ့မရဲစိတ်ဖြင့် ကောင်တာမှ ဟိုတယ်ပိုင်ရှင်ထံ ချဉ်းကပ်သွားပါသည်။ အမှန်တော့ ကျွန်တော့်အိတ်ကပ်ထဲတွင် အိပ်စရာနေရာနှင့် အစားအစာအတွက် ငွေမရှိပါ။ သို့သော်လည်း တစ်နည်းနည်းဖြင့် အိပ်စရာ စားစရာရအောင် လုပ်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။

ကျွန်တော် ဟိုတယ်သို့ ဆိုက်ရောက်သွားသည့် အချိန်ကာလသည် ဗာဂျီးနီးယား တောင်ပေါ်ဒေသ၌ အလွန်အေးသောကာလဖြစ်၏။

ကျွန်တော်သည် အအေးဒဏ်ကို အပြင်းအထန်ခံနေရသဖြင့် အခန်း

mgyoe.com

mgyoe.com


တစ်ခန်းထဲ ဝင်နေလိုသည့်ဆန္ဒ ပြင်းပြလျက်ရှိပါသည်။ သို့သော်လည်း ကောင်တာမှလူသည် ကျွန်တော့်တွင် ငွေပါ၊ မပါကိုပင် မမေးတော့ဘဲ အိပ်ခန်းနှင့်အစားအစာ မပေးနိုင်ဟု ငြင်းသည်။

ကျွန်တော်၏အသားအရောင်ကြောင့် ငြင်းပယ်ခံရခြင်း ဖြစ်သည်ကို ပထမဆုံးတွေ့ရသည့် အတွေ့အကြုံ ဖြစ်ပါ၏။ ကျွန်တော်သည် အအေးဒဏ်မှ သက်သာစေရန်အတွက် မရပ်မနား လမ်းသလားနေရသည်။

ဟင်ပတန်မြို့သို့ ရောက်ရန်သာ စိတ်စောနေသော ကျွန်တော်သည် ဟိုတယ်ပိုင်ရှင်အပေါ် ဒေါသဖြစ်ဖို့ သတိမရပါ။

ကျွန်တော်၏ရှေ့ခရီးတွင် ခြေကျင်လျှောက်သည့်အခါ လျှောက်ရသည်။ ခခယယ တောင်းပန်တိုးလျှိုးပြီး မြင်းရထားတစ်တန်၊ ကားတစ်တန် စီးသည့်အခါ စီးရသည်။ ဤသို့ ရက်ပေါင်းအတော်ကြာသည့်အခါ ဟင်ပတန်မြို့နှင့် ရှစ်ဆယ့်နှစ်မိုင်ခန့်ကွာဝေးသော ရစ်ချ်မွန်မြို့သို့ ဆိုက်ရောက်သွားခဲ့သည်။

အတော်ကြီးမိုးချုပ်ခါမှ ရောက်သွားခြင်းဖြစ်၍ မောလည်းမော၊ ဆာလည်းဆာ ဖြစ်နေရုံမျှမက တစ်ကိုယ်လုံး လူလုံးမလှအောင် ညစ်ပတ်ပေရေလျက်ရှိသည်။ မြို့ကြီးပြကြီးကို မရောက်ဖူးသော ကျွန်တော်သည် ရစ်ချ်မွန်မြို့ထဲ ရောက်သည့်အခါ များစွာစိတ်အားငယ်ခြင်း ဖြစ်ရသည်။

ကျွန်တော့်တွင် ငွေကလည်း တစ်ပြားတစ်ချပ်မှ မရှိတော့။ မြို့ထဲတွင် အသိမိတ်ဆွေလည်း တစ်ဦးတစ်ယောက်မျှ မရှိ။ တစ်ခါမှမရောက်ဖူးသော မြို့ဖြစ်၍ ဘယ်နေရာ၌ ဘာရှိမှန်းလည်း မသိ။ ဘယ်ကိုသွား၍ ဘယ်လာရမှန်းလည်းမသိ။

အိပ်စရာနေရာလေး ပေးဖို့အတွက် နေရာပေါင်း အတော်များများတွင် ဝင်၍ မေတ္တာရပ်ခံပါသော်လည်း မရ။ သူတို့က ကျွန်တော့်ထံမှ ငွေတောင်းကြသည်။ ကျွန်တော့်တွင် လုံးဝမရှိတော့သည့် အရာဖြစ်နေသဖြင့် ကျွန်တော်ကလည်း မပေးနိုင်။

အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ စဉ်းစားတော့လည်း အဖြေက ထွက်မလာ။ ကျွန်တော်သည် တစ်လမ်းဝင်၊ တစ်လမ်းထွက် လျှောက်သွားသည်။

လမ်းဘေးဝဲယာရှိ အစားအသောက်ဆိုင်များတွင် ကြက်ကင်များနှင့်

mgyoe.com

mgyoe.com


မုန့်များကို မြင်နေရသည်။ ထိုအချိန်က အကယ်၍သာ ကြက်တစ်ပေါင် လောက်၊ မုန့်တစ်ဖဲ့စာလောက် ပေးမည်ဆိုပါက နောင်အနာဂတ်တွင် ကျွန်တော်ပိုင်ဆိုင်လာမည့် ပစ္စည်းများထဲမှ ဘာကိုပဲ ပေးရပေးရ၊ ပေးပါမည် ဟု ကတိပေးဖို့ ဝန်မလေးပါ။ သို့သော်လည်း စားစရာဆို၍ ဘာတစ်ခုမှ မရခဲ့ပါ။

ကျွန်တော်သည် သန်းခေါင်ယံ အချိန်လောက်အထိ လျှောက်နေရ သဖြင့် အလွန်ပင်ပန်းလာသည်။ နောက်ထပ်ဆက်၍ မလျှောက်နိုင်တော့ သည့် အခြေအနေသို့ ဆိုက်လာသည်။

မောကလည်းမော၊ ဆာကလည်းဆာ၊ စိတ်ဓာတ်ကလည်းကျ။ နောက် ဆုံးတွင် အဆမတန် ပင်ပန်းလွန်း၍ လဲကျတော့မည့် အနေအထားသို့ပင် ဆိုက်ရောက်လာသည်။ ထိုအခိုက်မှာပင် လမ်းတစ်လမ်း၏ တစ်ဖက်ရှိ ပလက်ဖောင်းပေါ်မှ အဖုံးတစ်ခုပွင့်နေသည်ကို အမှတ်မထင် မြင်လိုက်ရ သည်။

ကျွန်တော်သည် မိနစ်အနည်းငယ်မျှ ရပ်ကာ လူသွားလူလာကို ကြည့် သည်။ တစ်ယောက်မှ အသွားအလာမရှိဟု သေချာခါမှ ကျွန်တော်သည် ပွင့်နေသည့် အပေါက်မှနေ၍ ပလက်ဖောင်းအောက်သို့ လေးဖက်တွားပြီး ဝင်ခဲ့ပါသည်။

ထိုညအဖို့တော့ ပါလာသည့် အဝတ်အစားလွယ်အိတ်ကို ခေါင်းအုံးလုပ် ကာ မြေကြီးပေါ်မှာပင် အိပ်ရပါသည်။ တစ်ညလုံးနီးပါးမျှ ကျွန်တော့်ခေါင်း ပေါ်မှ လျှောက်သွားနေသည့် ခြေသံများ ကြားနေရပါသည်။

နောက်နေ့မနက် အိပ်ရာမှနိုးလာသည့်အခါ ကျွန်တော့်တွင် ပင်ပန်း နွမ်းနယ်မှုများပျောက်ကာ ကြည်လင်လန်းဆန်းလျက်ရှိသည်။

သို့သော် တစ်ညလုံး ဘာမှမစားခဲ့ရသဖြင့် အလွန်အမင်း ဆာလောင် လျက် ရှိပါသည်။ ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နိုင်လောက်သည့် အလင်း ရောင်ဝင်လာကာမှပင် ကျွန်တော်ရောက်နေသော နေရာနှင့် မနီးမဝေးတွင် သင်္ဘောကြီးတစ်စင်း ဆိုက်ကပ်ထားသည်ကို သတိထားမိသည်။

သင်္ဘောမှာ သံချောင်းများတင်လာသည့် သင်္ဘောဖြစ်၍ ပစ္စည်းများချနေ သည်ဟု ထင်ပါသည်။

mgyoe.com

mgyoe.com


ကျွန်တော်သည် သင်္ဘောဆီသို့သွားကာ ကပ္ပတိန်နှင့်တွေ့သည်။ အစားအစာဝယ်စားဖို့ ငွေလိုနေသဖြင့် ပစ္စည်းများချခွင့်ပြုရန် ခွင့်တောင်းသည်။

လူဖြူတစ်ယောက်ဖြစ်သော ကပ္ပတိန်သည် သဘောကောင်းသည်။ ကြင်နာသည်။ သနားတတ်သည့်စိတ်လည်း ရှိဟန်တူ၏။ ကျွန်တော့်အား အလုပ်လုပ်ခွင့်ပြုသည်။

ကျွန်တော်သည် ရလာသည့်လုပ်ခဖြင့် မနက်စာ ဝယ်စားသည်။ ထိုနေ့က စားခဲ့ရသည့်နံနက်စာကို အခုအချိန်အထိ မမေ့နိုင်သေးပါ။

ကျွန်တော့်ဘဝ တစ်သက်တာတွင် ထိုနေ့က စားခဲ့ရသည့် မနက်စာလောက် အရသာထူးသည့် မနက်စာမျိုးကို နောက်ထပ်တစ်ကြိမ်တစ်ခါမျှပင် မကြုံခဲ့တော့ဟု ထင်ပါသည်။

ကျွန်တော့်လုပ်ပုံကိုင်ပုံကို သဘောကျသွားသော ကပ္ပတိန်သည် လုပ်ခငွေအနည်းငယ်မျှဖြင့် ဆက်၍လုပ်လိုက လုပ်နိုင်သည်ဟု ကျွန်တော့်အား ပြောသည်။

ကျွန်တော့်အဖို့တော့ အလွန်ဝမ်းသာစရာကောင်းသည့် စကားဖြစ်ပါသည်။ ကျွန်တော်သည် ထိုကုန်တင်သင်္ဘောတွင် ရက်အတန်ကြာမျှ အလုပ်လုပ်ခဲ့သည်။

ရသည့်လုပ်ခငွေထဲမှ ဈေးပေါပေါ အစားအစာ ဝယ်စားလိုက်ပြီး ကျန်ငွေကို ကျစ်ကျစ်ပါအောင်စုသည်။ သို့သော်လည်း ရသည့်လုပ်ခငွေက နည်းလွန်းသဖြင့် ဟင်ပတန်သို့ သွားရမည့်ခရီးစရိတ်ပင် အလုံအလောက် မရခဲ့ပါ။

တတ်နိုင်သမျှ ချွေတာရမည့် အခြေအနေဖြစ်သဖြင့် ကျွန်တော်သည် အခပေးပြီး အိပ်ရမည့်နေရာကို မရှာတော့ပါ။ ပထမဆုံး ညအိပ်ခဲ့သည့် လမ်းဘေးပလက်ဖောင်း အောက်မှာပင် အိပ်ခဲ့သည်။

နှစ်ပေါင်းများစွာ ကုန်လွန်သွားသည့်အခါ ကျွန်တော်သည် ရစ်ချ်မွန်မြို့သို့ တစ်ခေါက် ပြန်ရောက်လာခဲ့သည်။

ဤတစ်ခေါက်တွင် ရစ်ချ်မွန်မြို့ပေါ်ရှိ လူဖြူမဟုတ်သော မြို့သူမြို့သားများက ကျွန်တော့်အား ဂုဏ်ပြုဧည့်ခံပွဲတစ်ပွဲ လုပ်ခဲ့ပါသည်။

လူနှစ်ထောင်ခန့် တက်ရောက်သော ပွဲဖြစ်၍ တခမ်းတနားရှိလှပါသည်။

mgyoe.com

အခမ်းအနား ကျင်းပသည့်နေရာသည် ကျွန်တော် ရစ်ချ်မွန်မြို့သို့ စတင်ခြေချခဲ့စဉ်က အိပ်ခဲ့ရသည့်နေရာနှင့် များစွာမဝေးလှပါ။

ကျွန်တော့်စိတ်သည် ညှော်ခံပွဲထဲတွင် မရှိပါ။ ကျွန်တော်အိပ်ခဲ့ရသည့်နေရာဆီသို့ ရောက်နေပါသည်။ တကယ်တော့လည်း ထိုနေရာကလေးသည် ကျွန်တော့်အား ယခုရောက်နေသည့် ညှော်ခံပွဲနေရာထက် ပိုမို၍နွေးထွေးစွာ အကာအကွယ်ပေးခဲ့သည် မဟုတ်ပါလား။

ဟင်ပတန်မြို့သို့ ခရီးဆက်နိုင်လောက်အောင် ငွေရှင်းစုဆောင်းမိသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ကပ္ပတိန်အား ကျေးဇူးတင်စကားပြောကာ ခရီးဆက်ထွက်ခဲ့သည်။

လမ်းခရီးတွင် ထူးထူးခြားခြား ဘာမှမမြင်ဘဲ ဟင်ပတန်ရောက်သွားခဲ့သည်။ ထိုအချိန်တွင် ကျွန်တော့်လက်ထဲ ငွေပိုငွေလျှံဆို၍ ဆင့်ငါးဆယ်မျှသာ ကျန်ပါတော့သည်။

ပညာသင်ကြားရေးအတွက် ဤငွေဖြင့် အစပြုရမည့်အဖြစ်ကို တွေးလိုက်မိသည့်အခါ အားတက်စရာ မရှိလှပါ။

ကျွန်တော့်အဖို့ ဤခရီးသည် ခရီးရှည်ကြီးတစ်ခုဖြစ်သည်။ မမေ့နိုင်လောက်အောင် ထူးခြားသည့်ဖြစ်ရပ်များနှင့် ကြုံခဲ့ရသော ခရီးလည်းဖြစ်၏။

အလွန်ကြီးမားသော သုံးထပ်တိုက်ကျောင်း အဆောက်အုံကြီးကို မြင်လိုက်ရသည့်အခါ အပင်ပန်းခံခဲ့ရသည့် ဆင်းရဲဒုက္ခအားလုံးကို မေ့ပျောက်သွားသည်။

အဆောက်အဦ၏ အရှိန်အဝါသြဇာသည် ကျွန်တော့်အပေါ်၌သာမက ကျွန်တော့်လို လူငယ်လူရွယ်တိုင်းအပေါ် ကြီးမားလိမ့်မည်ဟု ထင်ပါသည်။

ဤအဆောက်အအုံ ဖြစ်မြောက်လာရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသော စေတနာရှင်များ ဂုဏ်ယူထိုက်ကြသည့် အချက်တစ်ချက်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော့်မျက်စိထဲတွင် ကျောင်းအဆောက်အအုံသည် အကြီးမားဆုံး၊ အခမ်းနားဆုံးနှင့် အလှဆုံးတစ်ခုဖြစ်နေသည်။ ကျွန်တော့်အတွက် 'ဘဝသစ်တစ်ခု' ကိုပေးမည့် မြင်ကွင်းဟုထင်ပါသည်။ ကျွန်တော့်အတွက် 'ဘဝသစ်' စပြီဟုလည်း အခိုင်အမာ ယုံကြည်မိပါသည်။

mgyoe.com

mgyee.com


ဟင်ပတန်ကျောင်းမြေပေါ် ခြေချမိပြီးသည့်နောက်တွင် ကျွန်တော်သည် ကျောင်းအုပ်ဆရာမကြီး၏ ရှေ့မှောက်သို့ ရောက်သွားခဲ့သည်။

သင့်လျော်သည့် အစားအစာများကို ဝဝလင်လင် မစားရခြင်း၊ ရေမိုး မချိုးခဲ့ရခြင်းနှင့် အဝတ်အစားသစ်သစ်လွင်လွင် မလဲထားနိုင်ခြင်း စသည့် အကြောင်းများကြောင့် ကျွန်တော်၏ရုပ်အသွင်အပြင်သည် ဆရာမကြီး၏ မျက်စိထဲ၌ အထင်အမြင်ကြီးစရာ မရှိလှပါ။

ဆရာမကြီး၏မျက်နှာထားသည် စိတ်နှစ်ခွဖြစ်နေခြင်းကို ဖော်ပြနေသည်။ ကျွန်တော့်အား ကျောင်းသားတစ်ယောက်အဖြစ် ဝင်ခွင့်ပြုရ၍မှ ဖြစ်ပါ့မလားဟူသော သံသယရှိနေဟန်တူသည်။

ထိုစဉ်က ဆရာမကြီးအနေဖြင့် ကျွန်တော့်အား တေလေကြမ်းပိုး တစ်ယောက် (သို့မဟုတ်) သူတောင်းစားတစ်ယောက်ဟု ထင်မြင်ပါက လည်း အပြစ်ဆိုစရာ မရှိပါ။

ဆရာမကြီးသည် ကျွန်တော့်အား ကျောင်းဝင်ခွင့်ပြုသည်ဟုလည်း ချက်ချင်း မဆုံးဖြတ်။ ဝင်ခွင့်မပြုဟုလည်း ပစ်ပယ်ခြင်းမပြု။ ကျွန်တော်သည် ရင်တထိတ်ထိတ်ဖြင့် သူ့အဆုံးအဖြတ်ကို စောင့်မျှော်နေရပါသည်။

သူသည် အခြားကျောင်းသားများကို လက်ခံလျက်ရှိရာ ဘေးမှရပ်ကြည့် နေရသော ကျွန်တော့်အဖို့ စိတ်မသက်မသာ ရှိလွန်းလှပါသည်။ သူ လက်ခံ နေသော ကျောင်းသားများကဲ့သို့ပင် ကျွန်တော့်တွင်လည်း ထိုက်တန်သော အရည်အချင်းရှိကြောင်း ပြချင်စိတ်ဖြစ်နေမိပါသည်။

နာရီပေါင်းအတော်များများ ကုန်လွန်သွားသည့်အခါ ဆရာမကြီးက ကျွန်တော့်အား တစ်ချက်လှမ်းကြည့်ပြီး "ဟိုဘက်က စာသင်ခန်းထဲမှာ တံမြက်စည်း မလှည်းရသေးဘူး၊ တံမြက်စည်းယူပြီး သွားလှည်းစမ်း" ဟု ကျွန်တော့်အား ခိုင်းသည်။

ကျွန်တော်သည် ချက်ချင်းပင် ငါ့အတွက် အခွင့်ကောင်းရပြီဟု တွက် လိုက်သည်။ ဆရာမကြီးပေးသည့် အမိန့်ကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးရန် တာစူသည်။

ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် တံမြက်စည်း ကောင်းကောင်းလှည်း တတ်သည်ကို သိနေသည် မဟုတ်ပါလား။ ကျွန်တော် မစ္စက်ရပ်ဖ်နာနှင့်

mgyee.com

mgyoe.com


နေခဲ့စဉ်က သူကိုယ်တိုင်တံမြက်စည်း လှည်းပုံလှည်းနည်းကို စနစ်တကျ သင်ကြားထားခဲ့သည် မဟုတ်ပါလား။

ကျွန်တော်သည် စာသင်ခန်းထဲဝင်၊ တံမြက်စည်း ကျကျနန လှည်းလိုက်သည်။ ဖုန်သုတ်အဝတ်ဖြင့် လေးကြိမ်တိတိ ဖုန်များကို သုတ်လိုက်သည်။ နံရံပတ်ပတ်လည် နံရံမှ သစ်သားတန်းများ၊ ခုံတန်းလျားများ၊ စားပွဲများနှင့် ထိုင်ခုံများအားလုံးကို လေးကြိမ်တိတိ ဖုန်သုတ်လိုက်သည်။ ထို့နောက် ဗီရိုများ၊ ထောင့်ကြိုထောင့်ကြားမကျန် စေ့စေ့စပ်စပ် လုပ်လိုက်ခြင်းဖြစ်၏။ ကျွန်တော်၏ အနာဂတ်ဘဝသည် ဤအခန်းသန့်ရှင်းရေး လုပ်ငန်းအပေါ်တွင် တည်မှီလျက်ရှိသည် မဟုတ်ပါလား။

အလုပ်ပြီးသွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ဆရာမကြီးထံ ပြန်သွားပြီး သတင်းပို့သည်။ ဆရာမကြီးသည် 'ယန်းကီး' (မြောက်ပိုင်းပြည်နယ်သူ) တစ်ဦး ဖြစ်သည့်အားလျော်စွာ ဖုန်ဘယ်နေရာ၌ ရှိတတ်သည်ကို ကောင်းစွာသိသူဖြစ်၏။

သူသည် အခန်းထဲဝင်သွားပြီး ကြမ်းပြင်၊ စားပွဲ၊ ခုံတန်းလျားနှင့် ဗီရိုစသည့် ပရိဘောဂများကို ချောင်ကြိုချောင်ကြားမကျန် လက်ကိုင်ပဝါနှင့် လိုက်၍တို့ကြည့်၊ ပွတ်ကြည့်သည်။ ဖုန်တစ်မှုန်မျှ မတွေ့သည့်အခါ အလွန်အေးဆေးတည်ငြိမ်သော လေသံဖြင့် "သင့်ကို ဒီကျောင်းမှာ ဝင်ခွင့်ပြုသင့်တယ်လို့ ငါထင်တယ်" ဟု မှတ်ချက်ချပါသည်။

ကျွန်တော်သည် ဤကမ္ဘာလောကတွင် အပျော်ဆုံးလူတစ်ယောက် ဖြစ်ခဲ့ရပြီ။ ထိုအခန်းကို တံမြက်စည်းလှည်းခြင်းသည် ကျွန်တော့်အတွက် ကျောင်းဝင်ခွင့်စာမေးပွဲပင် ဖြစ်ပါသည်။ ကျွန်တော့်အဖို့ ဟားဗတ်တက္ကသိုလ် (သို့မဟုတ်) ယေးလ်တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်မြင်ခဲ့သည့် လူတစ်ယောက်ထက် ပို၍ ကျေနပ်အားရခြင်းမျိုးကို ခံစားခဲ့ရသည်။

နောက်ပိုင်းကာလများတွင် ကျွန်တော်သည် စာမေးပွဲ အမြောက်အမြားအောင်မြင်ခဲ့ပါသည်။ သို့တစေလည်း. . . ထိုနေ့က တံမြက်စည်းလှည်းစာမေးပွဲကို အောင်မြင်ခဲ့ရခြင်းသည် အထူးခြားဆုံးနှင့် အကောင်းဆုံးသောအောင်မြင်မှုတစ်ခုဟု အမြဲတစေ စိတ်ထဲက ခံစားနေရပါသည်။

ကျွန်တော်သည် ဟင်ပတန်ကျောင်း ဝင်ခွင့်ရရေးအတွက် ကျွန်တော့်

mgyoe.com

mgyoe.com

အတွေ့အကြုံကိုသာ အဓိကထား၍ ပြောပြနေခြင်းဖြစ်ပါသည်။

အမှန်တော့ ကျွန်တော့်လိုအတွေ့အကြုံမျိုးနှင့် ရင်ဆိုင်ခဲ့ရသော လူငယ်ပေါင်း အမြောက်အမြားရှိလိမ့်မည်ဟု ထင်ပါသည်။

ယင်းလူငယ် အမျိုးသား၊ အမျိုးသမီးများသည်လည်း ကျွန်တော်ကဲ့သို့ပင် ပညာသင်ကြားခွင့် ရရှိရေးအတွက် ဘယ်လိုနည်းနှင့် သင်ရ သင်ရ၊ ကြားရမည်ဟု အခိုင်အမာ ဆုံးဖြတ်ထားသူများသာ ဖြစ်ဖို့ရှိပါသည်။

ဆရာမကြီးခိုင်းလိုက်သည့် စာသင်ခန်းကို သန့်ရှင်းရေးကောင်းစွာလုပ်နိုင်ခဲ့သည့်အတွက် ကျွန်တော်သည် ဟင်ပတန်ကျောင်းသို့ ဝင်ခွင့်ရခဲ့ပြီဖြစ်၏။

ဆရာမကြီး မစ္စက် မေရီအက်ဖ် မက္ကီးသည် ကျွန်တော့်အား အဆောက်အအုံ ထိန်းသိမ်းရေးမှူး တာဝန်ကိုပေးသည်။ ကျွန်တော်ကလည်း ဝမ်းမြောက်ဝမ်းသာပင် လက်ခံခဲ့ပါသည်။

တခြားကြောင့်မဟုတ်ပါ။

ဤအလုပ်ကို လက်ခံခြင်းအားဖြင့် ကျွန်တော့်အတွက် နေစရိတ်နှင့် စားစရိတ် သက်သာသွားနိုင်သည် မဟုတ်ပါလား။

အလုပ်ကတော့ ပင်ပန်းလှပါသည်။ သို့သော်လည်း ကျွန်တော့် ဤအလုပ်ကိုပင် ဖွဲခတ်၍လုပ်သည်။ ကျွန်တော် ကြည့်ရှုထိန်းသိမ်းပေးနေရသည့် အခန်းများမှာ များပြားလွန်းလှသည်ဖြစ်ရာ. . . ညပိုင်း အချိန်အတော်နောက်ကျသည်အထိ လုပ်ရသည်။

မနက်ကျတော့လည်း လေးနာရီထိုး ထရသည်ဖြစ်ရာ. . . စာဖတ်ဖို့အတွက် အချိန်အနည်းငယ်မျှသာ ရပါသည်။

ကျွန်တော် အိမ်မှထွက်ခွာလာခဲ့ပြီး ကမ္ဘာလောကကြီးအတွင်းသို့ ဝင်ရောက်ကာ ဟင်ပတန်ကျောင်း၌ ပညာသင်ကြားနေခဲ့သည့် အချိန်ကာလတစ်လျှောက်လုံး ဆရာမကြီး မစ္စက်မေရီအက်ဖ်မက္ကီးသည် ကျွန်တော်၏ ခင်မင်အရင်းနှီးဆုံးနှင့် အကူအညီအရဆုံးသော မိတ်ဆွေများထဲတွင် တစ်ဦးအပါအဝင် ဖြစ်လာခဲ့သည်။

သူ၏အကြံဉာဏ်များနှင့် အားပေးမှုများသည် အမှောင်ဖုံးနေသည့် အချိန်ကာလများတွင် ကျွန်တော့်စိတ်ဓာတ်ကို ရင့်သန်ကြံ့ခိုင်စေခဲ့သည့် အား

mgyoe.com

mgyoe.com
ဆေးများဖြစ်ခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် ကျွန်တော့်အပေါ် ဩဇာအရှိန်အဝါ ကြီးစေခဲ့သည့် ဟင်ပတန်ကျောင်း၏ အကြောင်းကို ပြောခဲ့ပြီးပြီ။

သို့သော်လည်း ကျွန်တော့်အပေါ်ရှိ ဩဇာအရှိန်အဝါ ကြီးမားခဲ့ပြီး ရာသက်ပန် ကြည်ညိုလေးစားခဲ့ရသည့် ပုဂ္ဂိုလ်ကြီးတစ်ယောက် အကြောင်းကိုမူ မပြောရသေးပါ။

ယင်းပုဂ္ဂိုလ်ကြီးမှာ ကျွန်တော် တွေ့မြင်ခဲ့ဖူးသမျှ လူများထဲတွင် အမြင့်မြတ်ဆုံးနှင့် တွေ့ရခဲ့သည့် အရှားပါးဆုံးသော လူသားတစ်ယောက်ဟု ထင်ပါသည်။

ယင်းမှာ ကွယ်လွန်သွားရှာပြီဖြစ်သော 'ဗိုလ်ချုပ်ကြီး ဆင်မြူရယ်စီ အမ်းစထရောင်း' ဖြစ်ပါ၏။

ကျွန်တော်သည် ဥရောပနှင့် အမေရိကန်နိုင်ငံ တစ်ဝန်းရှိ ထူးခြား ထင်ရှားသောပုဂ္ဂိုလ်ပေါင်း အများအပြားနှင့် တွေ့ခဲ့ရဖူးပါသည်။

ကျွန်တော်၏ ကိုယ်ပိုင်အမြင်အရ ကျွန်တော်တွေ့ခဲ့ဖူးသမျှ ပုဂ္ဂိုလ်ကြီးများထဲတွင် ဗိုလ်ချုပ်ကြီး အမ်းစထရောင်းကိုမီသူ တစ်ဦးမှမရှိဟု ပြောရပါသည်။

ကျွန်တော့်လို ကျွန်ဘဝမှလာသော ကျောက်မီးသွေးတွင်းအလုပ်သမား တစ်ဦးအနေဖြင့် ဗိုလ်ချုပ်ကြီးအမ်းစထရောင်းလို ပုဂ္ဂိုလ်ကြီးတစ်ယောက်နှင့် ရှောရှောရှူရှူ တွေ့ခွင့်ရခြင်းသည် ရတောင့်ရခဲ အခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။

ကျွန်တော်နှင့်သူ ပထမဆုံး ဆုံတွေ့ကြစဉ်က သူ့ကို မြင်လျှင်မြင်ချင်း အဘက်ဘက်တွင် ချို့ယွင်းချက်ကင်းပြီး အကျင့်သီလ သမာဓိနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ယောက်ဟု ကျွန်တော့်စိတ်ထဲတွင် ခံစားလိုက်ပါသည်။ တွေ့တွေ့ချင်းဖြစ်ပေါ်ခဲ့သည့် ဤခံစားမှုကို ကျွန်တော် အစဉ်အမြဲ သတိရသည်။

သူ့အကြောင်းကို စဉ်းစားလိုက်တိုင်း သာမန်လူသားများထက် သာလွန်မြင့်မြတ်သော လူထူးလူဆန်းတစ်ဦးဟု စိတ်ထဲက ခံစားခဲ့ရသည့် အဖြစ်ကိုလည်း မေ့၍မရပါ။

mgyoe.com

ကျွန်တော်သည် ဟင်ပတန်ကျောင်းသို့ ကျောင်းသားအဖြစ်နှင့် ရောက်ချိန်မှစ၍ သူ ကွယ်လွန်ချိန်အထိ တရင်းတနှီး ခင်မင်ရင်းနှီးခွင့် ရခဲ့သူဖြစ်၏။

လူတစ်ဦးအနေဖြင့် ဟင်ပတန်ကျောင်း အဆောက်အအဦများ၊ စာသင်ခန်းများ၊ ဆရာ ဆရာမများနှင့် စက်မှုလက်မှု ပညာသင်ကြားရေးဆိုင်ရာ ကိရိယာတန်ဆာပလာများကို ဖယ်ထုတ်လိုက်ပြီး အမျိုးသား၊ အမျိုးသမီးအားလုံးကို နေ့စဉ် ဗိုလ်ချုပ်ကြီး အမ်စထရောင်း တစ်ဦးတည်းနှင့် ဆက်သွယ်ခွင့်ရအောင် လုပ်ပေးမည်ဆိုပါက ကြီးမားကျယ်ပြန့်သော ပညာတစ်ခုကို တတ်မြောက်နိုင်ဖွယ်ရာရှိသည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော့်အနေဖြင့် အသက်ကြီးလာသည့်အခါ အမြင်တစ်ခု ဝင်လာသည်။ စာအုပ်များနှင့် ငွေကြေးအကုန်အကျများသော ပစ္စည်းကိရိယာတန်ဆာပလာများမှ ရရှိနိုင်သောပညာသည် ထူးခြားထင်ရှားသော အမျိုးသား အမျိုးသမီးပုဂ္ဂိုလ်ကြီးများနှင့် ဆက်သွယ်မိ၍ ရရှိလာသော ပညာနှင့် ညီမျှသည်ဟူသော အမြင်ဖြစ်သည်။

စာအုပ်များကိုချည်း အဆက်မပြတ် ဖတ်နေကြရမည့်အစား လူများနှင့် အရာဝတ္ထုများကိုလေ့လာပြီး သင်ယူသည့်စနစ်ကိုလည်း ကျွန်တော်တို့ ကောလိပ်ကျောင်းများမှ ကျင့်သုံးလာလျှင် မည်မျှကောင်းပါမည်နည်းဟု ကျွန်တော် တောင့်တမိပါသည်။

ဗိုလ်ချုပ်ကြီး အမ်းစထရောင်းသည် သူ မကွယ်လွန်မီ နောက်ဆုံးခြောက်လအနက် နှစ်လတိတိမျှ တပ်စကီဂျီးရှိ ကျွန်တော့်အိမ်တွင် နေသွားခဲ့ပါသေးသည်။

ထိုအချိန်က သူသည် လေဖြတ်ခံထားရပြီဖြစ်၍ သူ့ကိုယ်ခန္ဓာနှင့် အသံကို ကောင်းစွာထိန်းသိမ်းနိုင်စွမ်း မရှိတော့ပါ။ ဤကြားထဲမှပင် သူသည် သူ့ဘဝတစ်ခုလုံး မြှုပ်နှံထားသည့် အလုပ်ကို နေ့ရောညပါ အမြဲမပြတ် လုပ်လျက်ရှိပါသည်။

ကျွန်တော့်ဘဝ တစ်သက်တာတွင် သူ့အတွက်သူ မေ့နေသော လူတစ်ယောက်ကို မမြင်ဖူး မတွေ့ဖူးခဲ့ပါ။ သူ့တွင် တစ်ကိုယ်ကောင်းဆန်သော၊ အတ္တအားကြီးသော အတွေးအခေါ်လည်း လုံးဝမရှိပါ။ ဟင်ပတန်ကျောင်းအတွက် အလုပ်လုပ်ပေးနေတုန်းကလိုပင် တောင်ပိုင်းပြည်နယ် ဒေသတစ်ခု

mgyoe.com

mgyee.com

အတွင်းမှ ကျောင်းတစ်ကျောင်းကို ကူညီရန် ကြိုးစားအားထုတ်လျက်ရှိပါသည်။ သူ့အနေဖြင့် ပြည်တွင်းစစ်ဖြစ်နေစဉ်က တောင်ပိုင်းပြည်နယ်သား လူဖြူများကို တိုက်ခိုက်ခဲ့သော်လည်း စစ်ကြီးပြီးချိန်မှစ၍ သူ့ပါးစပ်မှ တောင်ပိုင်းသားများအပေါ် ထိခိုက်နစ်နာစေမည့် စကားတစ်ခွန်းမျှ ထွက်မလာဖူးပါ။

တောင်ပိုင်းပြည်နယ်သား လူဖြူများအတွက် သူ ဘာလုပ်ပေးနိုင်မလဲ ဟူသော အချက်ကိုသာ အဓိကထား၍ စဉ်းစားပြီး နည်းအမျိုးမျိုးဖြင့် ကူညီလျက် ရှိရှာပါသည်။

ကျွန်တော် သိခဲ့ရသလောက်ဆိုပါက ဗိုလ်ချုပ်ကြီး အမ်းစထရောင်းသည် သူယူထားသည့် တာဝန်ကို ဘယ်တော့မှ ပျက်ကွက်ခဲ့ဖူးသည် မရှိပါ။

အလာဘားမား ပြည်နယ်တွင်းရှိ ကျွန်တော့်အိမ်၌ ဧည့်သည်အဖြစ်လာနေစဉ်က သူသည် မသန်မစွမ်းသုံး သုံးဘီးတပ်ကုလားထိုင်ဖြင့် သွားလာလှုပ်ရှားနေရချိန် ဖြစ်သည်။

တစ်ရက်တွင် သူ့တပည့်ဟောင်းတစ်ယောက်သည် သူ့ကုလားထိုင်ကို အလွန်ရှည်လျားမတ်စောက်သော တောင်ကုန်းပေါ်သို့ တပင်တပန်း တွန်းပို့ရသည်။

တောင်ကုန်းထိပ်သို့ ရောက်သည့်အခါ ကျောင်းသားဟောင်းခမျာ အသက်ပင် မှန်မှန်မရှူနိုင်လောက်အောင် ပင်ပန်းမောဟိုက်လျက်ရှိသည်။

သို့သော်လည်း သူသည် ကျွန်တော့်အား အလွန်ဝမ်းသာကြည်နူးနေသော မျက်နှာထားဖြင့် လှမ်းကြည့်ပြီး . . .

"ဗိုလ်ချုပ်ကြီး အမ်းစထရောင်း မသေခင်မှာ သူ့အတွက် အခုလောက်ပင်ပန်းတဲ့အလုပ်တစ်ခု လုပ်ပေးခွင့်ရလိုက်လို့ ကျွန်တော်သိပ်ကိုဝမ်းသာတာပဲ" ဟုပြောပါသည်။

ကျွန်တော် ဟင်ပတန်ကျောင်းသားဘဝတွင် အိပ်ဆောင်များ၌ လူပြည့်နေသဖြင့် နောက်ထပ်ကျောင်းသားသစ် လက်မခံနိုင်သော ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရဖူးသည်။

ထိုစဉ်က ဗိုလ်ချုပ်ကြီး အမ်းစထရောင်းသည် ဖြတ်ထိုးဉာဏ်သုံးကာ ရွက်ထည်တဲများကို ယာယီအိပ်ဆောင်များအဖြစ် အသုံးပြုခြင်းဖြင့် ဖြေရှင်း

mgyee.com

mgyoe.com

ပေးခဲ့၏။

ထိုစဉ်က ဆောင်းရာသီတွင် ရွက်ထည်တဲထဲ၌ နေလိုသူ ရှားပါးလှပါသည်။ အကယ်၍ရွက်ထည်တဲများထဲ၌ နေထိုင်သော ကျောင်းသားကြီးများ ရှိမည်ဆိုပါက ဗိုလ်ချုပ်ကြီး အမ်းစထရောင်း ဝမ်းသာလိမ့်မည်ဟူသော သတင်းထွက်လာသည်။

ထိုအခါ တစ်ကျောင်းလုံးရှိ ကျောင်းသားတိုင်းက ရွက်ထည်တဲတွင် နေလိုကြောင်း ဆန္ဒပြုခဲ့ကြဖူးပါသည်။

ထိုစဉ်က စေတနာအလျောက်ဆန္ဒပြု၍ နေခဲ့သူများထဲတွင် ကျွန်တော်လည်း ပါဝင်ခဲ့သည်။ ဆောင်းရာသီဆိုလျှင် ရွက်ထည်တဲများအတွင်း၌ နေရသည်မှာ မခံမရပ်နိုင်လောက်အောင်ပင် အေးလှပါသည်။

ကျွန်တော်တို့အားလုံး အအေးဒဏ်ကို အပြင်းအထန်ခံကြရပါသည်။ သို့သော်လည်း ဗိုလ်ချုပ်ကြီးအမ်းစထရောင်း သိမည်စိုးသဖြင့် ဒုက္ခကိုအောင့်အည်း သည်းခံခဲ့ကြသည်။

ကျွန်တော်တို့လို ပညာသင်ယူလိုသော လူငယ်များအတွက် ပညာသင်ယူနိုင်ခွင့်ရရှိအောင် အနစ်နာခံရသည့် ကောင်းမှုတစ်ခုဟု သတ်မှတ်ကာ စိတ်ကို ဖြေကြသည်။

သို့သော်လည်း ကျွန်တော်တို့၏အဖြစ်ကို သိနားလည်ရှာသော ဗိုလ်ချုပ်ကြီး အမ်းစထရောင်းသည် ထုံကျဉ်ကိုက်ခဲလာအောင် အေးမြသည့်လေ တိုက်ခတ်နေချိန် မနက်စောစောစီးစီးထ၍ ကျွန်တော်တို့ထံ ရောက်လာလေ့ရှိသည်။

သူ၏ ဟန်ဆောင်မှုကင်းမဲ့သော ပြောသံဆိုသံ အားပေးသံများကို ကြားကြရသည်။ ကျွန်တော့်ရင်ထဲ၌ ရှိနေသော စိတ်ပျက်ညှိုးငယ်မှုဟူသမျှသည် ချက်ချင်းပင် လွင့်စဉ်ပျောက်ပျက်သွားပါသည်။

ဟင်ပတန်ကျောင်း၌ နေရသည့် အနေအထားသည် ကျွန်တော့်အတွက် 'ဘဝသစ်တစ်ခု'ဖြစ်ပါ၏။ အချိန်မှန်မှန်စားရခြင်း၊ စားပွဲခင်း ခင်းထားသည့် စားပွဲ၌ ထိုင်၍စားသောက်ရခြင်း၊ လက်သုတ်ပဝါသုံးရခြင်း၊ ရေချိုးကန်နှင့် ရေချိုးရခြင်း၊ သွားတိုက်ဆေး သုံးရခြင်း၊ အိပ်ရာခင်းနှင့် အိပ်ရခြင်း စသည်တို့မှာ ကျွန်တော် မတွေ့ဖူးမမြင်ဖူးခဲ့သည့် အသစ်အဆန်းတွေချည်း ဖြစ်ပါသည်။

mgyoe.com

mgyee.com


တစ်ခါတစ်ရံတွင် ကျွန်တော် ဟင်ပတန်ကျောင်း၌ နေထိုင်ခဲ့ရစဉ်က အလွန်အဖိုးတန်သော သင်ခန်းစာတစ်ခုကို သင်ကြားတတ်မြောက်ခဲ့ရသည်ဟု စိတ်ထဲကခံစားရသည်။

ယင်းမှာ အခြားမဟုတ်။ နေ့စဉ် ရေမှန်မှန်ချိုးခြင်း ဖြစ်သည်။ ရေမှန်မှန်ချိုးခြင်း၏ တန်ဖိုးမှာ ခန္ဓာကိုယ် သန့်ရှင်းစင်ကြယ်ခြင်း တစ်ခုတည်းကိုသာ ရစေနိုင်သည်မဟုတ်။ စိတ်နေစိတ်ဓာတ် ကြည်လင်သန့်ရှင်းခြင်း၊ ကောင်းမြတ်သော စိတ်ထားများကို မွေးမြူနိုင်ခြင်းစသော အကျိုးထူးများကို ရရှိနိုင်သည်ဟု ထင်ပါသည်။

ကျွန်တော် ဟင်ပတန်ကျောင်းမှထွက်ပြီး တောင်ပိုင်းပြည်နယ်များနှင့် အခြားဒေသများအတွင်း လှည့်လည်ခရီးသွားနေစဉ်က နေ့စဉ် ရေမှန်မှန်ချိုးခြင်းကို မပျက်မကွက်လုပ်ခဲ့သည်။

ထိုစဉ် အိမ်ခန်းတစ်ခန်းတည်းသာရှိသော အိမ်မျိုး၌ ဧည့်သည်ဖြစ်ရသည့်အခါ ရေချိုးခွင့်ရဖို့ မလွယ်ပါ။ ထိုအခါများတွင် ကျွန်တော်လည်း အိမ်ရှင်များမသိအောင် အနီးအနားရှိ သစ်တောများထဲဝင်၍ ချောင်တစ်ခုခုတွင် ရေတဝချိုးလေ့ ရှိပါသည်။

ကျွန်တော့်အနေဖြင့် ကျွန်တော့်လူမျိုးအား ရေမှန်မှန်ချိုးခြင်းကို အိမ်ထောင်စုတိုင်း၏ မပျက်မကွက်လုပ်သင့်လုပ်ထိုက်သည့် တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ထားအောင် အမြဲတစေ သွန်သင်ခဲ့ပါသည်။

ကျောင်းသားဘဝက ကျွန်တော့်တွင် ခြေအိတ်တချို့သာရှိခဲ့ရာ ညစ်ပတ်ပေရေသွားသည်အထိ ဝတ်ရသည်။ အလွန်ညစ်ပတ်သွားပြီဆိုမှ ညပိုင်း အိပ်ရာမဝင်မီလျှော်၍ မီးဖြင့် အခြောက်လှန်းရပါသည်။ သို့မှသာလျှင် မနက်ကျောင်းတက်သည့်အခါ ခြေအိတ်နှင့် သွားနိုင်လာနိုင်မည် မဟုတ်ပါလား။

ကျွန်တော်၏ အဆောင်ခနှင့် စားစရိတ်မှာ တစ်လလျှင် ဆယ်ဒေါ်လာဖြစ်ပါသည်။ လခ၏တချို့တစ်ဝက်ကို ငွေပေး၍ တချို့တစ်ဝက်ကို အလုပ်လုပ် ပေးရမည်ဖြစ်ရာ ငွေပေးရမည့်အပိုင်းတွင် အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ကျောင်းသို့ရောက်စဉ် လက်ထဲ၌ ဆင့်ငါးဆယ်သာ ပါခဲ့သည်ကို

mgyee.com

mgyoe.com


ကျွန်တော်ပြောခဲ့ပြီးပါပြီ။ တစ်ခါတစ်ရံတွင် ကျွန်တော့်အစ်ကို ဂျွန်က ငွေပို့ပေးသော်လည်း ထိုငွေမှာ များများစားစားမဟုတ်ပါ။ အရှင်းဆုံးပြောရလျှင် နေရေးနှင့်စားရေးအတွက် လခပေးနိုင်ဖို့ ကျွန်တော့်တွင် ငွေမရှိပါ။

ကျွန်တော်သည် အဆောက်အဦ ထိန်းသိမ်းရေးအလုပ်ကို ယခင်က ထက်တိုး၍ သတိထားပြီးလုပ်ကိုင်ပေးရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် ကျွန်တော်အလုပ်အပေါ် ပို၍တန်ဖိုးထားလာအောင် ကြိုးစားအားထုတ်၍လုပ်သည်။ ကျွန်တော့်အလုပ်တွင် ကျွန်တော်မရှိလျှင် မဖြစ်ဟူသော အနေအထားမျိုး ရောက်သည်အထိ ကြိုးပမ်းအားထုတ်၍ လုပ်ခဲ့ခြင်း ဖြစ်ပါ၏။

ဤသို့ဖြင့်. . . ကျွန်တော် မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာသည်။ ကျောင်းအာဏာပိုင်များက ကျွန်တော်၏ နေစရိတ်နှင့် စားစရိတ်ကို ကျွန်တော့်အလုပ်နှင့် တန်ဖိုးအညီအမျှထားကာ အခမဲ့ နေခွင့်စားခွင့် ပြုလိုက်ပါသည်။

ကျွန်တော့်အတွက် ပညာသင်စရိတ်မှာ တစ်နှစ်လျှင် ဒေါ်လာ ခုနစ်ဆယ်ဖြစ်ရာ ဤငွေမှာ ကျွန်တော်လုံးဝမတတ်နိုင်သည့် အခြေအနေ၌ ရှိနေသည်။ အကယ်၍ ဤကျောင်းလခကို မပေးလျှင် မနေရဟု ဆိုခဲ့သည်ရှိသော် ကျွန်တော်သည် ဟင်ပတန်ကျောင်းမှ ထွက်ခွာသွားရန်သာ ရှိပါတော့သည်။

သို့သော်လည်း ဗိုလ်ချုပ်ကြီး အမ်းစထရောင်း၏ ကြင်နာသနားမှုကြောင့် ကျွန်တော့်အား ကူညီထောက်ပံ့မည့် ပုဂ္ဂိုလ်တစ်ဦး ပေါ်လာခဲ့သည်။ ယင်းမှာ မက်ဆာချူးဆက်ပြည်နယ် နယူးဘက်ဖို့မြို့မှ မစ္စတာအက်စ် ဂရစ်ဖစ်မော်ဂန်ဆိုသူဖြစ်သည်။

သူသည် ကျွန်တော် ဟင်ပတန်ကျောင်း၌ နေသမျှကာလပတ်လုံး ပညာသင်စရိတ် ထောက်ပံ့ခဲ့ပါသည်။ ကျောင်းမှအပြီးထွက်ပြီး အလုပ်ခွင်ဝင်သည့်အခါ ကျွန်တော်သည် မစ္စတာ မော်ဂန်၏ကျေးဇူးကို မေ့မသွားပါ။ မစ္စတာ မော်ဂန်ထံသို့ အကြိမ်ပေါင်းများစွာ အလည်ရောက်ပါ၏။

ဟင်ပတန်ကျောင်းသို့ရောက်ပြီး မကြာခင်မှာပင် ကျွန်တော်သည် အဝတ်အထည်နှင့် စာအုပ်များ မဝယ်နိုင်သည့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရ

mgyoe.com

သည်။ မည်သို့ပင်ဖြစ်စေ. . . စာအုပ်များ မဝယ်နိုင်သည့်ကိစ္စမှာ မျက်နှာငယ်ခံ၍၊ ဒုက္ခခံ၍ အခြားကျောင်းသားများထံမှ ငှားသုံးလျှင် ဖြစ်နိုင်စရာရှိ၏။ အဝတ်အထည်မှာမူကား ငှားဝတ်၍ မဖြစ်ပါ။

ကျွန်တော် ဟင်ပတန်ကျောင်းသို့ ရောက်စအချိန်က ကျွန်တော့်တွင် အဝတ်တစ်ထည် ကိုယ်တစ်ခုမျှသာ ဖြစ်သည်။ အကောင်းဆို၍ လွယ်အိတ်ကလေးတစ်လုံးမျှသာ ပိုင်ဆိုင်ပါသည်။

ဗိုလ်ချုပ်ကြီး အမ်းစထရောင်းကလည်း ကျောင်းသားများ ဝတ်စားဆင်ယင်မှု သန့်၊ မသန့်၊ စနစ်ကျ၊ မကျ မကြာခဏ စစ်ဆေးလေ့ရှိရာ ကျွန်တော့်မှာ အင်္ကျီအဝတ်အထည်အတွက် များစွာမှပင် ပူပန်သောက ရောက်ခဲ့ရပါသည်။

ကျောင်းစည်းကမ်းအရ ဖိနပ်များကို ပြောင်စင်နေအောင် တိုက်ထားရသည်။ အင်္ကျီ ဘောင်းဘီတွင် အစွန်းအထင်း အပေအရေများ မရှိစေရ။ ကြယ်သီးများ ပြုတ်မနေရ။ သို့ဖြစ်ရာ ထည်လဲမရှိသော ကျွန်တော့်အဖို့ အကျဉ်းအကျပ် ဖြစ်လွန်းလှပါသည်။

တစ်စုံတည်းသောအဝတ်ကို အလုပ်ခွင်၌လည်းဝတ်၊ စာသင်ခန်းထဲ၌လည်းဝတ် ဖြစ်နေသော ကျွန်တော့်အဖို့ သန့်ရှင်းစင်ကြယ်အောင် လုပ်ဖို့ဆိုသည်မှာ မလွယ်လှပါ။

ကျွန်တော် ရင်ဆိုင်နေရသည့် အခက်အခဲကို ဆရာများ ရိပ်မိသိရှိသွားချိန်အထိ ကျွန်တော် အောင့်အည်းသည်းခံနေခဲ့ပါသည်။ ကျွန်တော့်အဖြစ်ကို ဆရာများသိသွားသောအခါ အချို့က မြောက်ပိုင်းပြည်နယ်များမှ ဆင်းရဲသော ကျောင်းသားများအတွက် အထုပ်လိုက် ပေးပို့လှူဒါန်းသော အဝတ်ဟောင်းများထဲမှ ခွဲဝေပေးကြပါသည်။

ယင်းအဝတ်ဟောင်းများသည် ဆင်းရဲသောကျောင်းသား ရာပေါင်း များစွာအတွက် အလွန်ထိရောက်သော အလှူဒါနတစ်ခု ဖြစ်သည်ကို ကျွန်တော် မမေ့နိုင်သေးပါ။ ယင်းအဝတ်ဟောင်းများသာ မရှိခဲ့ပါမူ ဟင်ပတန်ကျောင်း၌ ကျွန်တော်ဆက်၍မှ ပညာသင်ခဲ့နိုင်မှပါ့မလားဟု သံသယဖြစ်မိပါသည်။

ကျွန်တော် ဟင်ပတန်ကျောင်းသို့ မရောက်မီက အိပ်ရာခင်းနှစ်ခု တပ်ဆင်ထားသည့် အိပ်ရာတွင် အိပ်ဖူးခဲ့ခြင်း မရှိပါ။ ထိုစဉ်အခါက ဟင်ပတန်

mgyoe.com

mgyoe.com


ကျောင်းတွင် အဆောက်အဦလည်း များများစားစား မရှိ။ အခန်းတစ်ခန်း၌ နေရဖို့မှာ အလွန်ခက်ခဲသော အခွင့်အရေးတစ်ခု ဖြစ်ပါသည်။

ကျွန်တော်နေရသည့် အခန်းထဲတွင် အခြားကျောင်းသား ခုနစ်ဦးမျှရှိရာ အများစုသည် ကျွန်တော့်အရင် ရောက်နှင့်နေကြသူများ ဖြစ်၏။

ရောက်စအချိန်က အိပ်ရာခင်းများကို ဘယ်လိုသုံးရမှန်း မသိသော ကျွန်တော်သည် ပထမညတွင် အိပ်ရာခင်းများအောက်သို့ ဝင်၍အိပ်သည်။ ဒုတိယညတွင် အပေါ်မှ တက်အိပ်သည်။

သို့သော်လည်း အခြားသော ကျောင်းသားများလုပ်ပုံကို အကဲခတ်ကာ သင်ခန်းစာကိုရသည်။ ထို့နောက် ကျွန်တော့်လိုဖြစ်နေသော ကျောင်းသားများအား ဘယ်လိုသုံးရမည်ကို သင်ကြားပေးနိုင်ခဲ့ပါသည်။

ထိုအချိန်က ကျွန်တော်သည် ဟင်ပတန်ကျောင်းရှိ ကျောင်းသားများထဲတွင် အသက်အငယ်ဆုံး အုပ်စုဝင်တစ်ယောက် ဖြစ်သည်။

ကျောင်းသားအများစုမှာ လူကြီးအမျိုးသား အမျိုးသမီးများဖြစ်ကြ၍ အချို့သည် အသက်လေးဆယ်နီးပါးမျှပင် ရှိကြပါသည်။

ယခုအချိန်တွင် ပြန်၍စဉ်းစားလိုက်သည့်အခါ လူကြီးသုံးရာကျော် လေးရာနီးပါးခန့်နှင့် အတူတူတွဲ၍ ပညာသင်ခဲ့ရသည့် အခွင့်အလမ်း ရတောင့်ရခဲတစ်ခုဟု မြင်လာသည်။ ဟိုတုန်းကအဖြစ်ကို ပြန်၍စဉ်းစားလိုက်သည့်အခါ မယုံကြည်နိုင်စရာတစ်ခု ဖြစ်နေရပါသည်။

သက်ကြီးကျောင်းသားများသည် အများအားဖြင့် ကျောင်းသုံးစာအုပ်များကို နိုင်နင်းကျေညက်စွာ မဖတ်နိုင်ကြရှာပါ။

အပြင်းအထန် အားထုတ်၍ ဖတ်ရှုကျက်မှတ် နေရရှာသည်။ သူတို့အဖြစ်ကို ကြည့်ကာ ကျွန်တော် စိတ်မကောင်းဖြစ်မိပါသည်။

သူတို့လူစုထဲမှ အများအပြားသည် ကျွန်တော့်လို ဆင်းရဲကြသူများ ဖြစ်သည်။ သူတို့ခမျာ ပညာတတ်မြောက်ရေးအတွက် ကြိုးစားအားထုတ်ရသည်က တစ်ဖက်၊ ဘဝ၏အခြေခံလိုအပ်များကိုမျှပင် ပြည့်စုံလုံလောက်အောင် မရရှိ မခံစားရသည့် ဆင်းရဲမွဲတေမှုဒဏ်ကို ခံရသည်ကတစ်ဖက်နှင့် အပြင်းအထန် ရုန်းကန်လှုပ်ရှားနေကြရသူများ ဖြစ်ပါသည်။ အများစုထဲတွင် သူတို့အား မှီခိုနေရသည့် သက်ကြီးရွယ်အို မိဘများအား ထောက်ပံ့

mgyoe.com

mgyoe.com


ကျွေးမွေးနေရသူများလည်း ပါဝင်သည်။

အချို့မှာ သူတို့ ပညာသင်ကြားရေးအတွက် မယားဖြစ်သူများက တပင်တပန်း အလုပ်လုပ်၍ ထောက်ပံ့ကူညီခဲ့နေရသူများ ဖြစ်ပါသည်။

ကျောင်းမှ တာဝန်ရှိ အရာရှိများနှင့် ဆရာ၊ ဆရာမများသည် အလွန်တွေ့ရခဲသည့် ရှားရှားပါးပါး လူသားများဟု ကျွန်တော်ထင်သည်။

သူတို့သည် ကျောင်းသား၊ ကျောင်းသူများအတွက် တစ်ရာသီပြီး တစ်ရာသီ နေ့ရောညပါ မနားမနေ အလုပ်လုပ်ကြသည်။ ကျောင်းသား၊ ကျောင်းသူများကို အကူအညီပေးနေရလျှင် ပျော်ကြသည်။

အထူးသဖြင့် မြောက်ပိုင်းသူ ယန်းကီးများသည် ပြည်တွင်းစစ်ပြီးလျှင်ပြီးချင်း နီဂရိုးများ၏ပညာရေးအတွက် အဓိကအခန်းများမှာ တစ်စိတ်တစ်ပိုင်း ပါဝင်ခဲ့ကြသည်ဖြစ်ရာ ယင်းတို့၏ ကြိုးပမ်းအားထုတ်မှုများသည် ဤနိုင်ငံသမိုင်းတွင် အထူးခြားဆုံးသော မှတ်တိုင်တစ်တိုင် ဖြစ်လာဖို့ ရှိပါသည်။

ယင်းလုပ်ငန်းပေါ်တွင် တောင်ပိုင်းပြည်နယ်သူ၊ ပြည်နယ်သားများက နားလည်မှုရှိလာမည့် အချိန်မှာလည်း များစွာအလှမ်းမဝေးတော့ဟု ကျွန်တော် ထင်ပါသည်။

၀

mgyoe.com

mgyoe.com

# အခန်း (၄)

## သူတစ်ပါးအား ကူညီခြင်း

ဟင်ပတန်ကျောင်းသို့ ရောက်ခဲ့ပြီးနောက် တစ်နှစ်တာ ကုန်ဆုံးသွားသည့်အခါ ကျွန်တော်သည် အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ရပြန်သည်။

ကျောင်းသားအများစုသည် ကျောင်းပိတ်ရက်တွင် အိမ်ပြန်ကြသည်။ ကျွန်တော့်မှာတော့ အိမ်ပြန်ရန် စရိတ်ငွေမရှိ၊ သို့သော်လည်း တစ်နေရာရာကို သွားမနေ၍ မဖြစ်။

ထိုစဉ်အခါက ကျောင်းပိတ်ရက်အတွင်းတွင် ကျောင်းသားအနည်းငယ်မျှကိုသာ ကျောင်းတွင် နေခွင့်ပြုသည်မဟုတ်ပါလား။

ကျွန်တော်သည် အိမ်ပြန်ရန် ပြင်ဆင်နေကြသည့် ကျောင်းသားများကို ကြည့်ကာ ကြေကွဲဝမ်းနည်းခြင်း ဖြစ်ရသည်။ အိမ်ကို လွမ်းဆွတ်တမ်းတခြင်းလည်း ဖြစ်ရ၏။ အမှန်တော့ ကျွန်တော့်တွင် အိမ်ပြန်ရန်လည်း စရိတ်ငွေမရှိ၊ တခြား တစ်နေရာသို့ သွားနေရန်လည်း စရိတ်ငွေမရှိ။

မည်သို့ပင်ဖြစ်စေ. . . ကျွန်တော်သည် တစ်နည်းနည်းနှင့်တော့ ငွေရအောင် အကြံအဖန်လုပ်နိုင်ဖို့ နည်းလမ်းရှာရမည်။

ကျွန်တော့်တွင် အတော်အသင့် အဖိုးတန်လိမ့်မည်ဟု ယူဆရသော

mgyoe.com

mgyoe.com


ကုတ်အင်္ကျီဟောင်းတစ်ထည် ရှိသည်။ ထိုကုတ်အင်္ကျီကို ရောင်းလျှင် ခရီးစရိတ်ငွေတော့ ရနိုင်မည်ထင်၏။ ကျွန်တော်သည် အင်္ကျီဟောင်းကိုရောင်းရန် ဆုံးဖြတ်လိုက်သည်။ ကျွန်တော့်တွင် ကလေးသူငယ်များ၌ ရှိတတ်သည့် မာန်မာနကလည်း ရှိနေသည်ဖြစ်ရာ ကျွန်တော့်လက်ထဲ ငွေမရှိ၍ ဘယ်ကိုမှ မသွားနိုင်သည့် အဖြစ်ကို အခြားကျောင်းသားများ မသိစေချင်။ သို့ဖြစ်ရာ ကုတ်အင်္ကျီကို ကျောင်းသားချင်း မရောင်းလို။

ထို့ကြောင့် ဟင်ပတန်မြို့ထဲသို့သွား၍ အင်္ကျီကိုရောင်းရန် ကြိုးစားသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် လူမည်းတစ်ယောက်က ကျွန်တော့်အခန်းသို့ လာ၍ အင်္ကျီကိုကြည့်ရန် သဘောတူသည်။

ကျွန်တော် များစွာဝမ်းသာ အားတက်သွားသည်။ နောက်တစ်နေ့ မနက်တွင် မနေ့က ကျွန်တော့်အင်္ကျီကို ဝယ်မည်ဟု ကတိပေးထားသူ ရောက်လာလျှင် သူသည် အင်္ကျီကို စေ့စေ့စပ်စပ်ကြည့်ပြီးသော် ဘယ်လောက်နှင့် ရောင်းမှာလဲဟု မေးသည်။

ကျွန်တော်က သုံးဒေါ်လာခန့် တန်လိမ့်မည်ဟု ထင်ကြောင်းပြောပါသည်။ သူသည် ကျွန်တော်ပြောသည့် ဈေးနှုန်းကို လက်ခံပုံပေါက်သော်လည်း လက်တွေ့တွင်မူ တစ်မျိုးဖြစ်နေသည်။

"ငါပြောမယ်. . . မင်း ဒီလိုလုပ်နိုင်မလား။ ငါ အင်္ကျီကို ယူမယ်။ အခု ငါးဆင့်ပေးမယ်။ ကျန်တဲ့ငွေကို အဆင်ပြေပြေချင်း လာပေးမယ်။ ဘယ့်နှယ်လဲ" ဟုပြောသည်။

ထိုစကားကြားရသည့်အခါ ကျွန်တော့်ရင်ထဲ မည်သို့ခံစားရသည်ကို ခန့်မှန်းကြည့်လျှင် သိနိုင်ပါသည်။

ကျွန်တော်သည် စိတ်ဓာတ်အကြီးအကျယ် ကျသွားသည်။ ကျောင်းပိတ်ရက်အတွင်း ဟင်ပတန်မြို့မှ တစ်နေရာရာသို့ သွားမည်ဟူသော စိတ်ကူးကို ချက်ချင်းစွန့်လွှတ်လိုက်ပါသည်။ သို့သော်လည်း လိုအပ်နေသည့် အင်္ကျီ အဝတ်အစားနှင့် အခြားလိုအပ်သည့်အရာများ ဝယ်နိုင်ရန် အလုပ်ကလေး တစ်ခု ရချင်စိတ်ကတော့ ပြင်းထန်ဆဲ။

နောက်ရက်အနည်းငယ်မျှအတွင်း ကျောင်းသားများနှင့် ဆရာ၊ ဆရာမများအားလုံးလိုလိုပင် အိမ်ပြန်သွားကြသည်။ ကျွန်တော်သည် တိုး၍ပင်

mgyoe.com

mgyoe.com


စိတ်ဓာတ်ကျကာ ယောင်ချာချာဖြစ်၍ ကျန်ရစ်ခဲ့ပါသည်။

ကျွန်တော်သည် ဟင်ပတန်မြို့ထဲနှင့် အနီးအနားပတ်ဝန်းကျင်တွင် အလုပ်တစ်ခုရအောင် လိုက်လံရှာဖွေခဲ့သည်။ နောက်ဆုံးတွင် 'ဖို့ထရက်စ် မွန်ရိုး' ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ အလုပ်ရသည်။

လုပ်ခမှာနည်းသော်လည်း ညပိုင်းတွင် စာကျက်ချိန်နှင့် စာဖတ်ချိန် များစွာရခဲ့သည်။ နွေရာသီ ကျောင်းပိတ်ရက်အတွင်း ကျွန်တော်သည် ပညာရေးဘက်၌ များစွာတိုးတက်အောင် အားထုတ်နိုင်ခဲ့ပါသည်။

ကျွန်တော်၏ကျောင်းသက် ပထမနှစ် ကုန်ဆုံးချိန်တွင် ကျွန်တော်သည် ကျောင်းသို့ပေးဆပ်ရန် ငွေဆယ့်ခြောက်ဒေါ်လာ ကြွေးတင်ခဲ့သည်။ ထိုငွေ ပြန်လည်ပေးဆပ်နိုင်ရန် ယခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် မရမနေ စုထားမည်ဟု ကျွန်တော်ဆုံးဖြတ်ထားသည်။ ဤကြွေးသည် မဆပ်၍မဖြစ် သောကြွေးဟု ကျွန်တော် သတ်မှတ်ထားသည်။

ထိုကြွေးကို ပေးဆပ်နိုင်သည့်အခြေအနေ မရှိပါက ကျောင်းပြန်နေဖို့ပင် စိတ်မကူးဝံ့ပါ။ ကျွန်တော်သည် အသုံးအစွဲကို အစွမ်းကုန်ချွေတာရန် ကြိုးစားသည်။ သို့သော်လည်း နွေကျောင်းပိတ်ရက် ကုန်ဆုံးသွားချိန်တွင် ကျွန်တော့်လက်ထဲ၌ ဆယ့်ခြောက်ဒေါ်လာ မရသေးပါ။

ကျွန်တော် စားသောက်ဆိုင်၌ အလုပ်လုပ်နေရသည့် နောက်ဆုံး သီတင်းပတ်အတွင်း တစ်ရက်တွင် ကျွန်တော်သည် ဆိုင်ခန်းထဲရှိ စားပွဲ တစ်လုံးအောက်မှ ဆယ်ဒေါ်လာတန်ငွေ စက္ကူအသစ်စက်စက်လေး တစ်ရွက် ကောက်တွေ့သည်။

ကျွန်တော် ပျော်လိုက်သည်မှာ ဖော်မပြနိုင်လောက်အောင်ပင် ဖြစ်သည်။ သို့သော်လည်း ဤနေရာသည် ကျွန်တော်ပိုင် နေရာမဟုတ်သဖြင့် ပိုင်ရှင်ကို တော့ အသိပေးဖို့ ပြဖို့လိုလိမ့်မည်ဟု ကျွန်တော်ထင်မိပါသည်။

ကျွန်တော်သည် ဆိုင်ရှင်အား ငွေစက္ကူကိုပြကာ အကျိုးအကြောင်း ပြောပြသည်။ သူလည်း ကျွန်တော့်လိုပင် ဝမ်းသာနေဟန်ရှိ၏။

သို့သော်လည်း သူက ဤနေရာသည် သူ့ဆိုင်တွင်းဖြစ်သဖြင့် ဤငွေကို သူပိုင်ဆိုင်ကြောင်းပြောကာ ငွေစက္ကူကို ယူထားပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် ဤလုပ်ရပ်သည်လည်း ကျွန်တော့်အတွက် ပြင်းထန်သော

mgyoe.com

ထိုးနှက်ချက်တစ်ခုပင် ဖြစ်ပါသည်။

ကျွန်တော် အခုလိုပြောခြင်းသည် စိတ်အားပျက်သွားသည်ဟု ဆိုခြင်း မဟုတ်ပါ။ ကျွန်တော်၏ဘဝနောက်ကြောင်းကို ပြန်ပြောင်းဆင်ခြင်ကြည့်သည့်အခါ မည်သည့်ကိစ္စရင်ဆိုင်ရ ရင်ဆိုင်ရ စိတ်အားပျက်ခြင်းတော့ မဖြစ်ခဲ့ဖူးပါ။ မည်သည့်အလုပ်ကို လုပ်လုပ် ငါအောင်မြင်ရမည်ဟူသော စိတ်ဖြင့်သာ လုပ်ခဲ့ပါသည်။ လူတစ်ယောက်ဘာကြောင့် မအောင်မမြင် ဖြစ်နိုင်သည်ဟူသော စကားမျိုးပြောလာလျှင် စိတ်ရှည်ရှည်နှင့်သည်းခံပြီး နားထောင်နိုင်စွမ်းမရှိပါ။

ဘယ်လို အောင်မြင်နိုင်မည်ဟူသော စကားမျိုးပြောသူဆိုလျှင် ကျွန်တော် အထင်အမြင်ကြီးတတ်၊ လေးစားတတ်ပါသည်။ ကျွန်တော်သည် ဖြစ်လာသည့်အခြေအနေကို ဖြစ်လာသည့်အတိုင်း ရင်ဆိုင်ရန် ဆုံးဖြတ်ထားသူ ဖြစ်ပါ၏။

စားသောက်ဆိုင်တွင် နောက်ဆုံးသီတင်းပတ် ကုန်သွားသည့်အခါ ကျွန်တော်သည် ဟင်ပတန်ကျောင်းမှ ဘဏ္ဍာထိန်း ဗိုလ်ချုပ်မာရှယ်ထံ ကိုယ်တိုင်သွား၍ တွေ့သည်။

ကျွန်တော့်အခြေအနေကို အမှန်အတိုင်းပြောပြသည်။ ဗိုလ်ချုပ်မာရှယ်က ကျွန်တော့်အား ကျောင်းသို့ ပြန်လည်ဝင်ရောက်နိုင်ကြောင်း ကျန်ရှိသည့်အကြွေးကို အဆင်ပြေသည့်အခါ ပေးဆပ်လိမ့်မည်ဟု သူ ယုံကြည်ကြောင်း ပြောပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် ဟင်ပတန်ကျောင်းတွင် ဒုတိယနှစ်ကျောင်းသား ဖြစ်လာခဲ့ပါသည်။ ပထမနှစ်တုန်းကလိုပင် အဆောက်အဦ ထိန်းသိမ်းကြီးကြပ်ရေး အလုပ်ကိုဆက်၍ လုပ်ခဲ့ရပါသည်။

ဟင်ပတန်ကျောင်း၌ ပညာသင်ကြားနေခဲ့ရစဉ်အတွင်း ပြဌာန်းစာအုပ်များထဲမှ ပညာကိုသာမက ပတ်ဝန်းကျင်အခြေအနေများထဲမှ ပညာကိုလည်း တစ်စိတ်တစ်ပိုင်းမျှ ရရှိသည်။

ဒုတိယနှစ်တွင် ကျွန်တော်သည် ကျောင်းဆရာ၊ ဆရာမများ၏ တစ်ကိုယ်ကောင်းမဆန်မှုကို အထူးတလည် သတိထားခဲ့မိ၏။

ဤပုဂ္ဂိုလ်များ အနေဖြင့် သူတို့၏ကိုယ်ကျိုးစီးပွားကို မငဲ့ကွက်

mgyoe.com


မထောက်ထားဘဲ အခြားလူများကူညီစောင့်ရှောက်ပေးနေသည့် လုပ်ငန်းတွင် ဘာကြောင့် ပျော်ရွှင်နေကြပါသနည်း။ ဤအချက်ကို ကျွန်တော် နားမလည်နိုင်အောင်ဖြစ်နေပါသည်။

သို့တစေလည်း ဒုတိယနှစ်မကုန်ခင်မှာပင် တစ်ပါးသူများအတွက် အလုပ်များများ လုပ်ပေးနေကြသူများသည် အပျော်ရွှင်ဆုံးလူများဖြစ်သည်ကို ကျွန်တော်နားလည်သဘောပေါက်စ ပြုလာသည်။

ဤသင်ခန်းစာသည် ကျွန်တော့်စိတ်တွင် အခိုင်အမာ စွဲမြဲလာခဲ့သည်ဖြစ်ရာ ထိုအချိန်မှစ၍ ကျွန်တော်သည် ထိုသင်ခန်းစာကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် အမြဲတစေ ကြိုးပမ်းအားထုတ်ခဲ့ပါသည်။

ဟင်ပတန်ကျောင်း၌ နေစဉ်အတွင်း ရရှိခဲ့သည့်နောက် သင်ခန်းစာတစ်ခုမှာ ကျောင်းတွင်မွေးမြူထားသည့် မျိုးကောင်းမျိုးသန့် ကျွဲနွားများ၊ ဘဲများ၊ ကြက်များနှင့် ဆက်စပ်ပတ်သက်နေသော အလုပ်များလုပ်ရခြင်း ဖြစ်သည်။

ဤအလုပ်လုပ်ခွင့်မရခဲ့သော ကျောင်းသားတစ်ယောက်အဖို့ လက်တွေ့ ဘဝ လောကထဲ ဝင်ရောက်သွား၍ အနိမ့်ကျဆုံး၊ အဆင်းရဲဆုံးအလုပ်များ လုပ်ရသည့်အခါ သူ့ဘဝသူ မကျေမနပ်ဖြစ်နေဖို့သာ ရှိပါသည်။

ကျွန်တော် ဒုတိယနှစ်တွင် ရရှိခဲ့သည့် အဖိုးအတန်ဆုံးသော သင်ခန်းစာမှာ သမ္မာကျမ်းစာ၏အနှစ်သာရကို သိရှိနားလည်လာခြင်းဖြစ်သည်။

ကျွန်တော့်အား သမ္မာကျမ်းစာကို အသုံးပြုတတ်အောင်၊ ချစ်တတ်လာအောင် သင်ကြားပေးသူမှာ မီချိဂန်ပြည်နယ်၊ ပို့တင်လင်မြို့သူ၊ ဆရာမ မစ္စ နသာလီလော့ ဖြစ်ပါသည်။

သူ သင်ကြားပြသခြင်း မပြုမီက ကျွန်တော်သည် သမ္မာကျမ်းစာကို သိပ်ပြီး ဂရုမပြုမိခဲ့ပါ။ အခုကျတော့လည်း သမ္မာကျမ်းစာ စာအုပ်ကို စိတ်ပိုင်းဆိုင်ရာ အေးချမ်းသာယာမှုအတွက်သာမက စံပြုလောက်သည့် စာပေအရေးအသားများကို တတ်သိနားလည်လာရန်အတွက်ပါ ရှေးရှု၍ ဖတ်ရှုခြင်း ပြုခဲ့ပါသည်။

ယနေ့အချိန်အထိ ကျွန်တော်သည် မည်မျှပင် အလုပ်များများ... သမ္မာကျမ်းစာထဲမှ အခန်းတစ်ခန်း (သို့မဟုတ်) အပိုဒ်တချို့ကို မဖတ်ဘဲမနေ။

mgyoe.com

mgyoe.com


နေ့စဉ်မှန်မှန် ဖတ်ဖြစ်အောင် စည်းကမ်းချက်တစ်ချက်အဖြစ် ချမှတ်ထားပါသည်။

အထူးသဖြင့် တစ်နေ့တာ အလုပ်ခွင်မဝင်မီ နံနက်စောစောပိုင်းသည် ကျွန်တော်၏ သမ္မာကျမ်းစာဖတ်ချိန် ဖြစ်ပါ၏။

အကယ်၍ ကျွန်တော့်တွင် ပရိသတ်အား ဟောပြောနိုင်သည့်စွမ်းရည် ရှိသည် ဆိုငြားအံ့ ထိုစွမ်းရည်သည် မစ္စလော့၏ကျေးဇူးကြောင့် ရရှိလာခြင်းဖြစ်သည်ဟုဆိုလျှင် မှားနိုင်အံ့မထင်ပါ။

ပရိသတ်အား ဟောပြောရသည့် အလုပ်မျိုးတွင် ကျွန်တော် ဝါသနာရှိနေသည်ကို ရိပ်မိသော မစ္စလော့သည် ဟောပြောသည့်အခါ လိုက်နာကျင့်သုံးရမည့် အသက်ရှူပုံရှူနည်း၊ အလေးအနက်ထား၍ ပြောဆိုတတ်မှုနှင့် ပီပီသသ ရှင်းလင်းပြတ်သားစွာ ပြောဆိုမှုစသည့် အလေ့အကျင့်များကို စနစ်တကျ သင်ကြားပြသပေးပါသည်။

ပရိသတ်ရှေ့တွင် စကားပြောရရုံ သက်သက်တော့ဖြင့် ကျွန်တော် စိတ်ဝင်စားခြင်းမရှိပါ။ အများအတွက် အကျိုးမရှိနိုင်သော စကားများကို ပရိသတ်အကြိုက်လိုက်၍ နာမည်ကျော်ကြားရုံမျှ ဟောပြောခြင်းမျိုးကိုလည်း အောင်မြင်မှုဟု ကျွန်တော် မယူဆပါ။

ငယ်ငယ်ကတည်းက ကျွန်တော်သည် ကမ္ဘာကြီးအတွက် ကောင်းသော အရာများ လုပ်ပေးလိုသော ဆန္ဒရှိခဲ့သည်ဖြစ်ရာ ထိုအရာများကို လူအများ သိနားလည်အောင် ဟောပြောလိုခြင်းမျှသာ ဖြစ်ပါသည်။

ဟင်ပတန်ကျောင်းရှိ စကားရည်လုပွဲ အသင်းများသည် ကျွန်တော် အလွန်စိတ်ဝင်စားသည့် အသင်းများဖြစ်သည်။ စကားရည်လုပွဲများကို စနေနေ့ညနေတိုင်း ကျင်းပသည်ဖြစ်ရာ ကျောင်းသက်တစ်လျှောက်လုံး ကျွန်တော် တစ်ပွဲမှ မလွတ်ခဲ့ပါ။

ကျွန်တော်သည် အပတ်စဉ်ကျင်းပသည့် စကားရည်လုပွဲများကိုသာ မှန်မှန်တက်ရောက်ခဲ့သည် မဟုတ်။ ယင်းလုပ်ငန်းတွင် ပါဝင်လှုပ်ရှားလာကြရန်အတွက် မိမိသဘောအလျောက် စည်းရုံးလှုံ့ဆော်ခြင်းများကိုလည်း ပြုခဲ့သည်။

ညစာစားပြီးချိန်နှင့် စာကျက်ချိန်မကျမီ ကြားကာလသည် မိနစ်နှစ်

mgyoe.com